Glad Tidings

Bible Studies

www.gladtidings-bs.com

# ဝမ်းမြောက်ဖွယ်ရာသတင်း သမ္မာကျမ်းစာလေ့လာခြင်း
# ရှင်လုကာခရစ်ဝင်ကျမ်း

Mailis Janatuinen

ဝမ်းမြောက်ဖွယ်သတင်းစကား သမ္မာကျမ်းစာလေ့လာခြင်း (၁)
ရှင်လုကာခရစ်ဝင်ကျမ်း
Glad Tidings Bible studies (1) The Gospel of Luke

စာရေးသူ- Mailis Janatuinen

ဘာသာပြန်- Elizabeth Ram Thangzeli

ထုတ်ဝေသည့်ရက်စွဲ– အောက်တိုဘာ ၂၀၁၉

ဝမ်းမြောက်ဖွယ်သတင်းစကား သမ္မာကျမ်းစာလေ့လာခြင်း
အမှတ် ၈၆၊ ၅လွှာ အေ၊ အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
Phone - 09979630572
Email - ladtidingsbs.myanmar@gmail.com

ပုံနှိပ်တိုက် — မြန်မာနိုင်ငံနှစ်ခြင်းအသင်းချုပ် (MBC)

Copyright © Glad Tidings bible studies

မြန်မာနိုင်ငံမှ ခရစ်တော်၌ ညီအစ်ကိုမောင်နှမများထံသို့

သခင်ယေရှုခရစ်တော်၏နာမ၌ အားလုံးကို နှုတ်ခွန်းဆက်သပါတယ်။ မြန်မာနိုင်ငံမှာလည်း ဤဝမ်းမြောက်ဖွယ်ရာသတင်း ဆွေးနွေးချက် မေးခွန်းများကို အသုံးပြုနေပြီဖြစ်ကြောင်းသိရတဲ့အတွက် အလွန်ဝမ်းသာမိပါသည်။ ဤသာသနာ လုပ်ငန်းကို ဘုရားသခင်က ဦးဆောင်လမ်းပြနေကြောင်း မြင်တွေ့ရသည်မှာ အလွန် အံ့သြဝမ်းမြောက်ဖွယ် ကောင်းလှပါသည်။ ဝမ်းမြောက်ဖွယ်ရာသတင်း သမ္မာကျမ်းစာ လေ့လာခြင်း မေးခွန်းများကို ယခုအခါ ဘာသာစကားပေါင်း (၃၂)ခုသို့ ဘာသာပြန်ဆို ပြီးကာ ကမ္ဘာတစ်ဝှမ်းတွင် အသုံးပြုနေပြီ ဖြစ်သည်။

ဤဝမ်းမြောက်ဖွယ်ရာသတင်း ဆွေးနွေးချက် မေးခွန်းများကို အသုံးပြုသော သမ္မာကျမ်းစာလေ့လာသည့် အဖွဲ့တိုင်းတွင် ဘုရားသခင် အတူပါရှိတော်မူမည့်အကြောင်း ကျွန်မ ဆုတောင်းပေးနေပါသည်။ သခင်ယေရှု ကိုယ်တော်တိုင် သူ၏နာမအားဖြင့် လူနှစ်ဦး သို့မဟုတ် သုံးဦး စုဝေးကြသည့်နေရာတွင် ကိုယ်တော်ကိုယ်တိုင် အတူပါရှိမည် ဖြစ်ကြောင်း ဂတိထားတော်မူခဲ့သည် မဟုတ်ပါလော။

နှုတ်ကပတ်တော်အားဖြင့် အယောက်စီတိုင်းအပေါ် ဘုရားသခင် ကောင်းကြီး မင်္ဂလာကြွယ်ဝစွာ ချပေးတော်မူပါစေသော။

Mailis Janatuinen

## စာရေးသူ၏အတ္ထုပ္ပတ္တိအကျဉ်း

Mailis Janatuinen (၁၉၄၉ဖွား)သည် ဖင်လန်နိုင်ငံသူ သီအိုလိုဂျီပညာရှင်၊ သာသနာ ပြုဆရာမနှင့် စာရေးဆရာမ ဖြစ်သည်။ ဆရာမသည် ဂျပန်နိုင်ငံနှင့် ဖင်လန်နိုင်ငံတွင် သမ္မာကျမ်းစာ သင်ကြားပေးသူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ သမ္မာကျမ်းစာမှ ပုဂ္ဂိုလ်များအကြောင်း စာအုပ်များစွာ ရေးသားခဲ့သည်။ ဆရာမသည် ဝမ်းမြောက်ဖွယ်ရာ သတင်းသမ္မာကျမ်းစာလေ့လာခြင်း (Glad Tidings Bible Studies series) ကို ရေးသားထုတ်ဝေခဲ့ပြီး ယခုအခါ ဘာသာစကား ၃၀ကျော်သို့ ဘာသာပြန်ဆိုပြီး ဖြစ်ပါသည်။ www.gladtidings-bs.com တွင် လေ့လာနိုင်ပါသည်။

## ဤစာအုပ်ကို အသုံးပြုနည်း

ဤစာအုပ်တွင် ကျမ်းပိုဒ်တစ်ခုချင်းစီ၌ မေးခွန်းများစွာပါဝင်သည်။ သမ္မာကျမ်းစာလေ့လာခြင်း အပိုင်းတစ်ခုစီကိုဆွေးနွေးရန် အနည်းဆုံးအချိန် ၄၅မိနစ်ခန့် လိုအပ်သည်။ အကယ်၍ ပါဝင်သောသူများသည် အလွန်တက်ကြွစွာ ပါဝင်ဆွေးနွေးကြပါက မေးခွန်းအချို့ကို သင်ကျော်သွားနိုင်သည်။ သို့သော်လည်း ကျမ်းစာပိုဒ်၏အဓိကသတင်းစကားကိုရနိုင်ရန်အတွက် မေးခွန်းနံပါတ်အားလုံးကို စုံလင်အောင်ဆွေးနွေးနိုင်ပါက အကောင်းဆုံးဖြစ်သည်။ ထို့ကြောင့် မေးခွန်းနံပါတ်တစ်ခုစီမှ အနည်းဆုံး မေးခွန်းတစ်ခုခန့်ကို အသုံးပြု၍ဆွေးနွေးပါ။ ထို့အပြင် လက်ဝါးကပ်တိုင်၏ရွေးနှုတ်ခြင်းအကြောင်းကို ဆွေးနွေးဖို့ရန် အလွန်အရေးကြီးသည်။ အဆုံးသတ်တွင် ဖတ်ရှုရန်ကျမ်းပိုဒ်ပါလာပါက အခြားသူများဆင်ခြင်နိုင်ရန်အတွက် အသံထွက်၍ဖြည်းညင်းစွာ နှစ်ကြိမ်ဖတ်ပေးပါ။

# မာတိကာ


၁။ အပျိုကညာမှ သားဖွားမြင်ခြင်း (လုကာ ၁း၂၆–၃၈)........................................3

၂။ လယ်ပြင်မှသိုးထိန်းများ (လုကာ ၂း၈–၂၀)..................................................5

၃။ အန္နနှင့်ရှုမောင် (လုကာ ၂း၂၅–၃၈)..........................................................7

၄။ ဆယ်ကျော်သက်ရှယ်ယေရှု (လုကာ ၂း၄၀–၅၂)..............................................9

၅။ ဗတ္တိဇံဆရာယောဟန်၏ ဟောပြောသွန်သင်ခြင်း (လုကာ ၃း၇–၂၀).......................11

၆။ သခင်ယေရှု၏သာသနာပထမဆုံးနေ့ (လုကာ ၄း၃၁–၁၇)....................................13

၇။ ငါးအမြောက်အမြားဖမ်းမိခြင်း (လုကာ ၅း၁–၁၁)...... .......................................16

၈။ မည်သူသည် အမှန်တကယ် ပျော်ရွှင်သောသူနည်း (လုကာ ၆း၂၀–၂၆)..................18

၉။ သင်၏ရန်သူကိုချစ်လော့ (လုကာ ၆း၂၇–၃၈)....................................................20

၁၀။ သင့်ဘဝ၏အခြေခံအုတ်မြစ် (လုကာ ၆း၄၅–၄၉) ...........................................22

၁၁။ နာဣနမြို့မှ မုဆိုးမ (လုကာ ၇း၁၁–၁၇).....................................................24

၁၂။ များစွာခွင့်လွှတ်ခြင်းခံရသောအမျိုးသမီး (လုကာ ၇း၃၆–၅၀)..............................26

၁၃။ မျိုးစေ့ကြဲခြင်း ပုံဥပမာ (လုကာ ၈း၄–၁၅)....................................................28

၁၄။ ကိုယ်တော့်နောက်သို့ ကျွန်ုပ်လိုက်ပါမည် (လုကာ ၉း၅၇–၆၂) ...........................30

၁၅။ ကောင်းကင်စာရင်းဝင်သောနာမများ (လုကာ ၁၀း၁၇–၂၀) ................................32

၁၆။ ကောင်းသောရှမာရိလူ (လုကာ ၁၀း၂၅–၃၇) ....................................................34

၁၇။ တစ်ခုတည်းသော လိုအပ်သည့်အရာ (လုကာ ၁၀း၃၈–၄၂) ...............................37

၁၈။ ငါးလား၊ မြွေလား (လုကာ ၁၁း၅–၁၃)..........................................................39

၁၉။ မိုက်မဲသောသူဌေး (လုကာ ၁၂း၁၃–၂၁)........................................................41

၂၀။ သစ္စာရှိသောကျွန်နှင့် သစ္စာမရှိသောကျွန် (လုကာ ၁၂း၃၅–၄၈) .........................43

၂၁။ အသီးမသီးသော သင်္ဘောသဖန်းပင် (လုကာ ၁၃း၆–၉) .....................................45

၂၂။ ခါးကုန်းသောအမျိုးသမီး (လုကာ ၁၃း၁၀–၁၇) ..................................................37

၂၃။ ကျဉ်းသောတံခါး (လုကာ ၁၃း၂၂–၃၀) ........................................................49
၂၄။ ကြီးမားသောစားသောက်ပွဲ (လုကာ ၁၄း၁၂–၂၄) ............................................51
၂၅။ ပျောက်သောသိုး (လုကာ ၁၅ း၁–၇) ..........................................................53
၂၆။ ပျောက်သောသား (လုကာ ၁၅း၁၁–၂၄). ........................................................55
၂၇။ အခြားသော ပျောက်သောသား (လုကာ ၁၅း၂၅–၃၂) .......................................58
၂၈။ သူဌေးကြီးနှင့် လာဇရု (လုကာ ၁၆း၁၉–၃၁)........................................................61
၂၉။ နူနာရောဂါသည် ဆယ်ဦး (လုကာ ၁၇း၁၁–၁၉)................................................63
၃၀။ လက်မလျှော့သော မုဆိုးမ (လုကာ ၁၈း၁–၈)......................................................65
၃၁။အဘယ်သူသည် ဖြောင့်မတ်သောသူနည်း (လုကာ ၁၈း၉–၁၄) .............................67
၃၂။သခင်ယေရှုသည် အခွန်ခေါင်းတစ်ဦးနှင့်တွေ့ဆုံခြင်း (လုကာ ၁၉း၁–၁၀) ............69
၃၃။ နောက်ဆုံးသော ပုံဥပမာ (လုကာ ၂၀း၉–၁၉)......................................................72
၃၄။ မုဆိုးမ၏အလှူ (လုကာ ၂၁း၁–၄)........................................................................74
၃၅။ ပေတရုက သူ့သခင်အားငြင်းပယ်ခြင်း (လုကာ ၂၂း၃၁–၃၃နှင့် ၅၄–၆၂) ............76
၃၆။ ပရတိသုဘုံ ပွင့်လစ်ခြင်း (လုကာ ၂၃း၃၂–၄၃)....................................................78
၃၇။ ဧမောက်သို့သွားရာလမ်း၌ (လုကာ ၂၄း၁၃–၃၅)................................................80
၃၈။ တိုင်းနိုင်ငံအားလုံးသို့ (လုကာ ၂၄း၄၄–၅၃).........................................................82
ဝမ်းမြောက်ဖွယ်ရာသတင်း သမ္မာကျမ်းစာလေ့လာခြင်း ................................................84

## ၁။ အပျိုကညာမှ သားဖွားမြင်ခြင်း (လုကာ ၁း၂၆–၃၈)

**နောက်ခံသမိုင်း။** ဤအရာများ ဖြစ်ပျက်သောအချိန်တွင် မာရိသည် အသက် ၂၀အောက် အရွယ် မိန်းမပျိုလေးဖြစ်ခဲ့သည်။ သူမသည် လက်သမားတစ်ဦးဖြစ်သော ယောသပ်နှင့် လက်ထပ်ရန် စေ့စပ်ထားပြီးဖြစ်သည်။ ဓမ္မဟောင်းအရ လက်မထပ်မီ အတူနေခြင်းကို ပြင်းထန်စွာ ပိတ်ပင်တားမြစ်ထားသည်။

**၁။ မာရိတွင် မည်သို့သောအကျင့်စာရိတ္တမျိုးရှိသနည်း။ ဤကျမ်းပိုဒ်အရ မည်သို့ ကောက်ချက်ချနိုင်သနည်း။**
**– ဘုရားသခင်နှင့် မာရိကြားဆက်ဆံရေးသည် မည်သို့သော အခြေအနေရှိသနည်း။**
– နာဇရက်မြို့ငယ်လေးရှိ မာရိ၏နေ့စဉ်အသက်တာကို စိတ်ကူးယဥ်ကြည့်ပါ။ ပျော်ရွှင်စရာများနှင့် ဝမ်းနည်းဖွယ်ရာ မည်သည့်အချက်များရှိမည်နည်း။

**၂။ ဘုရားသခင်သည် အဘယ်ကြောင့် ဤအမျိုးသမီးငယ်အား သူ့သားတော်၏မိခင် အဖြစ် ရွေးချယ်တော်မူခဲ့သနည်း။**
– ကောင်းကင်တမန်၏နှုတ်ဆက်ခြင်းကို မာရိက အဘယ်ကြောင့် ထိုကဲ့သို့ တုန့်ပြန်ခဲ့သနည်း။ ဖြစ်နိုင်ခြေ အကြောင်းရင်းအမျိုးမျိုး တွေးကြည့်ပါ။

**၃။ ဘုရားသခင်က ဂါဗြေလအား မာရိထံသို့ စေလွှတ်ရသောအကြောင်းရင်းမှာ အဘယ် နည်း။**
– အပိုဒ်ငယ် ၃၂–၃၃ ကိုဖတ်ပါ။ မာရိသည် သူမ ဖွားမြင်မည့် ကလေးသူငယ်နှင့် ပတ်သတ်၍ မည်သည့်အရာများကို သိခဲ့ရသနည်း။ သင်၏ပြောစကားဖြင့် ပြောကြည့်ပါ။

**၄။ မာရိသည် အပျိုကညာဖြစ်သည်။ သူမအတွက် အပျိုကညာမှသားဖွားမြင်ခြင်းကို ယုံကြည်ဖို့ရန် သက်သေအထောက်အထား တစ်စုံတစ်ခုမျှမရှိဘဲလျက် ထိုအရာကို မည်သို့ ယုံကြည်ခဲ့သနည်း။ (အခြားနည်းဖြင့် ပြောရလျှင်၊ သူမ၏ခန္ဓာကိုယ်တွင် ကိုယ်ဝန်ဆောင်သည့် လက္ခဏာတစ်စုံတစ်ခုမျှမရှိသေးမီ မည်သို့ ယုံကြည်နိုင်ခဲ့ သနည်း။)**
– အဘယ်ကြောင့် ယခုခေတ် များစွာသောသူတို့သည် အပျိုကညာ သားဖွားမြင်ခြင်းကို မယုံကြည်နိုင်ကြသနည်း။

**၅။ ရှင်မဿဲခရစ်ဝင်ကျမ်းအရ ယောသပ်သည်လည်း အစတွင် အပျိုကညာ သားဖွားမြင်ခြင်းကိုယုံကြည်ရန် အလွန်အခက်တွေ့ခဲ့သည်။ မာရိသည် သခင်ယေရှု၏မိခင်အဖြစ် ဝမ်းနည်းဖွယ်ရာ အမှုအရာများက ရှေ့တွင်စောင့်ကြိုနေကြောင်းကိုသိခဲ့ပါက ဘုရားသခင်၏ခေါ်တော်မူခြင်းကို လက်ခံခဲ့မည်ဟု သင် ထင်ပါသလား။**

၆။ တခါတရံ သင်၏ပြဿနာများသည် ဘုရားသခင်အတွက်ပင်လျှင် ဖြေရှင်းရန်ခက်ခဲသည်ဟု သင်ခံစားကောင်း ခံစားမိပေလိမ့်မည်။ အပိုဒ်ငယ် ၃၇ကို ဖတ်ပြီး သင့်ပြဿနာများနှင့် ဆက်လျဉ်း၍ ဆင်ခြင်ကြည့်ပါ။ သင်၏လက်ရှိအခြေအနေတွင် ဤကျမ်းပိုဒ်သည် မည်သို့ အဓိပ္ပာယ်ရှိသနည်း။

၇။ နှစ်ပေါင်းသုံးဆယ်ကျော်ကြာပြီးနောက် မာရိသည် သူ့သားတော်၏လက်ဝါးကပ်တိုင်ခြေရင်းတွင် မတ်တပ်ရပ်ခဲ့ရသည်။ ထိုအချိန်တွင် မာရိသည် အပိုဒ်ငယ် ၃၂–၃၃ရှိ ဘုရားသခင်၏ဂတိတော်နှင့် ပတ်သတ်၍ မည်ကဲ့သို့တွေးတောလိမ့်မည်ဟု သင် ထင်ပါသနည်း။

၈။ ကျေးဇူးတော်နှင့်ပြည့်ဝသော်လည်း တစ်ချိန်တည်းတွင် နာကျင်ခံစားမှုနှင့်ပြည့်ဝသည့် မာရိကဲ့သို့သော အသက်တာမျိုးကို ဘုရားသခင်က သင့်အားပေးလိုပါက သင် မည်ကဲ့သို့ တုန့်ပြန်မည်နည်း။

## ၂။ လယ်ပြင်မှသိုးထိန်းများ (လုကာ ၂း၈–၂၀)

**နောက်ခံသမိုင်း။** သခင်ယေရှု၏ခေတ်အခါတွင် သိုးထိန်းများသည် ဥပုသ်နေ့ကို မစောင့်ထိန်းနိုင်ကြသောကြောင့် လူများ၏အထင်မြင်သေးခြင်းကို ခံရကြသည်။ ဥပမာအားဖြင့် သူတို့အား တရားရုံးတွင် သက်သေအဖြစ်ရပ်ခွင့် မပေးခဲ့ကြပေ။ ဓမ္မဟောင်းတွင် ကောင်းကင်တမန်များသည် အာဗြဟံ၊ ယေဇကျေလနှင့် ဒံယေလ အစရှိသော ကြီးမြတ်သည့် ပုဂ္ဂိုလ်များထံသို့သာ ကိုယ်ထင်ပြခဲ့ကြသည်။

**၁။ ယုဒတောင်တန်းတွင်နေကြသော ဤသိုးထိန်းများ၏နေ့စဉ်ဘဝကို တွေးဆကြည့်ပါ။ သူတို့သည် မည်သို့သော ပျော်ရွှင်ဖွယ်ရာ၊ ဝမ်းနည်းဖွယ်ရာများကို ကြုံတွေ့ရမည်နည်း။**
– ဘုရားသခင်၏ပညတ်တော်ကို မစောင့်ရှောက်နိုင်ကြသောသိုးထိန်းများနှင့် ထိုဘုရားသခင်ကြား ဆက်ဆံရေးမှာ မည်သို့ဖြစ်မည်ဟု သင်ထင်ပါသနည်း။

**၂။ ယေရုရှလင်မြို့သည် ဗက်လင်မြို့နှင့် အလွန်နီးပြီး ထိုမြို့တွင် ဘာသာရေးလိုက်စားသည့် သူများစွာနေထိုင်ကြသည်။ ကောင်းကင်တမန်များသည် သိုးထိန်းများထံသို့ သွားမည့်အစား အဘယ်ကြောင့် ထိုမြို့ရှိ အခြားတစ်ယောက်ယောက်ထံတွင် ကိုယ်ထင်ရှား မပြခဲ့ကြသနည်း။**

**၃။ အပိုဒ်ငယ် ၉တွင် သိုးထိန်းများသည် အလွန်ကြောက်ရွံ့ကြသည်ဟု ဖော်ပြထားသည်။ သူတို့သည် မည်သည့်အရာကို ကြောက်ရွံ့ခဲ့ကြသနည်း။**
– သင် ယနေ့ အကြောက်ရွံ့ဆုံးအရာမှာ အဘယ်နည်း။ (သင့်စိတ်ထဲမှ ဖြေဆိုနိုင်သည်)

**၄။ ကောင်းကင်တမန်၏စကားကို ကြားရသောအခါ သိုးထိန်းများအား မည်သည့်အရာက ဝမ်းမြောက်စေသနည်း။ (၁၀–၁၂)**
– ကောင်းကင်တမန်သည် သင့်အား အပိုဒ်ငယ် ၁၀–၁၂ပါ စကားများကို ပြောပြနေသည်ဟု တွေးမြင်ကြည့်ပါ။ သင် ဝမ်းမြောက်မည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

**၅။ နှစ်ပေါင်းများစွာ စောင့်ဆိုင်းခဲ့ရသော ကယ်တင်ရှင်သည် နွားစာခွက်တွင် သိပ်ထားလျက်ရှိသည်ဟု ကြားရသောအခါ သိုးထိန်းများသည် မည်သို့ တွေးထင်ခဲ့ကြမည်နည်း။ (နွားစာခွက်ဆိုသည်မှာ တိရိစ္ဆာန်များကို အစာကျွေးသောနေရာဖြစ်သည်။)**

**၆။ဘုရားသခင်သည် အေးစက်ပြီး အမှိုက်သရိုက်နှင့် ပိုးမွှားများသောနေရာတွင် မွေးဖွားလာရခြင်းသည် ကောင်းကင်တမန်များအတွက် မည်သည့် ဝမ်းမြောက်စရာအကြောင်းရင်း ရှိပါသနည်း။ (၁၃–၁၄)**

– ကယ်တင်ရှင်သည် အဘယ်ကြောင့် ထိုသို့သော ပတ်ဝန်းကျင်အခြေအနေမျိုးတွင် ဖွားမြင်ရန် လိုအပ်ရသနည်း။

**၇။ ဘုရားသခင်သည် အဘယ်ကြောင့် သူ၏သားတော်မွေးဖွားသည်နှင့် ချက်ခြင်းပင် လူသားများအား ပြသချင်ရသနည်း။**

**၈။ သိုးထိန်းများသည် ညည့်နက်ကြီးထဲတွင် ယေရှုဖွားမြင်သော နွားတင်းကုပ်ကို မည်ကဲ့သို့ ရှာတွေ့ခဲ့ကြသနည်း။**
– သိုးထိန်းများသည် မည်သည့်အချက်ကိုကြည့်ပြီး နွားစာခွက်တွင်အိပ်နေသော ထိုသူငယ်သည် ခရစ်တော်အရှင်သခင်ဖြစ်သည်ဟု ယုံကြည်နိုင်ခဲ့ကြသနည်း။

**၉။ သိုးထိန်းများပြောသောစကားတွင် မည်သို့သောအရာသည် တစ်ညနေလုံး ပင်ပန်းထားသည့် မာရိနှင့် ယောသပ်အား နှစ်သိမ့်စေမည်နည်း။**
– ဘုရားသခင်သည် အဘယ်ကြောင့် ကောင်းကင်တမန်များကို မာရိနှင့်ယောသပ်ထံ မစေလွှတ်ဘဲ သိုးထိန်းများထံ စေလွှတ်တော်မူခဲ့သနည်း။

**၁၀။ သိုးထိန်းများသည် ခရစ္စမတ်ညတွင် သူတို့ မြင်တွေ့ကြားသိခဲ့သောအရာများကို လူများစွာအား ပြောပြခဲ့ကြသည်။ အဘယ်ကြောင့် အခြားသောသူများသည် ကလေးသူငယ်အား ဝတ်ပြုကိုးကွယ်ရန် မသွားခဲ့ကြသနည်း။**

**၁၁။ သခင်ယေရှုသည် နာမည်မကျော်ကြားမီ နှစ်ပေါင်း ၃၀ ကုန်လွန်ခဲ့သည်။ ထိုအချိန်တွင် သိုးထိန်းအများစုမှာ သေဆုံးသွားပြီ ဖြစ်သည်။ မွေးကင်းစ ကယ်တင်ရှင်သခင်ကို မြင်တွေ့ခဲ့ကြပြီးနောက် သိုးထိန်းများ၏ဘဝသည် မည်သို့ ပြောင်းလဲသွားမည်ဟု သင်ထင်ပါသနည်း။ မည်သည့်အရာများသည် မပြောင်းလဲဘဲ ကျန်ရစ်ခဲ့မည်နည်း။**
– ဤအဖြစ်အပျက်အားဖြင့် သိုးထိန်းများသည် ဘုရားသခင်နှင့် သူတို့ကြား ဆက်ဆံရေးနှင့်ပတ်သတ်ပြီး မည်သည့်အရာကို နားလည်သဘောပေါက်ကြမည်နည်း။

**ဝမ်းမြောက်ဖွယ်သတင်း။** ကောင်းကင်တမန်များသည် ခရစ္စမတ်ညတွင် ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းအကြောင်း သီဆိုခဲ့ကြသည်။ သို့သော်လည်း ထို ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းအတွက် သခင်ယေရှုပေးဆပ်ရမည့် အဖိုးအခရှိသည်။ ထိုအဖိုးအခကို နွားစာခွက်မှ စတင်ပြီး လက်ဝါးကပ်တိုင်ထိ အဆုံးတိုင် ပေးဆပ်တော်မူခဲ့သည်။

## ၃။ အန္နနှင့်ရှမောင် (လုကာ ၂:၂၅–၃၈)

**နောက်ခံသမိုင်း။** ယောသပ်နှင့်မာရိသည် ဗိမ္မာန်တော်တွင် ခိုနှစ်ကောင်ကိုသာ ပူဇော်ခဲ့သည့်အချက်က သူတို့သည် ဆင်းရဲခဲ့ကြောင်းကို ဖော်ပြနေသည်။ ဝတ်ပြု ၁၂:၇–၈ ကို ယှဉ်တွဲကြည့်ပါ။ ထိုအချိန်ကာလတွင် များစွာသောသူများသည် မေရှိယကို စောင့်မျှော်နေကြသည်။ သို့သော်လည်း လူအများစုမှာ မေရှိယသည် သူ၏တန်ခိုးအာဏာကို လူတိုင်းအားပြသလိမ့်မည်ဟု ထင်မှတ်ခဲ့ကြသည်။

**၁။ အန္နသည် လက်ထပ်ပြီး ခုနှစ်နှစ်ကြာတွင် သူမ၏ယောကျ်ား ဆုံးပါးသွားသောအခါ သူဖြတ်သန်းခဲ့ရသော အခက်အခဲများကို မှန်းဆတွေးတောကြည့်ပါ။ (၃၆)**

– ထိုခေတ်အခါက လင်ယောကျ်ားဆုံးပြီး အိမ်ထောင်ပြန်ပြုသည့် ဓလေ့ရှိခဲ့သော်လည်း အန္နသည် အဘယ်ကြောင့် ထိုသို့ မပြုခဲ့သနည်း။ ဖြစ်နိုင်ခြေအကြောင်းရင်း အမျိုးမျိုးကို တွေးကြည့်ပါ။

–နှစ်ပေါင်း ၅၀–၆၀ခန့် မုဆိုးမဖြစ်ရသောအန္နအတွက် ဘဝသည် မည်သို့သော အဓိပ္ပာယ်ရှိမည်နည်း။ (၃၆–၃၇)

**၂။ အန္နသည် တစ်နှစ်ပြီးတစ်နှစ် ဗိမ္မာန်တော်တွင် မည်သည့်အရာအတွက် ဆုတောင်းခဲ့မည်ဟု သင်ထင်ပါသနည်း။**

– အပိုဒ်ငယ် ၃၈သည် အန္န၏ယုံကြည်ခြင်းအကြောင်းကို မည်သို့ပြောထားသနည်း။ (သူမသည် မည့်သည့်အရာအတွက် ရွေးနှုတ်ခြင်းကို အလိုရှိခဲ့သနည်း။)

**၃။ သခင်ယေရှုနှင့် မတွေ့ဆုံမီအချိန်အထိ ရှမောင်၏ဘဝကို တွေးဆကြည့်ပါ။ သူ့အတွက် ပျော်ရွှင်စရာနှင့် ဝမ်းနည်းစရာ မည်သည့်အရာများ ရှိခဲ့မည်နည်း။ (၂၅–၂၆)**

– ရှမောင်အတွက် ဘုရားသခင်၏ကတိတော်သည် မည်ကဲ့သို့သော အဓိပ္ပာယ်ရှိမည်နည်း။ (၂၆)

**၄။ အသက်အရွယ်အိုမင်းသောသူတစ်ဦးအတွက် အနာဂတ်တွင် မျှော်လင့်စရာတစ်စုံတစ်ခု ရှိနေခြင်းမှာ မည်သို့သော အဓိပ္ပာယ်ရှိမည်နည်း။**

– "စောင့်မျှော်ခြင်း"သည် "ယုံကြည်ခြင်း"နှင့် မည်သို့သော တူညီချက်ရှိသနည်း။

– ရှမောင် စောင့်မျှော်ခဲ့သော မေရှိယနှင့် အခြားသူများ စောင့်မျှော်ကြသောမေရှိယသည် မည်သို့ ကွာခြားသနည်း။ (နောက်ခံသမိုင်းနှင့် အပိုဒ်ငယ် ၂၅ကို ကြည့်ပါ)

**၅။ ဆင်းရဲနွမ်းပါးသော မိသားစုမှ မွေးဖွားသည့်ကလေးသူငယ်တစ်ယောက်တွင် ရှမောင်သည် ခရစ်တော်ကို မည်သို့ မြင်နိုင်ခဲ့သနည်း။**

– အဘယ်ကြောင့် ဗိမ္မာန်တော်သို့ လာကြသောအခြားသူများသည် အန္နနှင့်ရှမောင် မြင်တွေ့ခဲ့သောအရာကို မမြင်တွေ့ခဲ့ကြသနည်း။

**၆။ ကျမ်းစာကို ဂရုတစိုက်ဖတ်ရှုပြီးမှ ဤပုဂ္ဂိုလ်နှစ်ဦးသည် မေရှိယက မည်သို့သော ကယ်တင်ခြင်းမျိုးကို ယူဆောင်လာမည်ဟု မျှော်လင့်ခဲ့ကြကြောင်းကို ရှာဖွေကြည့်ပါ။ (၂၅၊၃၀၊၃၂၊၃၈)**

– သင်သည် သခင်ယေရှုထံမှ အလိုချင်ဆုံးအရာမှာ အဘယ်နည်း။

**၇။ လူတစ်ဦးအတွက် မိမိသည်သေရန်အဆင်သင့်ဖြစ်ပြီဟု ဝန်ခံနိုင်ရန် မည်သည့်အရာများ လိုအပ်သနည်း။ (၂၉)**

– ရှမောင်၏စကားလုံးများကိုအသုံးပြုပြီး သင်၏ကိုယ်ပိုင်အသက်တာကို ဆင်ခြင်ကြည့်ပါ။ အပိုဒ်ငယ် ၂၉–၃၀ တွင် ရှမောင်ပြောသကဲ့သို့ သင်လည်း ပြောနိုင်မည်လား။

**၈။ ရှမောင်ပြောသောစကားများအားဖြင့် မာရိသည် သူ၏ကလေးနှင့်ပတ်သတ်ပြီး မည်သည့် အချက်အလက်သစ်များကို သိရသနည်း။ (၃၀–၃၅)**

– မည်သည့်နည်းဖြင့် သံလျက်သည် မာရိ၏နှလုံးသားကို ခွင်းခဲ့သနည်း။ (အဖြေမှာ ဤကျမ်းပိုဒ်၏ အပြင်ဘက်တွင် ရှိသည်။)

**၉။ အန္နနှင့် ရှမောင်သည် သခင်ယေရှုကို နောက်ထပ် မတွေ့ကြတော့ပေ။ ဤတွေ့ဆုံခြင်းသည် သူတို့၏အသက်တာကို မည်သည့်နည်းဖြင့် ပြောင်းလဲစေခဲ့သနည်း။ မည်သည့်အရာများ မပြောင်းလဲဘဲ ကျန်ရစ်ခဲ့သနည်း။**

**၁၀။ ဤသူနှစ်ယောက်တို့သည် မသေမီအထိ ဘုရားသခင်ထံမှ မည်သို့သော ခေါ်တော်မူခြင်း (စေခိုင်းခြင်း)ကို ခံရကြသနည်း။**

– ယနေ့ ကျွန်ုပ်တို့ခေတ်တွင် လူများစွာသည် ပရောဖက်ဥာဏ်ဆုကျေးဇူးကို အလိုရှိကြသည်။ အန္နကို အဘယ်ကြောင့် ပုရောဖက်မဟု ခေါ်ရသနည်း။ အပိုဒ်ငယ် ၃၆ ကို ကြည့်ပါ။

**ဝမ်းမြောက်ဖွယ်သတင်း။** အကယ်၍ သင်သည် နှုတ်ကပတ်တော်အားဖြင့် သခင်ယေရှုကို မြင်တွေ့ပြီးပါက ရှမောင်ကဲ့သို့ "ယခု ကိုယ်တော်သည် ဂတိတော်ထားသည့်အတိုင်း ပြုတော်မူပြီ၊ ကိုယ်တော်၏ကျွန်ကို ငြိမ်ဝပ်စွာဖြင့် သွားခွင့်ပြုတော်မူ၏။ ကျွန်ုပ်၏မျက်စိဖြင့် ကယ်တင်ရှင်ကို ကိုယ်တိုင်တွေ့ခဲ့ရပြီ" ဟု သင်ပြောနိုင်ပါပြီ။

## ၄။ ဆယ်ကျော်သက်ရွယ်ယေရှု (လုကာ ၂း၄၀-၅၂)

**နောက်ခံသမိုင်း။** ယုဒလူမျိုး ယောက်ျားလေးများကို အသက် ၁၃နှစ်တွင် အရွယ်ရောက်သည်ဟု သတ်မှတ်ကြသည်။ သခင်ယေရှုတွင် ညီလေးယောက်နှင့် ညီမအချို့ ရှိနေပြီဖြစ်သည် (မဿဲ ၁၃း၅၅-၅၆)။ သူ၏ဖခင်မှာ လက်သမားဖြစ်ပြီး သူကိုယ်တိုင် ဖခင်၏လုပ်ငန်းကို သင်ယူခဲ့သည်။ ဗိမ္မာန်တော်သည် ယုဒလူမျိုးများ သူတို့၏အပြစ်အတွက် ယဇ်ပူဇော်ရန် တစ်ခုတည်းသောနေရာဖြစ်သည်။ ဘုရားသခင်သည် ထိုနေရာတွင် သူ၏ဘုန်းတော်ကို အစဉ်အမြဲ သက်ရောက်စေမည်ဟု ဂတိထားတော်မူခဲ့သည်။

**၁။ မာရိသည် ကလေးများ အရွယ်မရောက်သေးသည့် မိသားစုကို ပြုစုစောင့်ရှောက်ရသည်။ နှစ်စဉ်နှစ်တိုင်း ပဿခါပွဲတော်ကိုသွားရသောခရီးစဉ်သည် သူမအတွက် မည်သို့အဓိပ္ပာယ်ရှိလိမ့်ဟု သင်ထင်ပါသနည်း။**
- နှစ်ပတ်ကြာသွားရသော ဤခရီးစဉ်အတွက် မာရိသည် မည်သို့သော ကြိုတင်ပြင်ဆင်မှုမျိုး ပြုလုပ်ရမည်နည်း။

**၂။ ကလေးများအရွယ်မရောက်ကြသေးသည့် မိသားစုတွင် အကြီးဆုံးသားဖြစ်ရသော သူငယ်ယေရှု၏နေ့စဉ်ဘဝ ကို တွေးဆကြည့်ပါ။**
- မိဘများနှင့် ပထမဦးဆုံးအကြိမ် ယေရုရှလင်မြို့သို့ ခရီးသွားရခြင်းသည် သူငယ်တော်ယေရှုအတွက် မည်သို့သော အဓိပ္ပာယ်ရှိမည်နည်း။

**၃။ အဘယ်ကြောင့် သခင်ယေရှုက သူသည် မိဘများနှင့်အတူ အိမ်ပြန်မလိုက်မည့်အကြောင်းကို ကြိုတင်၍ မပြောပြခဲ့သနည်း။**
- နေရာများစွာရှိသည့်အနက် သခင်ယေရှုသည် အဘယ်ကြောင့် ဗိမ္မာန်တော်သို့သွားရန် အလိုရှိရသနည်း။

**၄။ အပိုဒ်ငယ် ၄၆-၄၇ ကို ကြည့်ခြင်းအားဖြင့် သခင်ယေရှုအကြောင်းနှင့် ပတ်သတ်၍ မည်သည့်အရာကို သိရသနည်း။**
- ဤအသက် ၁၂နှစ်အရွယ်သူငယ်၏ စိတ်အဝင်စားဆုံးအရာမှာ အဘယ်နည်း။

**၅။ သခင်ယေရှုသည် မိဘများက မိမိရှိနေမည့်နေရာကို မသိသည်ကို အဘယ်ကြောင့် အံ့သြရသနည်း။**

**၆။ သခင်ယေရှုအတွက် မိမိ၏ကောင်းကင်ဘုံရှိခမည်းတော်ကို အိမ်တွင်မဟုတ်ဘဲ ဗိမ္မာန်တော်တွင် တွေ့ဖို့ရန် အဘယ်ကြောင့် အလွန်အရေးကြီးရသနည်း။**

**၇။ အပိုဒ်ငယ် ၄၈အားဖြင့် မာရိအကြောင်း မည်သို့ သိရသနည်း။**
– မာရိသည် မိမိ၏သားကို မတွေ့တော့သောအခါ မည်ကဲ့သို့ တုန့်ပြန်သင့်သနည်း။

**၈။ မိဘများသည် အပိုဒ်ငယ် ၄၉တွင် သခင်ယေရှုပြောသောစကားကို ကြားရသောအခါ မည်သို့ ခံစားခဲ့ကြသနည်း။**
– ဤအဖြစ်အပျက်အားဖြင့် သခင်ယေရှုသည် မိဘများအား မည်သည့်အရာကို သွန်သင်လိုခြင်း ဖြစ်သနည်း။

**၉။ ဤကျမ်းပိုဒ်အရ ကျွန်ုပ်တို့သည် မည်သည့်အချိန်တွင် မိဘများ၏အလိုကို ဆန့်ကျင်၍ ပြုမူခွင့်ရှိသနည်း။**
– ဤကျမ်းပိုဒ်အရ ဆယ်ကျော်သက်ရွယ်များနှင့်ပတ်သတ်၍ ဘုရားသခင်၏ အလိုတော်မှာ အဘယ်နည်း။
– ဤကျမ်းပိုဒ်အရ ဆယ်ကျော်သက်ရွယ်များကို ကျွန်ုပ်တို့ မည်သို့ ဆက်ဆံရမည်နည်း။

**၁၀။ ဤအဖြစ်အပျက်မှစ၍ သခင်ယေရှု သာသနာပြုသည့်အချိန်အထိ ၁၈နှစ်တာ ကာလပတ်လုံး သခင်ယေရှုနှင့် မိဘများ၊ အခြားသူများကြား ဆက်ဆံရေးသည် မည်သို့သော အခြေအနေ ရှိခဲ့သနည်း။ (၅၁–၅၂)**

**ဝမ်းမြောက်ဖွယ်သတင်း။** သခင်ယေရှုက ဗိမ္မာန်တော်ကို ချစ်ခင်ရသောအကြောင်းရင်းကို ယောဟန် ၂း၁၉–၂၀ တွင် ဖော်ပြထားသည်။ ခေါင်းဆောင်မှ ဤကျမ်းပိုဒ်ကို ဖတ်ပေးပါ။

## ၅။ ဗတ္တိဇံဆရာယောဟန်၏ ဟောပြောသွန်သင်ခြင်း (လုကာ ၃း၇–၂၀)

**နောက်ခံသမိုင်း။** ယောဟန်သည် မိဘများ အသက်အရွယ်ကြီးရင့်မှ မွေးဖွားလာသူဖြစ်ပြီး သူ၏မိဘများမှာ ဆုံးပါးသွားပြီ ဖြစ်သည်။ သူ့မှာ ညီအစ်ကိုမောင်နှမများ မရှိပါ။ သူ ကိုယ်တိုင်လည်း အိမ်ထောင်မပြုခဲ့ပါ။ ဗတ္တိဇံဆရာယောဟန် နေထိုင်သောနေရာမှာ အထီး ကျန်ဆန်သော ကန္တာရအရပ် ဖြစ်သည်။

**၁။ ဗတ္တိဇံဆရာယောဟန်သည် အကယ်၍ အပေါင်းအသင်းမိတ်ဆွေများ အမြဲဝန်းရံနေ သောသူ ဖြစ်ခဲ့ပါက သူသည် မည်ကဲ့သို့သောလူစား ဖြစ်လာမည်ဟု သင်ထင်ပါသနည်း။**
– သင် အထီးကျန်ခံစားရသောအချိန်များကို ပြန်တွေးကြည့်ပါ။ အထီးကျန်ခြင်းသည် သင်၏အသက်တာတွင် မည်သည့် ကောင်းသောအရာများ ယူဆောင်လာသနည်း။

**၂။ ဗတ္တိဇံဆရာယောဟန်သည် တရားစကားကို လာရောက် နားထောင်သောသူများအား "မြွေပွေးအမျိုးများ"ဟု ခေါ်ခဲ့သည်(၇)။ သို့ဖြစ်လျက်ပင် သူသည် အဘယ်ကြောင့် သခင် ယေရှု ကျော်ကြားခဲ့သည်ထက်ပင် ပို၍ကျော်ကြားရသနည်း။**

**၃။ အပိုဒ်ငယ် ၇–၁၄မှ ဗတ္တိဇံဆရာယောဟန်၏ စကားများကို ကြည့်ပါ။ ဤ သွန်သင် ချက်များကို ကျွန်ုပ်တို့၏လူမှုအသိုင်းအဝိုင်းတွင် မည်သို့ လက်တွေ့ကျင့်သုံးရမည်နည်း။**
– ဤဟောပြောချက်မှ မည်သည့်အရာသည် သင်၏မိမိကိုယ်ကိုသိစိတ်အား ထိုးဆွပေး သနည်း။ (သင့်အား အပြစ်မကင်းဟု ခံစားစေသနည်း။)
– လူတိုင်းသည် ဗတ္တိဇံဆရာယောဟန် ဟောပြောချက်အတိုင်း လိုက်နာအသက်ရှင်ကြ ပါက လောကကြီးသည် မည်ကဲ့သို့ဖြစ်သွားမည်နည်း။

**၄။ ဗတ္တိဇံဆရာယောဟန်၏သွန်သင်ချက်နှင့် ခရစ်ယာန်ဝတ်ပြုစည်းဝေးပွဲများတွင် သင် ကြားဖူးနေကျ သတင်းစကားများကို နှိုင်းယှဉ်ကြည့်ပါ။ မည်သည့်အရာများ ကွာခြားသနည်း။**
– အကယ်၍ သင်၏အသင်းတော် သို့မဟုတ် ယုံကြည်သူများထဲမှ တစ်ဦးဦးက ဗတ္တိဇံ ဆရာယောဟန်ကဲ့သို့ ဟောပြောပါက၊ မည်ကဲ့သို့ တုန့်ပြန်ကြလိမ့်မည်ဟု သင်ထင်ပါ သနည်း။

**၅။ အပိုဒ်ငယ် ၄နှင့်၅အရ ဗတ္တိဇံဆရာယောဟန်၏တာဝန်မှာ လူများ၏နှလုံးသားထဲတွင် ကြွလာမည့် မေရှိယအတွက် လမ်းခရီးပြင်ဆင်ပေးရန် ဖြစ်သည်။ ယောဟန်၏တရား ဟောချက်ကဲ့သို့ တင်းကြပ်သည့် တရားဟောချက်မျိုးသည် ကျွန်ုပ်တို့၏နှလုံးသားထဲတွင် သခင်ယေရှုအတွက် လမ်းခရီးကို မည်သည့်နည်းဖြင့် ပြင်ဆင်ပေးသနည်း။**

– အကယ်၍ ဗတ္တိဖံဆရာယောဟန်သည် “ဘုရားသခင်က သင်တို့၏ အားနည်းချက်များကို နားလည်သည်၊ သင်တို့ကိုအရှိတိုင်းလက်ခံသည်”ဟု ဟောပြောခဲ့ပါက မည်သို့ဖြစ်သွားမည်နည်း။

**၆။ ဗတ္တိဇံဆရာယောဟန်နှင့် ကြွလာမည့်မေရှိယကြား မည်သို့သော ဆက်နွယ်မှုရှိသနည်း။ (၁၅–၁၇)**

– ဗတ္တိဇံဆရာယောဟန်သည် အဘယ်ကြောင့် သူ၏နာမည်ကျော်ကြားမှုကို မိမိကိုယ်ကျိုးအတွက် အသုံးမပြုခဲ့သနည်း။

**၇။ ဗတ္တိဇံဆရာယောဟန်သည် ဟေရုတ်မင်း ကျူးလွန်ခဲ့သောအပြစ်အတွက် သူ့အား ဆုံးမပြောဆိုခဲ့သည် (၁၉–၂၀)။ အဘယ်ကြောင့် သူသည် မင်းကြီး၏အိမ်ထောင်ရေးကို ဝင်ရောက်စွတ်ဖက်ချင်ခဲ့သနည်း။**

– မည်သည့် အခြေအနေတွင် အခြားသူများ၏လိင်ပိုင်းဆိုင်ရာ အပြစ်ကြောင့် ဆုံးမပြောဆိုမှုကို ပြုသင့်သနည်း။

**၈။ ဗတ္တိဇံဆရာယောဟန်သည် အကျဉ်းထောင်ထဲတွင် ခေါင်းဖြတ်သတ်ခြင်းခံရစဉ် အသက် ၃၀သာ ရှိသည်။ သူ၏ဘဝ တိုတောင်းခြင်းမှာ မည်ကဲ့သို့ အဓိပ္ပာယ်ရှိသနည်း။**

– ဤပရောဖက်၏ဘဝတွင် အကြီးမားဆုံးသော ပျော်ရွှင်မှုမှာ မည်သည့်အရာဖြစ်မည်နည်း။

**၉။ သခင်ယေရှုသည်လည်း ဗတ္တိဇံဆရာယောဟန်၏ တရားဒေသနာကို နားထောင်ခဲ့သောသူတစ်ဦးဖြစ်သည်။ သူသည် ကောင်းသောအသီးကိုသာ သီးသည့်အပင်ဖြစ်ခဲ့သည်။ သို့ဖြစ်လျှင် အဘယ်ကြောင့် သူသည် ခုတ်လှဲပြီး မီးထဲသို့ပစ်ချခြင်း ခံခဲ့ရသနည်း(၉)။**

**ဝမ်းမြောက်ဖွယ်သတင်း။** ဗတ္တိဇံဆရာယောဟန်၏ တရားဟောချက်တွင် ပညတ်ချက်များ၊ နားထောင်သောသူများအား အပြစ်နှင့်ပတ်သတ်၍ မိမိကိုယ်ကိုသိသောစိတ်ကို ဖြစ်စေသော သတိပေးစကားများ ကျယ်ပြန့်စွာ ပါဝင်သည်။ သို့သော်လည်း မေရှိယက မည်သည့်နည်းဖြင့် ကျွန်ုပ်တို့၏အပြစ်များကို ဖယ်ရှားပေးမည်ဖြစ်ကြောင်းကို အခြားခရစ်ဝင်ကျမ်းတွင် “ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသူငယ်”ဟူ၍ ဗတ္တိဇံဆရာယောဟန် ကြွေးကြော်ထားသည် (၁း၂၉)။

## ၆။ သခင်ယေရှု၏သာသနာပထမဆုံးနေ့ (လုကာ ၄း၃၁-၁၇)

**နောက်ခံသမိုင်း။** နတ်ဆိုးစွဲသူ ဟူသည်မှာ ကိုယ်ထဲတွင်နတ်ဆိုးရှိသောသူကို ဆိုလိုသည်။ နတ်ဆိုးစွဲခြင်းမှာ စိတ်ပိုင်းဆိုင်ရာ ရောဂါရှိခြင်းနှင့် မတူပါ။ ယုံကြည်သူတစ်ဦး၏နှလုံးသားထဲတွင် သန့်ရှင်းသောဝိညာဉ်တော် ကိန်းအောင်းသည်နည်းတူ ညစ်ညမ်းသောဝိညာဉ်ဆိုးသည် လူတစ်ဦး၏နှလုံးသားတွင် ကိန်းအောင်းခြင်းကို ဆိုလိုသည်။ ဝိညာဉ်ဆိုးများသည် ရုပ်တုကိုးကွယ်ခြင်း၊ စုန်းမှော်အတတ်ကိုကျင့်ခြင်း၊ ဗေဒင်ဟောပြောခြင်း၊ အောက်လမ်းနည်းဖြင့် ကုသခြင်း၊ သို့မဟုတ် အချို့သောရောနှဲဂီတ စသည့်အရာများအားဖြင့် လူအထဲသို့ ဝင်လေ့ရှိသည်။ နတ်ဆိုးစွဲသောသူသည် မည်သည့်အချိန်တွင်မဆိုရုတ်တရက် ဖောက်ပြန်တတ်သည်။ ထိုသို့ဖြစ်လျှင် ကြောက်စရာကောင်းသောအသံနှင့် အော်ဟစ်ပြီး တခါတရံ သဘာဝထက်လွန်ကဲသည့် ခွန်အားမျိုး ပိုင်ဆိုင်တတ်ကြသည်။

**၁။ စာတန်နှင့် ဝိညာဉ်ဆိုးများ တည်ရှိကြောင်းကို သင် ယုံကြည်ပါသလား။**

- အကယ်၍ နတ်ဝင်ပူးသောအကြောင်းနှင့်ပတ်သတ်ပြီး သင်ကြားဖူးသည့်အရာရှိပါက တိုတိုတုပ်တုပ်ဖြင့် ပြောပြပေးပါ။
- အဘယ်ကြောင့် မြောက်များစွာသောသူတို့သည် အမှောင်၊ တစ္ဆေသရဲ၊ ဝိညာဉ်များနှင့် ရုပ်တုစသော အရာများကို ကြောက်ရွံ့ကြရသနည်း။

**၂။ ဤနတ်ဆိုးစွဲသောသူ၏ နေ့စဉ်ဘဝကို တွေးကြည့်ပါ။ အထူးသဖြင့် သူ၏မိသားစုနှင့် ဆက်ဆံရေး၊ အခြားသောသူများနှင့် ဆက်ဆံရေးများကို တွေးကြည့်ပါ။**

- ဤနေ့မှာ ကပေရနောင်မြို့တွင် သခင်ယေရှု၏ ပထမဆုံးအကြိမ် ဥပုသ်နေ့ဖြစ်သည်။ ဆိုလိုသည်မှာ လူများသည် သခင်ယေရှုအားတွေ့ရန် တရားစရပ်ကိုလာကြခြင်း မဟုတ်ပါ။ နတ်ဆိုးစွဲသောသူသည် မိမိမှာ အချိန်မရွေး အသိအာရုံပျောက်ပြီး ဖောက်ပြန်နိုင်သည်ကို သိလျက်နှင့် အဘယ်ကြောင့် ဗိမ္မာန်တော်သို့ လာခဲ့သည်ဟု သင်ထင်ပါသနည်း။

**၃။ အဘယ်ကြောင့် ဝိညာဉ်ဆိုးများသည် သခင်ယေရှုအနီးအနား ရောက်လာလျှင် ကျယ်လောင်စွာ အော်ဟစ်ပြီး ဒေါသထွက်ကြရသနည်း။**

- သခင်ယေရှုအကြောင်းနှင့်ပတ်သတ်ပြီး နတ်ဆိုးများသည် မည်သည့်အရာကို သိထားကြကြောင်းကို သင့် ပြောစကားဖြင့် ပြောကြည့်ပါ။ (၃၄)
- နတ်ဆိုးပြောသော သခင်ယေရှုအကြောင်းမှာ မှန်ပါသလား။ မှားပါသလား။

**၄။ သခင်ယေရှုသည် အဘယ်ကြောင့် ထိုလူကို ရည်ညွှန်းပြီးမပြောဘဲ နတ်ဆိုးအား ရည်ညွှန်းပြီး ပြောရသနည်း။**

–သခင်ယေရှုသည် အဘယ်ကြောင့် နတ်ဆိုးမေးသောမေးခွန်းကို မဖြေခဲ့သနည်း။(၃၄–၃၅)

**၅။ နတ်ဆိုးဝင်ပူးသောသူသည် သခင်ယေရှုအား အကူအညီမတောင်းခဲ့သော်လည်း သူ့ကို အဘယ်ကြောင့် ကူညီတော်မူရသနည်း။**
– ဝိညာဉ်ဆိုးများကို နှင်ထုတ်သောသူများအကြောင်း သင်ကြားကောင်းကြားဖူးပေမည်။ သခင်ယေရှု နှင်ထုတ်သည့်နည်းသည် ထိုသူတို့နှင့် မည်ကဲ့သို့ ကွာခြားသနည်း။

**၆။ သခင်ယေရှု၏ မည်သည့်အချက်နှင့်ပတ်သတ်၍ လူများသည် အလွန်အံ့ဩကြသနည်း။ (၃၂၊၃၆)**
– သခင်ယေရှု၏စကားတော်သည် အခြားသောသူများ၏စကားနှင့် မည်ကဲ့သို့ ကွာခြားသနည်း။
– ယခုလက်ရှိအချိန်တွင် သင်သည် မည်သည့်ပြဿနာ သို့မဟုတ် မည်သူ တစ်စုံတစ်ယောက်အတွက် သခင်ယေရှု၏တန်ခိုးကြီးသော နှုတ်ထွက်စကားတော်ကို လိုအပ်နေသနည်း။ (သင့်စိတ်နှလုံးထဲမှ ဖြေဆိုနိုင်သည်)

**၇။ ဤကျမ်းပိုဒ်တစ်ခုလုံးအရ အမှောင်၊ တစ္ဆေသရဲ၊ ဝိညာဉ်များ၊ ရုပ်တုများ သို့မဟုတ် စာတန်၏တန်ခိုးကို ကြောက်ရွံ့သောသူများထံ သင် မည်သို့ ပြောသင့်သနည်း။**
– ကျွန်ုပ်တို့ ယနေ့ ခရစ်ယာန်အသင်းတော်များသည် ဝိညာဉ်ဆိုး၏ ချည်နှောင်ခြင်းခံလျက်ရှိသော သူများကို မည်သည့်အတိုင်းအတာအထိ ကူညီနေသည်ဟု သင်ထင်ပါသနည်း။

**၈။ သခင်ယေရှုသည် အဘယ်ကြောင့် သူ၏သာသနာကို ဤကဲ့သို့သော လုပ်ဆောင်ချက်များနှင့် စတင်ခဲ့သနည်း။**

**၉။ အပြစ်နွံထဲကျရောက်သွားသော လူတစ်ဦးနှင့် နတ်ဆိုးဝိညာဉ်ဆိုးဝင်ပူးနေသော လူတစ်ဦး၏ ကွာခြားချက်မှာ အဘယ်နည်း။**

**၁၀။ (ဤနောက်ဆုံးမေးခွန်း သုံးခု၏အဖြေမှာ ယနေ့ကျမ်းပိုဒ်ဘောင်၏ အပြင်ဘက်မှဖြစ်သည်)**
– သခင်ယေရှုသည် နတ်ဆိုးများအား အမိန့်ပေးနိုင်သော အခွင့်အာဏာကို မည်သို့ ရရှိခဲ့သနည်း။
– သခင်ယေရှုသည် စာတန်နှင့် သူ၏နတ်ဆိုးများကို နောက်ဆုံးတွင် မည်သို့ ဖျက်ဆီးမည်နည်း။ (၃၄)

– သခင်ယေရှုသည် နတ်ဆိုးဝိညာဉ်ဆိုးများကို ဖျက်ဆီးရန် အခွင့်အာဏာရှိသော်လည်း အဘယ်ကြောင့် လက်ဝါးကပ်တိုင်တွင် ထိုသူတို့၏ဖျက်ဆီးခြင်းကို ကိုယ်တိုင်ခံတော်မူခဲ့သနည်း။

## ၇။ ငါးအမြောက်အမြားဖမ်းမိခြင်း (လုကာ ၅း၁–၁၁)

**နောက်ခံသမိုင်း။** ပေတရုတွင် ယောက္ခမရှိသည် (လုကာ ၄း၃၈–၃၉)။ ဤအချက်အားဖြင့် ပေတရုတွင် ဇနီးနှင့် သားသမီးများရှိကြောင်း သိနိုင်သည်။ ပေတရုသည် တံငါသည်ဖြစ်သောကြောင့် ငါးမဖမ်းမိလျှင် စားသောက်ဖို့ရန် အခြားဝင်ငွေမရှိတော့ပါ။ ဂနေသရက်အိုင်တွင် သူတို့သည် ညအချိန်တွင် (နေ့အချိန်မဟုတ်ပါ) ရေတိမ်ရာအရပ်၌ ငါးဖမ်းခဲ့ကြသည်။

**၁။ သင်တို့တွင် ညလုံးပေါက်အလုပ်လုပ်သောသူ တစ်ဦးဦးရှိပါက၊ နောက်တနေ့မနက်တွင် မည်ကဲ့သို့ ခံစားရကြောင်း ဝေမျှပေးပါ။**
– ညလုံးပေါက် ကြိုးစားအားထုတ်မှု မအောင်မြင်ခဲ့သည့် ပေတရုသည် ပိုက်ကွန်များကို ဆေးကြောနေသောအခါ မည်သည့်အတွေးမျိုး ဝင်လိမ့်မည်ဟု သင်ထင်ပါသနည်း။ (၂)

**၂။ သခင်ယေရှုသည် လူများအား သွန်သင်နေသောအချိန်တွင် အဘယ်ကြောင့် လှေအထဲ၌ နေတော်မူလိုရသနည်း။ (၃)**
– အဘယ်ကြောင့် ရှိမုန်ပေတရု၏လှေကို တရားဟောစင်အဖြစ် ရွေးချယ်တော်မူသည်ဟု သင် ထင်ပါသနည်း။

**၃။ ပေတရုသည် ခုလေးတင် ပိုက်ကွန်များကိုဆေးကြောပြီးခဲ့သည်။ ထို့ပြင် သူသည် ငါးဖမ်းကျွမ်းကျင်သော တံငါသည်ဖြစ်သည်။ သခင်ယေရှုမှာမူ မဟုတ်ပါ။ အခြားသော တံငါသည်များ ရှေ့တွင် အရှက်ကွဲနိုင်သည့်တိုင် ပေတရုအား သခင်ယေရှု၏စကားကို နာခံစေခဲ့သောအရာမှာ အဘယ်နည်း။**
– ပေတရုသည် ငါးများကို ဖမ်းမိမည်ဟု ယုံကြည်ခဲ့ပါသလား။ သင်မည်သို့ ယူဆပါသနည်း။

**၄။ အကယ်၍ မဖြစ်နိုင်ဟု သင်ထင်ထားသောအရာကို သခင်ယေရှုက လုပ်ခိုင်းပါက သင် မည်ကဲ့သို့ တုန့်ပြန်မည်နည်း။**

**၅။ လွန်ခဲ့သောနှစ်ပေါင်းအနည်းငယ်က ဂနေသရက်အိုင် ရွှံ့ကြားတွင် သခင်ယေရှုခေတ်ကာလခန့်က ငါးဖမ်းလှေတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ ထိုလှေမှာ ရှစ်မီတာခန့်ရှည်လျားပြီး အနံနှစ်မီတာကျော် ကျယ်ဝန်းသည်။ ထိုသို့ကြီးသော လှေနှစ်စင်းတွင် တစ်ကီလိုဂရမ် (၆ဝသားခန့်)လေးသော ငါးအကောင်ပေါင်း မည်မျှ ဆန့်မည်ဟု သင်ထင်ပါသနည်း။ (၇)**
– ဤငါးများအားလုံး မည်ကဲ့သို့ ဖြစ်သွားသနည်း။

**၆။ ဤအံ့ဩဖွယ်နိမိတ်လက္ခဏာအပေါ် ပေတရု၏တုန့်ပြန်ချက်နှင့်ပတ်သတ်၍ သင်အား အံ့ဩစေသောအရာမှာ အဘယ်နည်း။**
– အပိုဒ်ငယ် ၈ရှိ စကားကိုပြောသောအခါ ပေတရု၏စိတ်ထဲတွင် မည်သည့်အပြစ်ကို ရည်ညွှန်းခြင်း ဖြစ်နိုင်သနည်း။

**၇။ ဤအံ့ဩဖွယ်နိမိတ်လက္ခဏာအားဖြင့် ပေတရုသည် သခင်ယေရှုအကြောင်းနှင့် ပတ်သတ်၍ မည်သည့်အရာကို သိခဲ့သနည်း။ (အပိုဒ်ငယ် ၅နှင့်၈တွင် သခင်ယေရှုအား သူခေါ်ညွှန်းသည့် အသုံးအနှုန်းကိုလည်း ကြည့်ပါ။)**
– မည်သည့်အရာက ပေတရုအား ကြောက်ရွံ့စေသနည်း။

**၈။ သခင်ယေရှုသည် အဘယ်ကြောင့် အပိုဒ်ငယ် ၁၀မှ စကားကို ပေတရု အပြစ်ဝန်ချတောင်းပန်ပြီးမှသာ မိန့်တော်မူခဲ့သနည်း။**
– တံငါသည်နှင့် ဧဝံဂေလိတရားကို ကြွေးကြော်သောသူတွင် မည်သည့် တူညီချက်များရှိသနည်း။

**၉။ ပေတရုသည် မိသားစုကိုထားခဲ့ပြီး သခင်ယေရှုနောက်တော်သို့လိုက်ပါက သူ၏မိသားစု အစာငတ်ပြီး သေမည်မဟုတ်ကြောင်း မည်သို့သော အာမခံချက်များ ရှိခဲ့သနည်း။**
– သခင်ယေရှု စေခိုင်းသောမည်သည့်နေရာမဆိုသွားပြီး နောက်တော်သို့လိုက်ရန် သင်ဆုံးဖြတ်ချက်ချပါက သင့်မိသားစုသည် ဆင်းရဲဒုက္ခခံရမည်မဟုတ်ကြောင်း စိတ်ချမှု သင့်တွင် ရှိပါသလား။

**ဝမ်းမြောက်ဖွယ်သတင်း။** ပေတရုက အပြစ်ရှိသောသူသည် ဘုရားသခင်အနီးအပါးသို့ မချည်းကပ်နိုင်ဟု ထင်ခဲ့သည်မှာ မမှားပါ။ ဓမ္မဟောင်းတွင် အပြစ်ရှိလျက် ဘုရားသခင်ထံ ချည်းကပ်သောသူသည် သေရမည်ဟု ပြောထားသည်ကို သူ သိခဲ့သည်။ ထို့သို့ ပေတရုကြောက်ရွံ့ခဲ့သောအရာကို သခင်ယေရှုက ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည်– သူသည် သေခြင်းနှင့်ရင်ဆိုင်ရသောအခါ ဘုရားသခင်၏စွန့်ပစ်ခြင်းကို ခံတော်မူခဲ့သည်။

## ၈။ မည်သူသည် အမှန်တကယ် ပျော်ရွှင်သောသူနည်း (လုကာ ၆း၂၀–၂၆)

**နောက်ခံသမိုင်း။** မူရင်းဂရိဘာသာစကားတွင် "မင်္ဂလာရှိသောသူ" ဆိုသည်မှာ "အလွန်ပျော်ရွှင်သောသူ" ဟူ၍အဓိပ္ပာယ်ရသည်။ ဤကျမ်းပိုဒ်တွင် "ချမ်းသာသောသူ" ဆိုသည်မှာ ဘဝတွင် လိုချင်တောင့်တသမျှ (ငွေကြေး၊ ချစ်ခြင်းမေတ္တာ၊ ကျန်းမာရေး စသည်) ရရှိသောသူကို ဆိုလိုသည်။ "ဆင်းရဲသောသူ" ဆိုသည်မှာ ထိုအရာများကို မပိုင်ဆိုင်သောသူများ သို့မဟုတ် ဆုံးရှုံးသွားသောသူများကို ဆိုလိုသည်။ (ကျေးဇူးပြု၍ ဤနေရာတွင် "ဆင်းရဲခြင်း"ကို "ဝိညာဉ်ပိုင်းဆိုင်ရာ ဆင်းရဲခြင်း"ဟု အနက်မပြန်ပါနှင့်။ သခင်ယေရှု ဆိုလိုသည်မှာ ဝိညာဉ်ဆင်းရဲခြင်း မဟုတ်ပါ။)

**၁။ ဤကျမ်းပိုဒ်အရ မည်သည့်အရာသည် လူတစ်ဦးအတွက် စစ်မှန်သောပျော်ရွှင်မှု ဖြစ်သနည်း။**

– ဤကျမ်းပိုဒ်အရ မည်သည့်အရာသည် စစ်မှန်သောမပျော်ရွှင်မှု ဖြစ်သနည်း။

**၂။ သခင်ယေရှု၏ မိန့်တော်မူချက်အရ ဆင်းရဲခြင်း၏ကောင်းသောအချက်မှာ အဘယ်နည်း။ (ဆင်းရဲခြင်း ဟူသည့်စကားလုံးအတွက် နောက်ခံသမိုင်းမှ မှတ်ချက်ကို ကိုးကားပါ။)**

– ချမ်းသာခြင်း၏ မကောင်းသည့်အချက်မှာ အဘယ်နည်း။

– ဤအုပ်စု နှစ်ခုတွင် သင်မည်သည့်ဘက်တွင် ပါဝင်သနည်း။ (သင့်စိတ်နှလုံးထဲမှ ဖြေဆိုနိုင်သည်)

**၃။ ဤလောကရှိ မြောက်မြားစွာသောလူတို့သည် စားစရာမရှိသောကြောင့် ဆာလောင်မွတ်သိပ်ကြရသည်။ အဘယ်ကြောင့် သခင်ယေရှုသည် ထိုသူအချို့တို့ကို ပျော်ရွှင်သောသူများဟု ခေါ်ရသနည်း။**

– ကျွန်ုပ်တို့ အသိုင်းအဝိုင်းရှိ များစွာသောလူတို့မှာ ချစ်ခြင်းမေတ္တာနှင့် ချီးမွမ်းဂုဏ်ပြုခြင်းကို စာငတ်နေကြသည်။ အဘယ်ကြောင့် သခင်ယေရှုသည် ထိုသူအချို့တို့ကို ပျော်ရွှင်သောသူများဟု ခေါ်ရသနည်း။

**၄။ အတိတ်တွင် သင့်အား ဝမ်းနည်းငိုကြွေးစေသော အခြေအနေတစ်ခုကို စဉ်းစားကြည့်ပါ။ အကယ်၍ ထိုအချိန်တွင် သခင်ယေရှုက သင့်အား "ယခုငိုကြွေးနေသောသူတို့သည် ပျော်ရွှင်သောသူဖြစ်ကြ၏" ဟု လာပြောပါက သင်မည်ကဲ့သို့ ခံစားရမည်နည်း။**

– တစ်ကြိမ်တစ်ခါမျှ မငိုဖူးသောသူကို တွေးကြည့်ပါ။ အဘယ်ကြောင့် ထိုသူအား ပျော်ရွှင်သောသူဟု ခေါ်ရန် ခက်ခဲသနည်း။

**၅။ သခင်ယေရှုသည် မည်သည့် ရှုထောင့်အားဖြင့်ကြည့်၍ ငိုကြွေးနေသော တပည့်တော်များသည် ပျော်ရွှင်သောသူများဖြစ်သည်ဟု မိန့်တော်မူရသနည်း။**

**၆။ ငွေရတတ်ခြင်း၊ ဝစွာစားရခြင်း၊ ရယ်မောခြင်းနှင့် ချီးမွမ်းခံရခြင်းတို့၏ မကောင်းသောအချက်မှာ အဘယ်နည်း။**

– ငွေရတတ်သောသူ၊ ဝစွာစားရသောသူနှင့် ရယ်မောသောသူတို့အတွက် ငိုကြွေးရသောအချိန်သည် မည့်သည့်အချိန်တွင် ရောက်လာမည်နည်း။

**၇။ အဘယ်ကြောင့် အမှန်တရားကို ပြောသောသူတို့သည် မုန်းတီးခြင်းခံရပြီး၊ မိစ္ဆာပရောဖက်တို့သည် လူအများ၏ချီးမွမ်းခြင်းကို ခံရသနည်း။**

– ညှင်းပန်းနှိပ်စက်ခြင်းနှင့် ကဲ့ရဲ့ပြစ်တင်ခြင်းခံရစဉ် ဝမ်းမြောက်ကခုန်သောသူ အမှန်တကယ် ရှိလိမ့်မည်ဟု သင်ထင်ပါသလား(၂၃)။ အကယ်၍ရှိခဲ့ပါက အဘယ်ကြောင့် ထိုကဲ့သို့ တုန့်ပြန်နိုင်ကြခြင်းဖြစ်သနည်း။

**၈။ ချမ်းသာသောသူ၊ ဝစွာစားရသောသူ၊ ရယ်မောသောသူတို့တွင် မရှိသည့် မည်သည့်အရာကို ဆင်းရဲသောသူ၊ မွတ်သိပ်သောသူ၊ ငိုကြွေးသောသူနှင့် ကဲ့ရဲ့ပြစ်တင်ခြင်းခံရသောသူတို့သည် ပိုင်ဆိုင်ကြသနည်း။**

**၉။ သခင်ယေရှုသည် အဘယ်ကြောင့် တပည့်တော်များအားသာ ပျော်ရွှင်သောသူများဟုခေါ်ပြီး ကမ္ဘာတစ်ဝှမ်းရှိ ဒုက္ခဆင်းရဲခံရသောသူတို့အား ပျော်ရွှင်သောသူများဟု မခေါ်ရသနည်း။ (၂၀)**

**၁၀။ ဤကျမ်းပိုဒ်များကို သခင်ယေရှု၏အသက်တာနှင့် နှိုင်းကြည့်ပါ။ လက်ဝါးကားတိုင်တွင် အသေခံရစဉ်က သခင်ယေရှုသည် ပျော်ရွှင်ခဲ့ပါသလား။ အဘယ်ကြောင့် ပျော်ရွှင်သနည်း။ အဘယ်ကြောင့် မပျော်ရွှင်ရသနည်း။ ဆွေးနွေးကြည့်ပါ။**

– သခင်ယေရှု ဒုက္ခခံရစဉ်က ဘုရားသခင်သည် သူ့အား နှစ်သိမ့်စကား အဘယ်ကြောင့် မပြောခဲ့သနည်း။

## ၉။ သင်၏ရန်သူကိုချစ်လော့ (လုကာ ၆း၂၇–၃၈)

**နောက်ခံသမိုင်း။** ဤကျမ်းပိုဒ်ကို ဖတ်နေစဉ်၊ ယခင်ပတ်မှ သင်ခန်းစာကို ပြန်လည်တွေး ကြည့်ပါ။ ဤပညတ်များကို သင်၏နေ့စဉ်အသက်တာတွင် မည်သည့်အတိုင်းအတာအထိ လိုက်နာနေကြောင်း ပြန်လည်တွေး ကြည့်ပါ။

*အပိုဒ်ငယ် ၂၇–၃၀*

**၁။ လူတိုင်း သခင်ယေရှု၏ ဤသွန်သင်တော်မူချက်အတိုင်း အသက်ရှင်သင့်သည်ဟု ကျွန်ုပ်တို့အားလုံးနီးပါး သဘောတူကြပေလိမ့်မည်။ ဤသွန်သင်ချက်များအတိုင်း အသက်ရှင်ရန် အဘယ်ကြောင့် ခက်ခဲရသနည်း။**

– သခင်ယေရှုက "သင်၏ရန်သူအပေါ် သနားကြင်နာလော့" ဟု ရိုးရှင်းစွာ သွန်သင်ခဲ့ပါက သူ၏သွန်သင်ချက်ကို လိုက်နာရန် ပိုမိုလွယ်ကူသွားမည်လား။

**၂။ သင်၏မိသားစု၊ ကျောင်း သို့မဟုတ် အလုပ်တွင် ဤပညတ်ချက်များကို သင်လိုက်နာ အသက်ရှင်သည်ဟု တွေးကြည့်ပါ။ သင်၏မိသားစု၊ ကျောင်း သို့မဟုတ် အလုပ်သည် မည်ကဲ့သို့ ပြောင်းလဲသွားမည်ဟု ထင်ပါသနည်း။**

– သင် မနှစ်သက်သောသူတစ်ယောက်အတွက် သင်ဆုတောင်းပေးပါက သူနှင့်သင့်ကြား ဆက်ဆံရေးသည် တိုးတက်လာမည်ဟု သင်ထင်ပါသလား။ (၂၈)

**၃။ သခင်ယေရှုသည် ဤပညတ်ချက်များအားလုံးကို တစ်ခုမကျန် လိုက်နာခဲ့သည်။ သို့သော်လည်း အဘယ်ကြောင့် သူ၌ ရန်သူပေါ်များရသနည်း။**

**၄။ တစ်ဦးဦးကို မုန်းတီးနေသောသူ၏အသက်တာတွင် မုန်းတီးခြင်းသည် မည်သို့သော ဘေးအန္တရာယ်ကို ဖြစ်စေသနည်း။**

*အပိုဒ်ငယ် ၃၁–၃၈*

**၅။ ဤကျမ်းပိုဒ်ရှိ ဖော်ပြချက်များအရ "အမြင့်ဆုံးသော ဘုရားသခင်၏သားသမီး များ" နှင့် "အပြစ်သားများ" ကြား အခြေခံကျသော ကွာဟချက်များမှာ အဘယ်နည်း။**

– သင်သည် မည်သည့်အပိုင်းကဏ္ဍများတွင် အမြင့်ဆုံးသော ဘုရားသခင်၏သားသမီး များနှင့် တူပြီး၊ မည်သည့် အပိုင်းကဏ္ဍများတွင် အပြစ်သားများနှင့် တူသနည်း။

**၆။ အခြားသူများအား နားလည်ပေးခြင်းမရှိဘဲ ဝေဖန်တတ်သောသူများ၏ မှားယွင်းသော အချက်မှာ အဘယ်နည်း။**

- အခြေအနေပေါ်မမူတည်သော ချစ်ခြင်းမေတ္တာမျိုးကို အလိုအပ်ဆုံးသောသူများမှာ မည်သို့သောသူများ ဖြစ်သနည်း။

**၇။ အပိုဒ်ငယ် ၃၅သည် ကျွန်ုပ်တို့သည် သူ၏ရန်သူများဖြစ်လျက်ပင် ကျွန်ုပ်တို့အပေါ်ထားသော သခင်ယေရှု၏ ချစ်ခြင်းမေတ္တာတော်ကိုပါ ဖော်ပြနေသည်။ ကျမ်းပိုဒ်ကိုဖတ်ပြီး ဤမေးခွန်းကိုဖြေပါ။ ထိုကဲ့သို့သော အခြေအနေပေါ်မမူတည်သည့် လုံးဝဥသုံမေတ္တာမျိုးကို လူသားများအနေဖြင့် ယုံကြည်ရန် ခက်ခဲသလား၊ လွယ်ကူပါသလား။**

**၈။ ဤပညတ်ချက်များကို လိုက်နာသောသူများအတွက် ကြီးမားသောဆုလာဒ်ပြင်ဆင်ထားသည် (၃၅)။ သခင်ယေရှုသည် အဆုံးထိ လိုက်နာအသက်ရှင်ခဲ့သည်။ သို့သော်လည်း ထိုဆုလာဒ်ကို မရသည့်အပြင် လက်ဝါးကပ်တိုင်တွင် အသေသတ်ခြင်း ခံခဲ့ရသည်။ အဘယ်ကြောင့်နည်း။**

**၉။ ကျွန်ုပ်တို့သည် မိမိ၏ရန်သူကိုချစ်ရန် မည်ကဲ့သို့ သင်ယူနိုင်မည်နည်း။**
- မိမိ၏ရန်သူများကို ချစ်ခြင်းအမှု၌ မအောင်မြင်သေးသောသူများသည် မည်သို့အားဖြင့် အမြင့်ဆုံးသောဘုရား သခင်၏သားသမီးများ ဖြစ်လာနိုင်မည်နည်း။

**ဝမ်းမြောက်ဖွယ်သတင်းကောင်း။** မူလစကားလုံး၏အနက်အရ ကြည့်ပါက သခင်ယေရှုတစ်ပါးတည်းသာလျှင် အမြင့်ဆုံးသောဘုရားသခင်၏သားတော်ဖြစ်သည်။ သူသည် မိမိ၏ရန်သူများကို ချစ်သောကြောင့် အဆုံးထိတိုင်အောင် ဆုတောင်းပေးခဲ့သည်။ သို့သော်လည်း ထိုအတွက် ဆုလာဒ်ကိုမူ မိမိကိုယ်တိုင်မယူဘဲ၊ ထိုပညတ်ကို လိုက်နာရန်မတတ်နိုင်သဖြင့် ခွင့်လွှတ်ခြင်းကို တောင်းခံသောသူများအား ထိုဆုလာဒ်ကို ပေးသနားတော်မူသည်။

## ၁၀။ သင့်ဘဝ၏အခြေခံအုတ်မြစ် (လုကာ ၆:၄၅–၄၉)

၁။ အပိုဒ်ငယ် ၄၅တွင် သခင်ယေရှုသည် မည်သူ့အကြောင်းကို သရုပ်ဖော်ပြောပြနေသနည်း။

၂။ လူတစ်ဦး၏ဘဝသည် အိမ်တစ်လုံးနှင့် မည်သည့်အချက်များတွင် တူညီမှုရှိသနည်း။ တတ်နိုင်သမျှ အချက်များများ ရှာဖွေကြည့်ပါ။
– အဘယ်ကြောင့် များစွာသောလူတို့သည် အိမ်၏/ဘဝ၏ အခြေခံအုတ်မြစ်ထက် အပြင်ပန်းအကာအရံကိုသာ အရေးပေးစဉ်းစားကြသနည်း။

**၃။ လူတို့သည် မည်သည့်အရာအမျိုးမျိုးကို မိမိတို့၏ဘဝအခြေခံအုတ်မြစ်အတွက် အသုံးပြုတတ်ကြသနည်း။**
– လူများစွာသည် အဘယ်ကြောင့် ဦးစွာ "နက်နက်ရှိုင်းရှိုင်း အုတ်မြစ်ချခြင်း" မပြုလုပ်ဘဲ မိမိတို့၏ဘဝကို တည်ဆောက်ကြသနည်း။

**၄။ သခင်ယေရှုသည် ဘဝကိုရိုက်ခတ်သော "မြစ်ရေထခြင်း" သို့မဟုတ် "လှိုင်းတံပိုး"ဟု ဆိုရာတွင် မည်သည့်အရာကို ညွှန်းလိုသနည်း။**
– သင်ယခုကျောက်ရွံ့နေသော "မြစ်ရေလှိုင်းတံပိုး"က သင့်ဘဝကို လာရောက်ရိုတ်ခတ်ပါက သင် မည်ကဲ့သို့ ပြုလုပ်မည်နည်း။

**၅။ ဤပုံဥပမာအရ "မြစ်ရေလှိုင်းတံပိုး"သည် ခရစ်ယာန်များနှင့် ခရစ်ယာန်မဟုတ်သော သူများ၏ဘဝကို အတူတူပင် ရိုက်ခတ်သည်။ အဘယ်ကြောင့် ခရစ်ယာန်များကိုပါ မချန်ဘဲ ရိုက်ခတ်ရသနည်း။**

**၆။ သင့်ဘဝကို ပျက်စီးခြင်းဘေးဒဏ် ရိုက်ခတ်ခဲ့သောအချိန်ကို ပြန်လည်တွေးကြည့်ပါ။ ထိုအချိန်တွင် သင် မည်သည့်အရာကို စွဲကိုင်အားပြုခဲ့သနည်း။**
– ဒုက္ခဆင်းရဲကြုံတွေ့ရသောအခါ သခင်ယေရှု၏နှုတ်ကပတ်တော်သည် သင်အား မည်ကဲ့သို့ ကူညီသနည်း။

**၇။ အိမ်ပြိုပျက်သွားသော သူတစ်ဦးသည် မည်ကဲ့သို့ ဖြစ်သွားမည်နည်း။ (ပျက်စီးခြင်းဘေးဒဏ် ရိုက်ခတ်ပြီးနောက် မည်ကဲ့သို့သော ဘဝအခြေအနေကို ရောက်သွားမည်နည်း။)**

**၈။ လူအချို့သည် သခင်ယေရှု၏စကားတော်ကို ကြားလျက်ပင် လက်တွေ့ မလိုက်နာရခြင်း အကြောင်းရင်းမှာ အဘယ်ကြောင့်နည်း။**

– လူတစ်ဦးအား မည်သည့်အရာက သခင်ယေရှု၏စကားတော်ကို လက်တွေ့လိုက်နာကျင့်သုံးစေသနည်း။
– ဤ လူနှစ်မျိုးအနက် သင်သည် မည်သည့်တစ်ခုတွင် ပါဝင်သနည်း။ (သင့်စိတ်နှလုံးမှ ဖြေဆိုနိုင်သည်)

**၉။ သခင်ယေရှု၏စကားတော်ကို လက်တွေ့လိုက်နာအသက်ရှင်ခြင်းဟုဆိုရာတွင် အရာအားလုံးထက် အရှေ့ဘက်တွင် ကျွန်ုပ်တို့လေ့လာခဲ့သောအရာများ –မိမိ၏ရန်သူများကိုချစ်ရန်– မိန့်တော်မူချက်ကို ဆိုလိုသည်။ ဤစကားတော်များသည် သင့်ဘဝ၏ အခြေခံအုတ်မြစ်ဖြစ်လာပြီဟု သင် ဆိုနိုင်ပါသလား။**

**၁၀။ "ကျောက်" ဟူသောစကားလုံးသည် သမ္မာကျမ်းစာတွင် အခြားအဓိပ္ပာယ်တစ်ခုရှိသေးသည်။ ရှင်ပေါလုက <u>၁ကော ၁၀း၄</u> တွင် "ထိုကျောက်ကား ခရစ်တော်ဖြစ်သတည်း" ဟု ပြောခဲ့သည်။ သင့်ဘဝကို ခရစ်တော်၏ ပညတ်တော် (ပညတ္တိကျမ်း) အပေါ် တည်ဆောက်ခြင်းနှင့် သခင်ယေရှုကိုယ်တော်တိုင် (ဧဝံဂေလိတရား)အပေါ် တည်ဆောက်ခြင်း ဤနှစ်ခုသည် မည်သို့ကွာခြားသနည်း။**

**၁၁။ သခင်ယေရှုကိုယ်တိုင် ပညတ်တော်အားလုံးကို လက်တွေ့ကျင့်ဆောင်ခဲ့သည်။ သို့သော်လည်း အဘယ်ကြောင့် "မြစ်ရေလျှံင်းတံပိုး" သူ့ဘဝကို ဖျက်ဆီးပစ်ခဲ့ရသနည်း။**

## ၁၁။ နာဣနမြို့မှ မုဆိုးမ (လုကာ ၇း၁၁–၁၇)

**နောက်ခံသမိုင်း။** လူများသည် ဓမ္မဟောင်းကျမ်းမှ ဧလိယနှင့် ဧလိရှဲတို့က မုဆိုးမ၏သားကို သေရာမှ ပြန်လည်ထမြောက်စေကြောင်းကို မှတ်မိကြသဖြင့် သခင်ယေရှုအား ကြီးမြတ်သောပရောဖက်ဟု ခေါ်ဝေါ်ခဲ့ကြသည်(၁၆)။

**၁။ ဤစျာပနာအခမ်းအနားသို့ လူအမြောက်အမြား သွားလိုခဲ့ကြသည့် အကြောင်းရင်းအမျိုးမျိုးကို တွေးကြည့်ပါ(၁၂)။**

**၂။ ဤမုဆိုးမ၏ဘဝကို တွေးကြည့်ပါ။ လူတိုင်းသည် သားသမီး ရနိုင်သမျှအများကြီးလိုချင်ကြသော ခေတ်အခါတွင် ဤမုဆိုးမ၌ ကလေးတစ်ယောက်တည်းသာ ရှိခဲ့သည်။ ဖခင်အသက်ရှင်နေစဉ်အတွင်း ဤမိသားစု၏ဘဝတွင် မည်သည့် အရေးပါသည့်အဖြစ်အပျက်များ ဖြစ်ခဲ့မည်ဟု သင်ထင်ပါသနည်း။**

–သူမ၏အမျိုးသား ဆုံးပါးသွားသောအခါ ဤအမျိုးသမီးအတွက် မည်သည့်အရာသည် အဆိုးရွားဆုံး ဖြစ်မည်နည်း။

**၃။မိခင်သည် တစ်ဦးတည်းသောသားကို မိမိတစ်ယောက်တည်း ကျွေးမွေးပြုစုရသောအခါ ငွေရေးကြေးရေးအရ၊ စိတ်ပိုင်းဆိုင်ရာအရ မည်သည့် ပြဿနာအခက်အခဲများ ကြုံတွေ့နိုင်သနည်း။**

**၄။မိခင်သည် သား၏အခေါင်းထမ်းစင်နောက် လိုက်နေရစဉ်တွင် ဘုရားသခင်နှင့်ပတ်သတ်၍ မည်သို့ တွေးတောလိမ့်မည်ဟု သင်ထင်ပါသနည်း။**

**၅။လူငယ်သေဆုံးသည့်အချိန်တွင် သခင်ယေရှုသည် နာဣနမြို့မှ ကီလိုမီတာ ၄၀ခန့် ကွာဝေးသော ကပေရနောင်မြို့၌ ရှိခဲ့သည်(လုကာ ၇း၁)။ စျာပနာကို သေဆုံးပြီး နောက်တစ်ရက်တွင် ကျင်းပလေ့ရှိကြသည်။ သခင်ယေရှုသည် ဤစျာပနာသို့ အချိန်မီရောက်ရန် အမြန်ဆုံးနှုန်းဖြင့် လမ်းလျှောက်ရန်လိုအပ်သည်။ သို့ဖြစ်လျှက်ပင် အဘယ်ကြောင့် သခင်ယေရှုသည် ထိုနေရာသို့ အချိန်မီအရောက်သွားလိုခဲ့သနည်း။**

–သခင်ယေရှုသည် သူ့အား အကူအညီ လုံးဝမတောင်းခံခဲ့သည့် ဤအမျိုးသမီးအား အဘယ်ကြောင့် ကူညီရန်အလိုတော်ရှိရသနည်း။

**၆။မည်ကဲ့သို့သောအခြေအနေမျိုးတွင် ဘုရားသခင်၏အကူအညီသည် သင့်ထံ အချိန်မီရောက်လာနိုင်မည် မဟုတ်ဟု သင်ခံစားဖူးသနည်း။**

**–သခင်ယေရှု၏အကူအညီသည် မည်သည့်အခါမျှ နောက်ကျခြင်းမရှိကြောင်းကို ကျွန်ုပ်တို့သည် မည်ကဲ့သို့ ယုံကြည်နိုင်မည်နည်း။**

**၇။သခင်ယေရှုသည် ငိုကြွေးနေသောမိခင်အား "မငိုနှင့်"ဟု အဘယ်ကြောင့် မိန့်တော်မူရသနည်း။**
–သခင်ယေရှုသည် ယနေ့သင့်အား "မငိုနှင့်"ဟု မိန့်တော်မူသည်။ ထိုစကားသည် မည်သည့်အရာကို ဆိုလိုသနည်း။

**၈။သခင်ယေရှုသည် လူငယ်အား မည်သို့ ပြန်လည်အသက်ရှင်စေခဲ့သနည်း။**

**၉။ရှင်လုကာက "ကိုယ်တော်သည် ထိုသူ(လူငယ်)ကို မိခင်အား အပ်ပေးတော်မူ၏"ဟု ဆိုရာတွင် မည်သည့်အရာကို ဆိုလိုသနည်း(၁၅)။**
–ဤအဖြစ်အပျက်အားဖြင့် မိခင်နှင့်သားကြား ဆက်ဆံရေးသည် မည်ကဲ့သို့ ပြောင်းလဲသွားမည်ဟု သင်ထင်ပါသနည်း။

**၁၀။ ကောင်းကင်ဘုံရှင် အဖဘုရားသည်လည်း သူ၏တစ်ဦးတည်းသောသားအား သင်္ချိုင်းဂူသို့ သယ်ဆောင်သွားကြသည်ကို ကြည့်ခဲ့ရသည်။ ဘုရားသခင်၏ ဝမ်းနည်းခြင်းဝေဒနာသည် မုဆိုးမ၏ဝေဒနာထက် ပို၍ ကြီးမားသည်ဟု ထင်ပါသလား။ သေးငယ်သည်ဟု ထင်ပါသလား။**
–အပိုဒ်ငယ် ၁၆တွင် "ဘုရားသခင်သည် မိမိလူမျိုးတို့အား အကြည့်အရှုကြွလာပြီ"ဟု ပြောထားသည်။ ဘုရားသခင်သည် အဘယ်ကြောင့် မိမိ၏တစ်ပါးတည်းသောသားတော် သေခါနီးအချိန်တွင် မကူညီခဲ့သနည်း။

## ၁၂။ များစွာခွင့်လွှတ်ခြင်းခံရသောအမျိုးသမီး (လုကာ ၇း၃၆–၅၀)

**နောက်ခံသမိုင်း။** ဤယဉ်ကျေးမှုတွင် အမျိုးသမီးများသည် လူအများရှေ့တွင် ဆံပင်ကို ပြရန်မသင့်လျော်ပေ။ အပိုဒ်ငယ် ၄၄–၄၆တွင် ဂုဏ်သရေရှိဧည့်သည်များအား အိမ်တွင် မည်သို့မည်ပုံ ဧည့်ခံကြိုဆိုကြောင်းကို ဖော်ပြထားသည်။

**၁။ ဖာရိရှဲ ရှိမုန်သည် မိမိအိမ်သို့ ဧည့်သည့်အဖြစ်ဖိတ်ခေါ်ထားသော သခင်ယေရှုနှင့် ပတ်သတ်၍ မည်ကဲ့သို့ တွေးထင်ထားသနည်း။ (၃၆၊ ၃၉၊ ၄၄–၄၆)**
– ရှိမုန်သည် အဘယ်ကြောင့် သခင်ယေရှုကို ဖိတ်ကြားခဲ့သည်ဟု သင်ထင်ပါသနည်း။

**၂။ ထိုအမျိုးသမီးသည် ၎င်းမြို့ရှိ ပြည်တန်ဆာဖြစ်သောကြောင့် လူတိုင်း သူမကို သိကြသည် (၃၇)။ ဤအမျိုးသမီး ကြီးပြင်းလာသည့် ကာလတစ်လျှောက် မည်သို့သော ဘဝမျိုးကို ပိုင်ဆိုင်ခဲ့လိမ့်မည်နည်း။ မည်သည့်အရာက သူမအား ပြည်တန်ဆာဖြစ်လာစေသနည်း။ ဖြစ်နိုင်ခြေအမျိုးမျိုးကို တွေးကြည့်ပါ။**
– ဤအမျိုးသမီးတွင် ချစ်မေတ္တာခံစားရခြင်းနှင့် ပတ်သတ်ပြီး မည်သို့သော အတွေ့အကြုံများ ရှိခဲ့မည်နည်း။

**၃။ ဆီမွှေးနှင့်ပြည့်သော ကျောက်ဖြူခွက်တစ်လုံးသည် အလွန်တန်ဖိုးကြီးသည်။ ဤအမျိုးသမီးသည် ထိုပိုက်ဆံကိုစုပြီး ကျောက်ဖြူခွက်ကို ဝယ်ခဲ့ရသည့် အကြောင်းရင်း အမျိုးမျိုးကို တွေးကြည့်ပါ။**

**၄။ အမျိုးသမီးသည် သခင်ယေရှုအား အဘယ်ကြောင့် အလွန်တွေ့ချင်ခဲ့သနည်း။ သူမသည် ဖာရိရှဲတစ်ဦး၏အိမ်တွင် နှေးထွေးစွာကြိုဆိုခြင်းခံရမည် မဟုတ်ကြောင်းကို ကြိုတင်သိထားပေမည်။**
– သခင်ယေရှုသည် သူမအား ငြင်းပယ်မည်မဟုတ်ကြောင်း သူမ မည်ကဲ့သို့ ယုံကြည်ခဲ့သနည်း။

**၅။ ဤအမျိုးသမီးသည် အဘယ်ကြောင့် သခင်ယေရှုအား တို့ထိချင်ရသနည်း။**
– ကျွန်ုပ်တို့သည် မိမိရွံရှာသောသူ သို့မဟုတ် တစ်စုံတစ်ခုနှင့် ထိမိပါက မည်သို့ ဖြစ်သွားကြသနည်း။
– အမျိုးသမီးသည် သခင်ယေရှုကို ထိသောအခါ မည်သို့ ဖြစ်ပျက်သွားသနည်း။

**၆။ သခင်ယေရှု၏ခြေထောက်တစ်ခုလုံး စိုစွက်သွားသည့်အထိ ထိုအမျိုးသမီးအား မည်သည့်အရာက ငိုကြွေးစေသနည်း။**

**၇။ ဤအမျိုးသမီး၏အဖြစ်အပျက်တွင် သခင်ယေရှုအပေါ်ထားသော သူမ၏ယုံကြည်ခြင်းသည် အရင်ဖြစ်ပေါ်သလား။ သို့မဟုတ် သခင်ယေရှုကိုချစ်သော သူမ၏ချစ်ခြင်းမေတ္တာသည် အရင်ဖြစ်ပေါ်ပါသလား။ သင်၏အကြောင်းပြချက်များကို ကျမ်းစာအကြောင်းအရာမှ အခြေခံ၍ ပြောပြပါ။**

– သင်သည် တစ်ကြိမ်တစ်ခါဖြစ်ဖြစ် သခင်ယေရှုအား စိတ်နှလုံးအကြွင်းမဲ့ချစ်သည်ဟု ခံစားဖူးပါက မည်သည့် အခြေအနေတွင် ခံစားခဲ့သနည်း။

**၈။ အပိုဒ်ငယ် ၄၁–၄၂တွင် သခင်ယေရှုသည် အကြွေးရှင်အကြောင်း ပုံဥပမာ ပြောပြခဲ့သည်။ (ဒေနာရိအပြား ငါးရာသည် ၁၂နှစ် လုပ်အားခနှင့် ညီမျှပြီး၊ ဒေနာရိအပြား ၅၀သည် တစ်နှစ်လုပ်အားခခန့် ရှိသည်။) ဤနေရာတွင် အပြစ်ကို အကြွေးနှင့် ခိုင်းနှိုင်းထားသည်။ ဤပုံပြင်အားဖြင့် သခင်ယေရှုသည် ရှိမုန်အား မည်သည့်အရာကို သင်ပေးလိုသနည်း။**

– သခင်ယေရှုက ဤပုံပြင်အားဖြင့် ရှိမုန်၏မည်သည့်အပြစ်ကို ညွှန်းလိုသနည်း။

**၉။ ထိုအမျိုးသမီးက ဘုရားသခင်အပေါ် တင်ထားသော အပြစ်ကြွေးမှာ မည်ကဲ့သို့ ဖြစ်သွားသနည်း။**

– ဘုရားသခင်အား ရှိမုန် တင်ထားသောအပြစ်ကြွေးမှာ မည်ကဲ့သို့ ဖြစ်သွားသနည်း။

– ရှိမုန်သည် သခင်ယေရှုကို မချစ်သည်မှာ အဘယ်ကြောင့်နည်း။

**၁၀။ သခင်ယေရှုသည် သင်၏အပြစ်များအားလုံးကို သိလျက်နှင့် အပိုဒ်ငယ် ၄၈နှင့် ၅၀မှ စကားအတိုင်း သင့်အား ယခုစကားပြောနေသည်။ သင် မည်ကဲ့သို့ ဖြေကြားမည်နည်း။**

## ၁၃။ မျိုးစေ့ကြဲခြင်း ပုံဥပမာ (လုကာ ၈:၄–၁၅)

**နောက်ခံသမိုင်း။** မျိုးစေ့ကြဲခြင်းပုံဥပမာသည် သခင်ယေရှု၏ ပထမဆုံးသော ပုံဥပမာဖြစ်ပြီး သူ၏သုံးနှစ်တာ လူထုသာသနာအတွက် လုပ်ငန်းစဉ်ကို ပုံဆောင်နေသည်။

**၁။ သခင်ယေရှုသည် အဘယ်ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မျိုးစေ့နှင့် နိုင်းနှိုင်းရသနည်း။ ဤအရာနှစ်ခု၏ တူညီချက်များကို ရနိုင်သမျှ ရှာဖွေပါ။**
– ဤပုံဥပမာအားဖြင့် သခင်ယေရှုသည် သူ၏လာမည့် သာသနာအကြောင်းနှင့် ပတ်သတ်၍ မည်သည့်အရာကို ပြောပြလိုသနည်း။

**၂။ မည်သည့် ခိုင်မာသောနည်းဖြင့် နတ်ဆိုးသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့၏နှလုံးသား ထဲမှ နှုတ်ယူသနည်း။ (၃၊၁၂)။**
– အပိုဒ်ငယ် ၁၂တွင် ဖော်ပြသောအရာ ကျွန်ုပ်တို့အပေါ် မဖြစ်ပွားစေရန် မည်သို့ ကာကွယ်နိုင်မည်နည်း။

**၃။ အပိုဒ်ငယ် ၆နှင့် ၁၃ကို ကြည့်ပါ။ မည်ကဲ့သို့သော စုံစမ်းခြင်းသည် လူတစ်ဦးအား ခရစ်ယာန်ယုံကြည်ခြင်း မှ လမ်းလွဲသွားစေနိုင်သနည်း။**
– အပိုဒ်ငယ် ၁၃တွင်ပါသော လူတို့သည် အစတွင် မည်သည့်အရာအပေါ် ဝမ်းမြောက်ကြသနည်း။
– သခင်ယေရှုသည် အမြစ်မစွဲသော ခရစ်ယာန်များဟု ဆိုရာတွင် မည်သည်ကို ဆိုလိုသနည်း။

**၄။ "လောကီစိုးရိမ်ခြင်း၊ စည်းစိမ်ကြွယ်ဝခြင်း၊ ကာမဂုဏ်ခံစားခြင်း"တို့သည် တရားစကားကို မည်သို့ ညှဉ်းဆဲနိုင်သနည်း။ (၇၊၁၄)**
– အဘယ်ကြောင့် ခရစ်ယာန်အသက်တာတွင် ချမ်းသာကြွယ်ဝခြင်းသည် ဆင်းရဲခြင်းထက် ပို၍ကြီးမားသော ပြဿနာ ဖြစ်နေရသနည်း။
– လောကီစိုးရိမ်ခြင်း၊ စည်းစိမ်ကြွယ်ဝခြင်းနှင့် ကာမဂုဏ်ခံစားခြင်းတို့သည် ကျွန်ုပ်တို့အား ဘုရားသခင်၏တရားတော်နှင့် တဖြည်းဖြည်း ဝေးကွာလာစေပြီဖြစ်ကြောင်း သိရပါက မည်ကဲ့သို့ ပြုလုပ်သင့်သနည်း။

**၅။ မကောင်းသောမြေသည် ကောင်းသောမြေ မည်ကဲ့သို့ ဖြစ်လာနိုင်သနည်း။ (၈၊၁၅)**
– လူတို့၏အသက်တာတွင် အသီးသီးနိုင်ရန် မည်သို့သောအချက်များ လိုအပ်သနည်း။

**၆။ ယခုဤအချိန်တွင် သင်၏နှလုံးသားအနေအထားသည် မြေလေးမျိုးအနက် မည်သည့်မြေနှင့် ကိုက်ညီသနည်း။ (သင့်စိတ်နှလုံးမှ ဖြေဆိုနိုင်သည်။)**
**၇။ သခင်ယေရှုက "အဆပွားများ၍ အသီးကိုသီးသည်"ဟု ဆိုရာတွင် မည်သည့်အရာကို ဆိုလိုသနည်း။ (၈)**
- ယနေ့ ခရစ်ယာန်များသည် အဘယ်ကြောင့် သူတို့၏အသက်တာတွင် နေချင်းညချင်း 'အသီးအပွင့်' သီးစေလိုကြသနည်း။

**၈။ ဤကျမ်းပိုဒ်သည် ကျွန်ုပ်တို့အား ဧဝံဂေလိတရားနှင့်ပတ်သတ်၍ မည်သည့်အရာကို သွန်သင်ပေးသနည်း။**

**၉။ သမ္မာကျမ်းစာတွင် သခင်ယေရှုသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ထပ်တူဖော်ပြလေ့ရှိသည် (ခေါင်းဆောင်သည် ယောဟန် ၁း၁ကို ဖတ်ပြနိုင်သည်)။ သခင်ယေရှုနှင့် မျိုးစေ့ကြား တူညီသောအချက်များကို ဖော်ပြပါ။**

**ဝမ်းမြောက်ဖွယ်သတင်း။** သခင်ယေရှုသည် ဤလောက၌ အသက်ရှင်စဉ် နောက်ဆုံးသောအချိန်တွင် ဤသို့ မိန့်တော်မူခဲ့သည်။ "လူသားသည် ဘုန်းပွင့်ရသောအချိန်ရောက်ပြီ။ ငါအမှန်အကန်ဆိုသည်ကား မြေ၌ကျသောစပါးစေ့သည် မပျက်လျှင် တစ်ခုတည်းနေ၏။ ပျက်လျှင်မူကား များစွာသောအသီးကို သီးတတ်၏...ထိုသို့ မိန့်တော်မူသော် မိမိသည် အဘယ်သို့သေရမည်အရိပ်ကို ပေးတော်မူ၏" (ယောဟန် ၁၂း၂၃-၃၃)။ ထို့ကြောင့် ဤပုံဥပမာရှိ မျိုးစေ့သည် အခြားမဟုတ်ဘဲ လက်ဝါးကားတိုင်တရားတော်ပင် ဖြစ်သည်။

## ၁၄။ ကိုယ်တော့်နောက်သို့ ကျွန်ုပ်လိုက်ပါမည် (လုကာ ၉း၅၇–၆၂)

**၁။ ဤကျမ်းပိုဒ်တွင် သခင်ယေရှုနောက်လိုက်ခြင်း၏အဖိုးအခကို တွက်ချက်နေသော လူသုံးဦးအကြောင်း တွေ့ရသည်။ မည်သည့်အခြေအနေမျိုးတွင် သင်သည်လည်း ထိုသို့ တွက်ချက်ခဲ့ဖူးသနည်း။**

**၂။ သခင်ယေရှုသည် ပထမတစ်ဦးအား အဘယ်ကြောင့် "ငါတို့၏အဖွဲ့အစည်းမှ ကြိုဆိုပါသည်" ဟု ရိုးရှင်းစွာ မပြောခဲ့သနည်း။ (၅၇–၅၈)**
– သခင်ယေရှုသည် အပိုဒ်ငယ် ၅၈တွင် ဖြေကြားသောစကားအားဖြင့် ဤသူအား မည်သည့်အရာကို ပြောပြလိုသနည်း။

**၃။ သခင်ယေရှု သင့်အား ဂတိပေးတော်မူသောအသက်တာမှာ အပိုဒ်ငယ် ၅၈တွင် ဖော်ပြထားသည့်ဘဝမျိုးသာဖြစ်ပါက သင် မည်ကဲ့သို့ တုန့်ပြန်မည်နည်း။**
– သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်လျက်ပင် အဘယ်ကြောင့် အပိုဒ်ငယ် ၅၈တွင် ဖော်ပြထားသော ဘဝမျိုး၌သာ အသက်ရှင်ခဲ့ရသနည်း။

**၄။ ဒုတိယလူ ဦးစားပေးသောအရာများမှာ အဘယ်နည်း။ (၅၉–၆၀)**
– ဒုတိယလူ၏ ဦးစားပေးအရာများနှင့် သင်ကိုယ်တိုင်၏ဦးစားပေးအရာများကို ခိုင်းနှိုင်းကြည့်ပါ။
– ထိုသို့သော အခြေအနေမျိုးတွင် သင်၏သားသမီးများအား မည်သည့်အရာကို ဦးစားပေး ရွေးချယ်စေလို သနည်း။

**၅။ ကျွန်ုပ်တို့သည် သခင်ယေရှုနောက်လိုက်ရန် မတတ်နိုင်တော့ဟု မိမိကိုယ်ကို ထင်ရလောက်အောင် မိသားစုဝင်များ၏သေဆုံးမှုသည် ကျွန်ုပ်တို့အား မည်မျှလောက် နှောင်ဖွဲ့ထားနိုင်သနည်း။**

**၆။ တတိယလူသည် မိမိအိမ်သို့ နောက်တစ်ကြိမ်ပြန်သွားလိုသော အကြောင်းရင်း အစစ်အမှန်မှာ အဘယ်နည်း။ (၆၁–၆၂)**
– သခင်ယေရှုသည် အဘယ်ကြောင့် သူ၏အနည်းငယ်သော စိတ်သက်သာမှုကို ခွင့်မပြုခဲ့သနည်း။

**၇။ ဤလူသုံးဦးသည် သခင်ယေရှုနောက်မလိုက်ဘဲ ကျန်ရစ်ခဲ့ရန် ဆုံးဖြတ်ကြပါက ဤသူတို့၏ဘဝသည် မည်ကဲ့သို့ ပြောင်းလဲသွားမည်နည်း။ အကယ်၍ သူတို့သည်**

**ကောင်းကင်နိုင်ငံတော်အကြောင်းကိုဟောပြောရန် ရွေးချယ်ခဲ့ပါက မည်သို့ပြောင်းလဲသွားမည်နည်း။**

**၈။ သခင်ယေရှုခေတ်အပါအဝင် ယဉ်ကျေးမှုအများစုတွင် မိဘများအား ရိုသေလေးစားမှုပြသခြင်းသည် သားတစ်ဦးအတွက် အရေးကြီးဆုံးသောအရာဖြစ်သည်။ သခင်ယေရှုသည် အဘယ်ကြောင့် မိမိ၏ယဉ်ကျေးမှုကို ဆန့်ကျင်ပြီး ပြုမူခဲ့သနည်း။**

– သခင်ယေရှုသည် မိဘကို ရိုသေရန်အရေးကြီးကြောင်း သွန်သင်ခဲ့သည်။ ယခု ဤကျမ်းပိုဒ်ကို ၄င်းပညတ်ချက်နှင့် မည်ကဲ့သို့ ဆီလျော်အောင် လက်ခံနိုင်သနည်း။

**၉။ သခင်ယေရှုသည် ဤသူသုံးဦးအား သတိပေးခဲ့သကဲ့သို့ ကျွန်ုပ်တို့သည်လည်း အသင်းတော်ရှိ လူငယ်များအား သခင်ယေရှုနောက်လိုက်ခြင်းကြောင့် ကြုံရမည့်အခက်အခဲများကို သတိပေးပြောဆိုပါသလား။**

**၁၀။ သင်သည် ဘုရားသခင်၏နိုင်ငံတော်တွင် အစေခံရန်အတွက် မထိုက်မတန်ကြောင်း သိရှိပါက သင် မည်ကဲ့သို့ ပြုသင့်သနည်း။**

**ဝမ်းမြောက်ဖွယ်သတင်းကောင်း။** ဤစကားလုံးများကို ပြောတော်မူသောအချိန်သည် သခင်ယေရှု ယေရှုရှလင်မြို့သို့ သွားနေစဉ်တွင် ဖြစ်သည်။ သူသည် ထွန်ကိုင်းကို ကိုင်ပြီးနောက် နောက်သို့လှည့်မကြည့်ခဲ့ပါ။ သူခံစားရမည့် ဆင်းရဲဒုက္ခနှင့် သေခြင်းတရားရှိရာသို့ တစိုက်မတ်မတ် သွားတော်မူခဲ့သည်။ သူသည် ဘုရားသခင်၏နိုင်ငံတော်နှင့် ထိုက်တန်သောသူဖြစ်သည်။ ထိုသို့ ထိုက်တန်သော တစ်ဦးတည်းသောသူလည်း ဖြစ်ကောင်းဖြစ်ပေမည်။ ထိုသို့ ထိုက်တန်ရခြင်းမှာ သူ့အတွက် မဟုတ်ဘဲ ကျွန်ုပ်တို့အတွက်ကြောင့် ဖြစ်သည်။

## ၁၅။ ကောင်းကင်စာရင်းဝင်သောနာမများ (လုကာ ၁၀း၁၇–၂၀)

**နောက်ခံသမိုင်း။** နောက်ခံအချက်အလက်အနေဖြင့် လုကာ ၁၀း၁၉ကို ဖတ်ပါ။ ဤကျမ်းပိုဒ်သည် ဂါလိလဲပြည်၏ အရေးပါသောနိုးထမှုကာလအကြောင်းကို ပြောပြထားသည်။ မေးခွန်းနံပါတ် ၉.၁ အတွက် ကမာဦးကျမ်း ၃း၁၅ ကို ကိုးကားပါ။

**၁။ ကျွန်ုပ်တို့အသင်းတော်မှ အသင်းသားများသည် ဤလူခုနစ်ဆယ်ကဲ့သို့သော တန်ခိုးများရှိပါက မည်သည့်အရာများ ဖြစ်ပျက်လာမည်ဟု သင်ထင်ပါသနည်း။**
– ဤခုနစ်ဆယ်တို့သည် အဘယ်ကြောင့် သခင်ယေရှုထံသို့ မိမိတို့သာသနာ၏အခန်းကဏ္ဍတစ်ခုတည်းကိုသာ အစီရင်ခံပြောပြခဲ့ကြသနည်း။

**၂။ လူတို့သည် အဘယ်ကြောင့် တန်ခိုးနှင့် အာဏာရှိလျှင် ပျော်ကြသနည်း။**
– တပည့်တော်များသည် သူတို့၏အောင်မြင်ခြင်းအတွက် ဝမ်းမြောက်ကြသောအခါ သခင်ယေရှုသည် အဘယ်ကြောင့် သူတို့နှင့်အတူ ဝမ်းမြောက်တော်မမူသနည်း။

**၃။ မိမိ၏သာသနာအတွက် ဝမ်းမြောက်ခြင်းနှင့် မိမိ၏အမည် ကောင်းကင်စာရင်းဝင်သောကြောင့် ဝမ်းမြောက်ခြင်းသည် မည်ကဲ့သို့ ကွာခြားသနည်း။**
– အဘယ်ကြောင့် ကောင်းကင်နှင့်ဆိုင်သောအရာများအတွက် ဝမ်းမြောက်ခြင်းထက် မြေကြီးပေါ်ရှိအရာများအတွက် ဝမ်းမြောက်ရန် ပို၍ လွယ်ကူရသနည်း။

**၄။ နတ်ဆိုးများကို နှင်ထုတ်နိုင်သော မိမိ၏တန်ခိုးကြောင့်ဝမ်းမြောက်သော တပည့်တော်များသည် မည်သည့် တရားဒေတနာမျိုးကို ဟောတတ်သနည်း။**
– မိမိ၏နာမည်သည် ကောင်းကင်စာရင်း၌ဝင်သောကြောင့် ဝမ်းမြောက်သော တပည့်တော်များသည် မည်သည့် တရားဒေတနာမျိုးကို ဟောတတ်သနည်း။

**၅။ ကျွန်ုပ်တို့သည် မိမိ၏အမည်နာမများ ကောင်းကင်စာရင်း၌ဝင်သောကြောင့် ဝမ်းမြောက်တတ်စေရန် မည်သည့်အရာများ ဦးစွာ ဖြစ်ပျက်ရမည်နည်း။**

**၆။ မည်သည့်အချိန်တွင်/ မည်သို့သောအားဖြင့် ကျွန်ုပ်တို့၏အမည်များသည် ကောင်းကင်စာရင်း၌ ဝင်နိုင်သနည်း။**

**၇။ အပိုဒ်ငယ် ၁၉တွင်ပါသောအရာများ အမှန်တကယ်ဖြစ်ပျက်သည်ကို သင် ကြားဖူးပါသနည်း။ မည်သည့်နေရာ၊ မည်သည့်အချိန်တွင် ဖြစ်ပျက်ခဲ့သနည်း။**

– မည်သို့သောအခြေအနေမျိုးတွင် သင်သည် မြွေနှင့်ကင်းမြီးကောက်တို့ကို နင်းခြေရန် သတ္တိမျိုး ရှိလာနိုင်သနည်း။

**၈။ အဘယ်ကြောင့် မည်သည့်အရာမျှ သို့မဟုတ် မည်သူမျှ သခင်ယေရှု၏တပည့်များကို မညှဉ်းဆဲနိုင်သနည်း။ (၁၉)**

– သင့်အား သို့မဟုတ် သင်ချစ်သောသူများအား မည်သည့်အရာက ထိခိုက်ညှဉ်းဆဲမည်ကို သင်ကြောက်ရွံ့သနည်း။

– ဤကျမ်းပိုဒ်အရ ကျွန်ုပ်တို့ ကြောက်ရန်မလိုသည့်အရာများမှာ မည်သည့်အရာများ ဖြစ်သနည်း။

– ကျွန်ုပ်တို့ ကြောက်ရွံ့ရမည့်အရာများမှာ မည်သည့်အရာများ ဖြစ်သနည်း။

**၉။ သခင်ယေရှု၏တပည့်တော်အမြောက်အများသည် မာတုရအဖြစ် အသေခံခဲ့ကြသည်။ သို့ဖြစ်လျှင် သူတို့သည် ရန်သူ၏တန်ခိုးအားလုံးကို အနိုင်ယူကျော်လွှားခဲ့ကြောင်း မှန်ကန်သည်ဟု ကျွန်ုပ်တို့ မည်သို့ ပြောနိုင်မည်နည်း။**

– ရှေးမြွေဟောင်း (စာတန်မာနတ်)သည် အဘယ်ကြောင့် လက်ဝါးကားတိုင်တွင် သခင်ယေရှု၏ဖနောင့်ကို ကြိတ်ခွင့်ရခဲ့သနည်း။

**၁၀။ ကျွန်ုပ်တို့၏အမှုတော်သာသနာနှင့် ပတ်သတ်ပြီး ဤကျမ်းပိုဒ်သည် မည်သည့်အရာကို သွန်သင်နေသနည်း။**

– "တန်ခိုးအာဏာနှင့်ဆိုင်သောဧဝံဂေလိ" (power evangelism) အကြောင်းနှင့်ပတ်သတ်ပြီး မည်ကဲ့သို့ ပြောပြနေသနည်း။ (အကယ်၍ ဤဝေါဟာရကိုမသိပါက မေးခွန်းကို ကျော်သွားနိုင်သည်။)

**ဝမ်းမြောက်ဖွယ်သတင်းကောင်း။** ကောင်းကင်စာရင်း၌ နာမည်မပါသောသူများသည် မည်ကဲ့သို့ ဖြစ်မည်ကို သမ္မာကျမ်းစာတွင် ဖော်ပြထားသည်။ "အသက်စာစောင်၌ စာရင်းမဝင်သောသူရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ ချပစ်လေ၏" (ဗျာဒိတ် ၂၀:၁၅)။ သခင်ယေရှုသည် ကျွန်ုပ်တို့အား ထိုကဲ့သို့ မဖြစ်စေလိုသောကြောင့် မောရှေကဲ့သို့ "သူတို့အပြစ်ကို လွှတ်ခြင်းငှါ အလိုတော်ရှိလျှင် လွှတ်တော်မူပါ။ သို့မဟုတ်၊ ကိုယ်တော်စီရင် တော်မူသောစာရင်း၌ အကျွန်ုပ်နာမကို ချေတော်မူပါ" ဟု ဆုတောင်းတော်မူခဲ့သည် (ထွက် ၃၂:၃၂)။

## ၁၆။ ကောင်းသောရှမာရိလူ (လုကာ ၁၀း၂၅-၃၇)

**နောက်ခံသမိုင်း**- ယေရှုရှလင်မြို့နှင့် ယေရိခေါမြို့အကြားရှိတောင်ကြားလမ်းမှာ ကီလိုမီတာ ၃၀ခန့်ဝေးပြီး၊ ထိုလမ်း၌ ဓားပြများ ပုန်းအောင်းနေသောကြောင့် အလွန်အန္တရယ်များသည်။ လေဝိလူမျိုးဆိုသည်မှာ ဗိမ္မာန်တော်တွင် ဘုရားကျောင်းစောင့်ထိန်းသည့် တာဝန်ထမ်းဆောင်ရသောသူဖြစ်သည်။ ထိုအချိန်၌ ဂျူးနှင့်ရှမာရိလူမျိုးများမှာ တစ်နိုင်ငံတွင်းထဲတွင်နေသော်လည်း တစ်ဦးနှင့်တစ်ဦး မုန်းတီးခဲ့ကြသည် (သင်၏နိုင်ငံမှ ဥပမာပေးကြည့်ပါ)။

**၁။ လူတစ်ယောက်သည် ဝေဒနာခံစားနေရသောမိတ်ဆွေကို ဂရုမစိုက်ဘဲ မိမိအကျိုးနှင့် မိသားစုအတွက်သာ စဉ်းစားပါက ထိုသူသည် ပျော်ရွှင်နိုင်မည်လား။**

- ဒုက္ခရောက်နေသူများကိုကူညီရန် သင် ငွေကြေး ဘယ်နှစ်ခါ ပေးလှူဖူးပါသနည်း။

**၂။ အပိုဒ်ငယ် ၂၅-၂၇အရ သခင်ယေရှုပြောသည့် ကောင်းကင်နိုင်ငံသို့ရောက်သော နည်းလမ်းမှာ အဘယ်နည်း။**

- အကယ်၍များ အပိုဒ်ငယ်၂၇၊၂၈တွင် သခင်ယေရှုပြောထားသကဲ့သို့ဖြစ်ပါက သင် ကောင်းကင်နိုင်ငံသို့ ရောက်နိုင်ရန် အခွင့်အရေးမည်မျှရှိသနည်း။

**၃။ သခင်ယေရှုသည် ဓားပြများ၏လုယူရိုက်နှက်ခြင်းကိုခံရသော လူတစ်ယောက်၏ ပုံဥပမာကို ပြောပြထားသည်။ ထိုဒဏ်ရာနှင့်လူသည် လမ်းဘေး၌ လဲလျှက်ရှိနေစဉ် မည်သို့သောအတွေးများ တွေးလျက်နေမည်ဟု ထင်ပါသနည်း။(၃၀)**

- ထိုသူသည် အချိန်မီ အိမ်သို့ပြန်မရောက်သောအခါ သူ၏ဇနီးနှင့်သားသမီးများသည် မည်ကဲ့သို့ တွေးထင်ကြမည်နည်း။

**၄။ ဖြတ်သွားသူများအတွက် ဒုက္ခရောက်သောသူကို ကူညီရန် ဝန်လေးစေသောအရာမှာ အဘယ်နည်း။**

- ယဇ်ပုရောဟိတ်မင်းနှင့် လေဝိအမျိုးတို့သည် ဆောင်ရွက်စရာအမှုများဆောင်ရွက်ရန် ဗိမ္မာန်တော်သို့ သွားကြခြင်းဖြစ်သည်။ အကယ်၍များဤဒဏ်ရာနှင့်လူသည် သူတို့၏ သားဖြစ်ခဲ့ပါက မည်ကဲ့သို့ လုပ်ဆောင်ပေးမည်ဟု သင်ထင်သနည်း။
- ထိုသူနှစ်ယောက်သည် ဒုက္ခရောက်နေသောသူကိုကူညီရန် အဘယ်ကြောင့် ငြင်းဆိုရသနည်း။ ဖြစ်နိုင်ခြေအကြောင်းရင်းအမျိုးမျိုး စဉ်းစားကြည့်ပါ။ (၃၁-၃၂)
- သင်သည်လည်း ထိုကဲ့သို့သောအခြေအနေမျိုးကြုံရပါက မည်ကဲ့သို့ လုပ်ဆောင်မည်နည်း။

**၅။ ထိုယဇ်ပုရောဟိတ်နှင့် လေဝိအမျိုးသည် မိမိတို့ငယ်စဉ်မှစ၍ သင်ကြားခဲ့ရသော မိမိအိမ်နီးချင်းကို ချစ်ရမည်ဟူသောပညတ်ချက်ကို မည်ကဲ့သို့ အနက်ပြန်ကြမည်ဟု ထင်ပါသနည်း။ အပိုဒ်ငယ် ၂၇ ကို ကြည့်ပါ။**
– "ဘုရားသခင်ကို ကျွန်ုပ်စိတ်နှလုံးအကြွင်းမဲ့ချစ်ပါတယ်။ ဒါပေမဲ့ ကျွန်ုပ်မှာ သူတစ်ပါးကိုကူညီဖို့ အခွင့်အရေးမရလို့ပါ။"ဟု ပြောသောသူများကို သင်မည်ကဲ့သို့ ယူဆသနည်း။

**၆။ အကယ်၍များ ရှမာရိလူက ထိုဒဏ်ရာရနေသောဂျူးလူမျိုးကို မကူညီဘဲ ကျော်သွားပါက သူသည် မိမိ၏အပြုအမူအတွက် မည်ကဲ့သို့ အကြောင်းပြချက်ပေးနိုင်မည်နည်း။ နောက်ခံသမိုင်းကို ကြည့်ပါ။**
–အပိုဒ်ငယ်၃၃–၃၅အရ ရှမာရိလူသည် ထိုအခြေအနေတွင် အခြားသူများမျှော်လင့်ထားသည်ထက် ကျော်လွန်၍ မည်ကဲ့သို့ လုပ်ဆောင်ခဲ့သနည်း။

**၇။ ဒေနာရိနှစ်ပြားသည် နှစ်ရက်လုပ်အားခဖြစ်သည်။ တစ်လစာလုပ်အားခ၏ တစ်ဆယ့်သုံးပုံတစ်ပုံလည်းဖြစ်သည်။ ထိုဒေနာရိနှစ်ပြားသည် သင်တို့၏ငွေကြေး၌ တန်ဖိုးမည်မျှရှိမည်နည်း။**
– ထိုရှာမာရိလူသည် မိမိနှင့်လုံးဝမသိသော တစိမ်းတစ်ယောက်ကို ထိုမျှလောက်သောငွေကြေးကို အဘယ်ကြောင့်ပေးသည်ကို ဖြစ်နိုင်ချေအမျိုးမျိုးမှ စဉ်းစားကြည့်ပါ။ (၃၅)

**၈။ သခင်ယေရှုပြောသော ' မိမိနှင့်စပ်ဆိုင်သောသူ 'ဆိုသည်မှာ မည်သူနည်း။**
– သင်ကူညီရမည့် သင့်၏အိမ်နီးချင်းမှာ အဘယ်သူနည်း။

**၉။ အကယ်၍များ ဤပုံဥပမာထဲမှ သင်နှင့်အလိုက်ဖက်ဆုံး လူတစ်ယောက်ကို ရွေးချယ်နိုင်းလျှင် မည်သူ့ကို ရွေးချယ်မည်နည်း။ ဒုက္ခရောက်သောသူလား။ ဓားပြလား။ ယဇ်ပုရောဟိတ်လား။ ဘုရားကျောင်းစောင့် လေဝိလူလား သို့မဟုတ် တည်းခိုခန်းပိုင်ရှင်လား။ ထိုသူကိုရွေးချယ်ရသည့် အကြောင်းပြချက်ပေးပါ။**
– သခင်ယေရှုသည် ဤပုံဥပမာမှ ရှမာရိလူနှင့် မည်သို့ ဆင်တူသနည်း။
– ဓားပြများ၏ရိုက်နှက်ခြင်းခံရသောသူနှင့်လည်း မည်သည့်နေရာတွင် တူသနည်း။
– သခင်ယေရှုမှ ကောင်းကင်နိုင်ငံသို့ရောက်ရန် အပိုဒ်ငယ်၂၇၌ ဖော်ပြထားသောနည်းလမ်းအပြင် တစ်ခြားအရာတစ်ခုကို ပြင်ဆင်ထားသေးသည်။ ထိုအရာမှာ အဘယ်နည်း။

**ဝမ်းမြောက်ဖွယ်သတင်းစကား–** သခင်ယေရှုက "သင်သည်သွား၍ ထိုနည်းတူပြုလော့" ဟုပြောပြီး သူကိုယ်တိုင်ထိုကဲ့သို့ပြုခဲ့သည်။ လူအများမှ သင်၏ဝမ်းနည်းခြင်း၊ အားငယ်ခြင်းကို ဂရုမစိုက်ဘဲ ရှောင်ထွက်သွားကြသော်လည်း၊ သခင်ယေရှုသည် ထိုကဲ့သို့မလုပ်

ပါ။ သူသည် သင်၏ဘေး၌ရပ်နေပြီး သင့်နှလုံးသားနာကျင်ကြေကွဲခြင်းကို ကုသပေးရန် အလိုတော်ရှိသည်။ သင်မည်ကဲ့သို့ အဖြေပေးမည်နည်း။ (စိတ်နှလုံးတွင်းမှ ဖြေဆိုပါ။)

## ၁၇။ တစ်ခုတည်းသော လိုအပ်သည့်အရာ (လုကာ ၁၀:၃၈-၄၂)

**နောက်ခံသမိုင်း**။ သခင်ယေရှုခေတ်မှ အမျိုးသမီးများ၏ အခြေနေအဆင့်တန်းသည် ယနေ့ခေတ်နှင့် မတူပေ။ မတူညီချက်များအနက် တစ်ခုမှာ အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ ကျမ်းစာလေ့လာခွင့် မရှိခဲ့ခြင်း ဖြစ်သည်။

**၁။ မိတ်ဆွေကောင်းထံသို့ အလည်သွားသောအခါ မည်သည့်အရာကို သင် အမျှော်လင့်ဆုံးနည်း။**
- သခင်ယေရှုနှင့် သူ၏တပည့်တော်တို့သည် တစ်နေ့လုံး အပြင်တွင် သွားလာကြရသည်။ သူတို့သည် ဤညီအစ်မ နှစ်ဦး၏အိမ်တွင် တည်းခိုရသောအခါ မည်သည့်အရာကို မျှော်လင့်ကြမည်ဟု သင်ထင်ပါသနည်း။

**၂။ သခင်ယေရှု အလည်လာခြင်းအပေါ် မာသနှင့် မာရိ၏တုန့်ပြန်ချက်များကို တွေးကြည့်ပါ။** မည်သည့်တစ်ယောက်၏အပြုအမူကို သင် ပို၍ နားလည်ပေးနိုင်သနည်း။ အဘယ်ကြောင့်နည်း။

**၃။ မာသ၏ပြဿနာအမှန်ကို အပိုဒ်ငယ်၄၀တွင် တွေ့ရသည်။ ထိုပြဿနာမှာ အဘယ်နည်း။**
- မာသသည် အဘယ်ကြောင့် မာရိအပေါ်တင်မကဘဲ သခင်ယေရှုအပေါ်တွင်ပါ စိတ်မရှည်ဖြစ်ရသနည်း။
- မည်သည့်အခြေအနေတွင် သင်သည် "ကိုယ်တော် (ဒီလိုဒီလို)ဖြစ်နေတာ ဂရုမစိုက်ဘူးလား" ဟု ပြောချင်ခဲ့ဖူးသနည်း။

**၄။ မာရိသည် ညနေစာအတွက် မည်သို့ စဉ်းစားထားမည်နည်း။**
- သခင်ယေရှုသည် အဘယ်ကြောင့် မာသကိုပါ သူ၏သွန်သင်ချက်ကို နားထောင်ရန် မပြောခဲ့သနည်း။

**၅။ အချို့သော ခရစ်ယာန်များသည် သခင်ယေရှု၏စကားကို နားထောင်ရသည်ထက် သူ့အားအစေခံရန် ပိုမို စိတ်အားထက်သန်ကြသည်။ အဘယ်ကြောင့်နည်း။**
- လူနှစ်ဦး၏ဆက်ဆံရေးတွင် တစ်ဦးပြောလိုသောစကားကို နောက်တစ်ဦးမှ စိတ်ဝင်စားခြင်းမရှိပါက ထိုဆက်ဆံရေးသည် မည်သို့သောအခြေအနေကို ဖော်ပြနေသနည်း။

**၆။ "လိုသောအရာတစ်ခုတည်းရှိ၏" ဟူသောစကားအားဖြင့် သခင်ယေရှုသည် မည်သည့်အရာကို ဆိုလိုသနည်း။ (၄၂)**

– သခင်ယေရှု၏စကားတော်ကို နားထောင်ခြင်းသည်သာ သင်၏အသက်ခြင်းနှင့် သေခြင်းအတွက် တစ်ခုတည်းသော လိုအပ်သည့်အရာဖြစ်သည်ဟု သင်သဘောတူပါသလား။

**၇။ သခင်ယေရှုသည် အဘယ်ကြောင့် သင့်အားသူ၏စကားတော်ကို အမြဲပုံမှန် နားထောင်စေလိုရသနည်း။**
– ကျွန်ုပ်တို့သည် သခင်ယေရှု၏စကားတော်ကို တစ်ခါတစ်ရံမှသာ နားထောင်ပါက မည်ကဲ့သို့ ဖြစ်သွားမည်နည်း။

**၈။ ကျွန်ုပ်တို့သည် တစ်စုံတစ်ခုကိုပြုလုပ်ရန် ရွေးချယ်လိုက်သောအခါ အခြားတစ်စုံတစ်ခုကိုမလုပ်ရန် ဆုံးဖြတ်ခြင်းနှင့် အတူတူပင်ဖြစ်သည်။ သမ္မာကျမ်းစာဖတ်ရှုရန်နှင့် ခရစ်ယာန်မိတ်သဟာရအစီအစဉ်သို့ သွားရန်အတွက် သင်သည် မည်သည့်အရာများကို စွန့်လွှတ်ရသနည်း။**

**၉။ သခင်ယေရှုသည် မာရိနှင့်မာသတွင် မည်သူကို ပို၍ချစ်သည်ဟု သင်ထင်ပါသနည်း။**
– အပိုဒ်ငယ် ၄၁ နှင့် ၄၂ နှစ်ခုအနက် မည်သည့်စကားကို ယနေ့သခင်ယေရှု သင့်အား ပြောနေသည်ဟု သင်ထင်ပါသနည်း။

**၁၀။ အသက်ရှင်ခြင်းနှင့် သေခြင်းအတွက် လိုအပ်သည့် တစ်ခုတည်းသောအရာမှာ ဘုရားသခင်၏နှုတ်ထွက် စကားတော်ကိုကြားရန်ဖြစ်သည်။ သခင်ယေရှုသည် လက်ဝါးကပ်တိုင်တွင် ဆွဲထားခြင်းကိုခံရသောအခါ အဘယ်ကြောင့် ဘုရားသခင်၏စကားတော်ကို မကြားခဲ့ရသနည်း။**

## ၁၈။ ငါးလား၊ မြွေလား (လုကာ ၁၁း၅–၁၃)

**၁။ သခင်ယေရှုသည် ဤကျမ်းပိုဒ်တွင် ပါဝင်သော ပုံဥပမာအားဖြင့် ဆုတောင်းခြင်းအကြောင်းကို သွန်သင်တော်မူလိုသည်။ သင်၏အခြေအနေသည် ပုံဥပမာတွင်ပါဝင်သောသူ၏အခြေအနေနှင့် မည်သို့သော တူညီချက်များရှိသနည်း။**
– မည်သို့သောအခြေအနေတွင် သင်သည် ပုံဥပမာမှထိုသူကဲ့သို့ မရမနေ (လိုအပ်ချက်ကြီးစွာဖြင့်) ဆုတောင်းခဲ့ဖူးပါသနည်း။

**၂။ အိမ်ထဲမှသူငယ်ချင်းသည် သူ့အား တောင်းဆိုသည့်အတိုင်း လုပ်ဆောင်လိုစိတ်မရှိဟန်ပေါ်ပါသည်။** သခင်ယေရှုသည် အဘယ်ကြောင့် ထိုကဲ့သို့သောသူငယ်ချင်းမျိုးနှင့် ဘုရားသခင်အား ခိုင်းနှိုင်းထားရသနည်း။

**၃။ မည်သည့်အရာက ပထမလူအား မိမိလိုချင်သောအရာကို မရမချင်း အတင်းတောင်းဆိုစေသနည်း။**
– ကျွန်ုပ်တို့သည် ဘုရားသခင် အဖြေမပေးမချင်း ဆုတောင်းဖို့ရန် ဇွဲ (စိတ်ရှည်ခြင်း)ကို မည်သည့်နေရာမှရရှိနိုင်သနည်း။

**၄။ ဆုတောင်းခြင်းအကြောင်း သင်ကြားပေးသောအခါ သခင်ယေရှုသည် "တောင်းသည်၊ ရှာသည်၊ ခေါက်သည်" ဟူသော မတူသည့် ကြိယာပုဒ် သုံးခုကို အသုံးပြုတော်မူသည် (၉–၁၀)။ ဤ ကြိယာများသည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းအသက်တာနှင့် ပတ်သတ်ပြီး မည်သည့်အချက်များကို ဖော်ပြနေသနည်း။**
– ယခု လက်ရှိအချိန်တွင် သင်သည် မည်သည့်အရာကို ရရှိရန် စိတ်အားထက်သန်စွာ တောင်းနေ၊ ရှာနေ၊ ခေါက်နေ ပါသနည်း။ (သင်၏ စိတ်ထဲမှ ဖြေဆိုနိုင်သည်)

**၅။ သခင်ယေရှုသည် ဆုတောင်းခြင်းအား ကလေးငယ်တစ်ဦးမှ ဖခင်ထံ တစ်စုံတစ်ခုကို တောင်းနေသည့်ပုံနှင့် ခိုင်းနှိုင်းထားခြင်းအားဖြင့် ဆုတောင်းခြင်းနှင့် ပတ်သတ်၍ မည်သည့်အရာကို သိရှိရသနည်း။**
– ကျွန်ုပ်တို့၏ ကောင်းကင်ဘုံအဖသည် မြေကြီးပေါ်မှ ဖခင်နှင့် မည်သည့်အချက်တွင် တူပါသနည်း။

**၆။ သားသည် သူ့အတွက် မကောင်းသောအရာ တစ်စုံတစ်ခုကို တောင်းဆိုလာပါက ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝသောဖခင်ဖြစ်လျှင် မည်ကဲ့သို့ ပြုလုပ်မည်နည်း။**
– ကျွန်ုပ်တို့တောင်းနေသောအရာသည် မိမိချစ်သောသူများနှင့် မိမိကိုယ်တိုင်အတွက် ကောင်းသောအရာ ဟုတ်မဟုတ်ကို မည်ကဲ့သို့ သိနိုင်မည်နည်း။

၇။ သင် “မြွေ”ဟု ထင်မှတ်ထားသောအရာသည် နောက်မှ “ငါး” ဖြစ်နေသည့် အဖြစ်အပျက်မျိုး (သို့မဟုတ် ၄င်းနှင့်ပြောင်းပြန်ဖြစ်ရပ်မျိုး) သင် ကြုံဖူးပါသလား။ ပြောပြကြည့်ပါ။

၈။ သင့်အတွက် မည်သည့်တစ်ခုသည် ပို၍အရေးကြီးသနည်း။ ဘုရားသခင်သည် သင်၏ဆုတောင်းချက်ကို ယခုအဖြေပေးရန်လား သို့မဟုတ် ကောင်းကင်နှင့်မြေကြီးသစ်တွင် ထိုဆုတောင်းချက်များကို အဖြေပေးရန်လား။ သင်၏အကြောင်းပြချက်ကို ပြောကြည့်ပါ။

၉။ “ကြည့်ရှုလော့။ ထာဝရဘုရားသည် မကယ်မတင်နိုင်အောင် လက်တော်တိုသည် မဟုတ်။ မကြားနိုင်အောင် နားတော်ထိုင်းသည်မဟုတ်။ သင်တို့ ဒုစရိုက်သည် သင်တို့ကို ဘုရားသခင်နှင့် ကွာစေပြီ။ ကြားတော်မမူစေခြင်းငှါ၊ သင်တို့အပြစ်သည် မျက်နှာတော်ကို လွှဲစေပြီ။” (ဟေရှာယ ၅၉း၁-၂)။ ဤကျမ်းပိုဒ်ကိုဆင်ခြင်ပြီး မေးခွန်းကို ဖြေပါ။ ဘုရားသခင်သည် မိမိ၏သားတော်က လက်ဝါးကပ်တိုင်ပေါ်မှ ဆုတောင်းနေသောအခါ အဘယ်ကြောင့် သူ၏အသံကို ကြားတော်မမူခဲ့သနည်း။

## ၁၉။ မိုက်မဲသောသူဌေး (လုကာ ၁၂:၁၃–၂၁)

**၁။ အဘယ်ကြောင့် အမွေနှင့်ပတ်သတ်ပြီး ငြင်းခုံမှုများသည် မိသားစုအချင်းအချင်းကြား တွင်ပင်လျှင် အလွန်များရသနည်း။**
– အပိုဒ်ငယ် ၁၃ရှိ ထိုသူနှင့် သခင်ယေရှုထံသို့ အကူညီတောင်းခံကြသော အခြားသူများ ကြား ကွာခြားချက်မှာ အဘယ်နည်း။

**၂။ အပိုဒ်ငယ် ၁၃ ပါ ထိုလူ၏ ပြဿနာ အစစ်အမှန်မှာ အဘယ်နည်း။**
– အကယ်၍ သခင်ယေရှုသည် ထိုလူ၏ တောင်းဆိုချက်အတိုင်း လုပ်ပေးခဲ့ပါက မည်သို့ ဖြစ်လာမည်နည်း။

**၃။ အပိုဒ်ငယ် ၁၆–၂၀ တွင်ပါသော ပုံဥပမာကို ကြည့်ပါ။ ဤသူဌေး အသက်ရှင်ခဲ့သော ဘဝကိုတွေးဆကြည့်ပါ။ ပျော်စရာကောင်းသောဘဝလား သို့မဟုတ် ပျော်စရာမကောင်း သောဘဝလား။ အဘယ်ကြောင့် ထိုသို့ ထင်မှတ်ရသနည်း။**
– သင်၏သားသမီးများအား အပိုဒ်ငယ် ၁၇ တွင် ဖော်ပြထားသော အခက်အခဲများနှင့်သာ ကြုံရသောဘဝမျိုးကို ပိုင်ဆိုင်စေလိုပါသလား။

**၄။ ဘုရားသခင်သည် သူ့အား တစ်ကြိမ်တစ်ခါမျှ ကျေးဇူးမတင်ဖူးသော သူဌေးကြီး ၏လယ်၌ အဘယ်ကြောင့် နေနှင့်မိုးကို ပေးသနားတော်မူသနည်း။**
– ဤသူဌေးကြီး၏ ကိုးကွယ်မှု (သူ၏ဘုရား)မှာ အဘယ်အရာနည်း။

**၅။ သူဌေးကြီးနှင့် အခြားသူများကြား ဆက်ဆံရေးမှာ မည်သို့သောအခြေအနေရှိသနည်း။**
– ဤသူဌေးကြီး၏ အကြီးမားဆုံးသောအမှားမှာ အဘယ်နည်း။

**၆။ ဤပုံဥပမာကို ချမ်းသာသောနိုင်ငံ၊ ဆင်းရဲသောနိုင်ငံများနှင့်စပ်ဆက်၍ တွေးကြည့် ပါ။ သခင်ယေရှုသည် ဤပုံဥပမာအားဖြင့် ကျွန်ုပ်တို့၏ မည်သည့်အပြစ်ကို ဖော်ထုတ်လို သနည်း။**
– သင်၏ပိုင်ဆိုင်မှုနှင့်ငွေကြေးများကို သင် မည်သို့ အသုံးပြုသင့်သနည်း။

**၇။ သူဌေးကြီးသည် အချိန်မနှောင်းမီ မိမိသေနိုင်သည်ကို အဘယ်ကြောင့် မဆင်ခြင်မိခဲ့ သနည်း။**
– သင်သေရမည့်အချိန်နှင့် သင့်အပေါ်ကျရောက်လာမည့် တရားစီရင်ခြင်း အကြောင်းကို မည်သို့သော အခြေအနေမျိုးတွင် တွေးမိသနည်း။

**၈။ အပိုဒ်ငယ် ၂၁သည် မည်သည့်အရာကိုဆိုလိုသနည်း။ (သူဌေးသည် ကောင်းကင်တွင် ဘဏ္ဍာကို မည်သို့သိုထားနိုင်သနည်း။ 'ဘုရားသခင့်ရှေ့တော်၌ ချမ်းသာခြင်း' ဆိုသည်မှာ မည်သည့် အဓိပ္ပာယ်နည်း။)**

**၉။ မိုက်မဲသောသူဌေးကြီးနှင့် သခင်ယေရှုကို နှိုင်းယှဉ်ကြည့်ပါ။ မည်သည့်အချက်များ ကွဲပြားသနည်း။**

– ဘုရားသခင်သည် သူဌေးကြီးထံမှ အသက်ကိုပြန်တောင်းသကဲ့သို့ အဘယ်ကြောင့် သခင်ယေရှုထံမှလည်း ပြန်တောင်းခဲ့သနည်း။ (၂၀)

– သခင်ယေရှုက ဤလောကတွင် ရှာဖွေစုဆောင်းခဲ့သောအရာများ၏ အကျိုးကို မည်သူများ ရရှိခံစားရသနည်း။ (၂၀ခ)

## ၂၀။ သစ္စာရှိသောကျွန်နှင့် သစ္စာမရှိသောကျွန် (လုကာ ၁၂း၃၅–၄၈)

အပိုဒ်ငယ် ၃၅–၄၀

**၁။ ကျွန်တစ်ဦးအနေဖြင့် ညည့်နက်သည်ထိမအိပ်ဘဲ စောင့်နေနိုင်ရန် မည်သို့ပြုလုပ်နိုင်သနည်း။**

– ကျွန်သည် သခင်မလာမီ အိပ်ပျော်သွားပါက မည်သို့ဖြစ်သွားမည်နည်း။

**၂။ သခင်ယေရှု ပြန်လည်ကြွလာတော်မူမည့်အချိန်ကိုစောင့်ဆိုင်းရန် လွယ်ကူမည်ဟု သင်ထင်ပါသလား။ အဘယ်ကြောင့်နည်း။**

– အဘယ်ကြောင့် သခင်ယေရှု ပြန်လည်ကြွလာတော်မူမည့်အချိန်ကို သူခိုးက အိမ်ကို ထိုးဖောက်ဝင်ခြင်းနှင့် ခိုင်းနှိုင်းထားရသနည်း။

**၃။ ဤကျမ်းချက်များအားဖြင့် သခင်ယေရှုသည် ကျွန်ုပ်တို့အား မည်သည့်အရာကို သတိပြုစေလိုသနည်း (၃၅–၄၀)။**

– ယနေ့ သခင်ယေရှုအတွက် သင် မည်သို့သောအပြုအမူများအားဖြင့် တံခါးဖွင့်ပေးနိုင်သနည်း။

အပိုဒ်ငယ် ၄၁–၄၆

**၄။ ဤကျမ်းချက်များတွင်တွေ့ရသော ကောင်းသည့်ကျွန်အုပ်နှင့် မိုက်သောကျွန်အုပ်နှစ်ဦးကို နှိုင်းယှဉ်ပါ။ မည်သို့သော မတူညီချက်များရှိကြသနည်း။**

– ကျွန်အုပ်နှစ်ဦးတို့အား ထိုသို့ ကွဲပြားစွာပြုမူစေသည့်အရာမှာ အဘယ်နည်း။

**၅။ သူတို့၏သခင်နှင့် သူတို့ကြား ဆက်ဆံရေးကို နှိုင်းယှဉ်ပြောကြည့်ပါ။ မည်သို့ကွာခြားသနည်း။**

– သခင်ယေရှု ပြန်လည်ကြွလာတော်မူခြင်းအပေါ်ထားရှိသော ကျွန်ုပ်တို့၏စိတ်နေသဘောထားသည် ဘုရားသခင်၏နိုင်ငံတော်အတွက် လုပ်ဆောင်ခြင်းအပေါ် မည်သို့သော အကျိုးသက်ရောက်သနည်း။

**၆။ သခင်ယေရှုသည် ပြန်လည်ကြွလာတော်မမူမီ သူ၏အသင်းတော်ကို အုပ်ချုပ်စီမံရသောသူများထံသို့ ပေးအပ်ထားသော တာဝန်ဝတ္တရားများမှာ အဘယ်နည်း။**

– သင့်အား သခင်ယေရှု သီးသန့် ပေးအပ်ထားသောတာဝန်မှာ အဘယ်နည်း။

**၇။ မိမိအသင်းသားများကို ရိုက်နက်ပြီး စားသောက်မူးယစ်နေသော အသင်းတော်အုပ်ချုပ်သူများကို မည်သည့် နေရာတွင် တွေ့ရသနည်း။**

– ဤသို့သော ကျွန်အုပ် (သင်းအုပ်)များအတွက် မည်သည့် အပြစ်ဒဏ်က စောင့်ကြိုနေသနည်း။

အပိုဒ်ငယ် ၄၇–၄၈
**၈။ အသင်းတော်တွင် မိမိတို့အရှင်သခင်၏ အလိုတော်ကိုမသိသော ခရစ်ယာန်များ ရှိနေခြင်းမှာ မည်သူ၏ အပြစ်ကြောင့်နည်း။**
– နောက်ဆုံးသောအချိန်တွင် ဘုရားသခင်၏အစေခံကျွန်များကို မည်သည့် ပေတံဖြင့် တိုင်းတာ၍ တရားစီရင်လိမ့်မည်နည်း။

နိဂုံးချုပ်
**၉။ သခင်ယေရှုသည် မည်သည့်အချိန်၊ မည်သည့်နေရာတွင် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာ၍ လုပ်ကျွေးမည်ဟု ဖော်ပြထားသနည်း။ (၃၇ ခ)**

**၁၀။ သခင်ယေရှုသည် အဘယ်ကြောင့် သစ္စာမရှိသောကျွန် ခံထိုက်သည့်အပြစ်ဒဏ်ကို ခံခဲ့ရသနည်း။ သူသည် သစ္စာမရှိသောသူများနှင့်အတူ နေရာချခြင်းခံရပြီး ပြင်းထန်စွာ ဆုံးမကွပ်မျက်ခြင်း ခံတော်မူခဲ့သည်။ (၄၆ ခ)**

## ၂၁။ အသီးမသီးသော သင်္ဘောသဖန်းပင် (လုကာ ၁၃း၆–၉)

**နောက်ခံသမိုင်း။** ဤပုံဥပမာသည် မူလတွင် ဣသရေလလူမျိုးများကို ရည်ညွှန်းလိုခြင်းဖြစ်သည်။ သခင်ယေရှုသည် ဤနိုင်ငံတွင် အသီးအပွင့် မယ်မယ်ရရမတွေ့ရဘဲ သုံးနှစ်လုံးလုံး အလုပ်လုပ်တော်မူခဲ့သည်။ အခြားတစ်ဖက်တွင် ဤပုံဥပမာသည် ကျွန်ုပ်တို့ကိုလည်း ရည်ညွှန်းနေသည်။ သင်သည် သင်္ဘောသဖန်းပင်ဖြစ်ပြီး ဘုရားသခင်သည် သင်၏ပိုင်ရှင်ဖြစ်သည်။ သခင်ယေရှုသည် သစ်ပင်ကို ပြုစုစောင့်ရှောက်ရသော ဥယျာဉ်စောင့်ဖြစ်သည်။ နောက်ခံအကြောင်းအရာကိုသိလိုလျှင် မဿဲ ၂၁း၁၈–၁၉ ကိုလည်း ကြည့်နိုင်သည်။

**၁။ စပျစ်ဥယျာဉ်ရှိမြေကြီးသည် မြေဩဇာအကောင်းဆုံးဖြစ်သည်။ သခင်ယေရှုသည် သူ၏ပုံဥပမာတွင် သင်္ဘောသဖန်းပင်ကို သူ၏စပျစ်ဥယျာဉ်ထဲ စိုက်ထားခြင်းအားဖြင့် ဣသရေလလူမျိုးနှင့်ပတ်သတ်၍ မည်သည့်အချက်ကို ဖော်ပြလိုခြင်းဖြစ်မည်နည်း။ (မြန်မာဘာသာပြန်တွင် "ဥယျာဉ်" ဟူသောစကားလုံးကို အခြားဘာသာပြန်များတွင် "စပျစ်ဥယျာဉ်"ဟူ၍ သုံးနှုန်းထားသည်။)**

– အသီးမသီးသော သင်္ဘောသဖန်းပင်သည် ဘေးနားရှိ စပျစ်ပင်များအတွက် မည်သို့ အထိအခိုက် ဖြစ်စေနိုင်သနည်း။

**၂။ လွန်ခဲ့သော သုံးနှစ်အတွင်း ဘုရားသခင် သင့်အသက်တာမှ မြင်တွေ့လိုသော အသီးအပွင့်မှာ မည်သို့သောအရာဖြစ်မည်ဟု ထင်သနည်း။ (သင့်စိတ်နှလုံးမှ ဖြေဆိုနိုင်သည်)**

– ဘုရားသခင်၏နိုင်ငံတော်အတွက် သင်အသီးမသီးနိုင်ရသည့် အကြောင်းရင်း/အဟန့်အတားများမှာ အဘယ်နည်း။

**၃။ အသီးမသီသောသင်္ဘောသဖန်းအပေါ် ဥယျာဉ်စောင့်၏ ခံစားချက်မှာ အဘယ်နည်း။**

– သခင်ယေရှုသည် အသီးမသီးသောခရစ်ယာန်များကိုပါ အဘယ်ကြောင့် ချစ်တော်မူရသနည်း။

**၄။ သခင်ယေရှုသည် ခမည်းတော်၏ရှေ့မှောက်၌ရပ်နေပြီး သင့်အတွက် အချိန်ထပ်မံစောင့်ပေးရန် ဆုတောင်းနေသည်ဟု တွေးကြည့်ပါ။ သူသည် အဘယ်ကြောင့် ထိုသို့ပြုလုပ်တော်မူရသနည်း။**

**၅။ ဥယျာဉ်စောင့်သည် သစ်ပင်၏အနားပတ်လည်ကို တူးဆွပြီး နောက်ချေးဖို့ရန် ဂတိပေးခဲ့သည်။ သခင်ယေရှုသည် လွန်ခဲ့သော သုံးနှစ်တာတွင် သင့်အသက်တာ၌ အဖခမည်းတော်အတွက် အသီးသီးနိုင်ရန် မည်သည့်အရာများကို ပြုလုပ်ပေးခဲ့သနည်း။**

– ကျွန်ုပ်တို့အသက်တာတွင် စိတ်ပျက်ခြင်းများနှင့် ဝမ်းနည်းခြင်းများသည် ကျွန်ုပ်တို့ အသီးသီးနိုင်ရန် မည်သို့ အကျိုးပြုသနည်း။

**၆။ ဤပုံဥပမာအရ နောက်ဆုံးအချိန်အထိ အသီးမသီးသော ခရစ်ယာန်သည် မည်သို့ ဖြစ်သွားမည်နည်း။**

**၇။ မဿဲ ၂၁း၁၈–၁၉ ကို ကြည့်ပါ။ (ခေါင်းဆောင်မှ ကျမ်းပိုဒ်ကို ဖတ်ပေးပါ) ဤအဖြစ်အပျက်သည် သခင်ယေရှု၏ သက်တော်စဉ် နောက်ဆုံးပတ်တွင် ဖြစ်ပျက်ခဲ့သည်။ သခင်ယေရှုသည် ရုတ်တရက် သင်္ဘောသဖန်းပင်ကို ကျိန်တော်မူရသည့် အကြောင်းရင်းအမျိုးမျိုးကို တွေးကြည့်ပါ။**
– ဤ ကျမ်းပိုဒ်နှစ်ခုလုံးသည် သခင်ယေရှု၏အသေခံတော်မူခြင်းနှင့် မည်သို့ ပတ်သတ်နေသနည်း။

**ဝမ်းမြောက်ဖွယ် သတင်းကောင်း။** အသီးမသီးသော သင်္ဘောသဖန်းပင်ကို ကျိန်တော်မူပြီး နောက် သခင်ယေရှုသည် ထိုအပင်၏နေရာကို ဝင်ရောက်အစားထိုးတော်မူခဲ့သည်။ ဣသရေလလူမျိုးများနှင့် ကျွန်ုပ်တို့ကိုယ်စား အစားထိုးခြင်းကို ခံတော်မူခဲ့သည်။ "သစ်တိုင်၌ဆွဲထားခြင်းကို ခံရသောသူတိုင်း ကျိန်ခြင်းကိုခံရသောသူ ဖြစ်သည်ဟု ကျမ်းစာလာသည်နှင့်အညီ၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကို ခံရသောသူဖြစ်၍၊ ငါတို့ကို ပညတ်တရား၏ကျိန်ခြင်းမှ ရွေးနှုတ်တော်မူပြီ။" (ဂလာတိ ၃း၁၃)။

## ၂၂။ ခါးကုန်းသောအမျိုးသမီး (လုကာ ၁၃း၁၀–၁၇)

**နောက်ခံသမိုင်း။** တရားဇရပ်ဆိုနေသည်မှာ စနေနေ့တွင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားထောင်ရန် လူများစုဝေးကြသောနေရာဖြစ်သည်။ ထိုခေတ်က အမျိုးသမီးများမှာ ဘာသာရေး ကိစ္စများတွင် ပြောဆိုခွင့်မရှိခဲ့ကြပေ။ သူတို့သည် တရားဇရပ် အပြင်တန်းသို့မဟုတ် နောက်ဆုံးအတန်းတွင် ထိုင်ကြ၊ ရပ်ကြရသည်။ ဤ အမျိုးသမီး၏ကျောကုန်းတွင် မည်သို့သောဝေဒနာကို ခံစားရကြောင်း အတိအကျမရပေ။ သို့သော်လည်း နောက်ကျောကုန်းခြင်း ရောဂါနှင့် တူဟန်ရှိသည်။

**၁။ ၁၈နှစ်လုံးလုံး ဒုက္ခိတဖြစ်ရသော ဤအမျိုးသမီး၏ နေ့စဉ်ဘဝကို မှန်းဆကြည့်ပါ။**
– ဤခါးကုန်းသောအမျိုးသမီးကို အခြားသူများက မည်ကဲ့သို့ ဆက်ဆံမည်ဟု သင်ထင်ပါသနည်း။

**၂။ အကယ်၍ သင်သည် ဆယ်ကျော်သက်ရွယ်တွင် မသန်စွမ်းသူဖြစ်လာပါက သင့်အတွက် မည်သည့်အရာသည် အခက်ခဲဆုံး (အပင်ပန်းဆုံး) ဖြစ်လိမ့်မည်ဟု သင်ထင်ပါသနည်း။**
– သင်သည် အသက်ရွယ်နုပျိုစဉ် မသန်မစွမ်းဖြစ်ပါက ထိုသို့ ဖြစ်ပျက်ခွင့်ပြုတော်မူသော ဘုရားသခင်နှင့် ပတ်သတ်၍ သင် မည်သို့ ထင်မည်နည်း။

**၃။ သခင်ယေရှုသည် နတ်ဆိုးစွဲသောအမှုများနှင့် ရင်ဆိုင်ရသောအခါ နတ်ဆိုးများကို တိုက်ရိုက်အမိန့်ပေး လေ့ရှိသည်။ ဤနေရာတွင် ထိုသို့ မလုပ်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ဤအမျိုးသမီးသည် နတ်ဆိုးစွဲသောသူ မဟုတ်ကြောင်း သိနိုင်သည်။ သခင်ယေရှုမှ သူမကို ချုပ်နှောင်သူမှာ စာတန်ဖြစ်သည်ဟု ပြောခြင်းအားဖြင့် မည်သည့်အရာကို ဆိုလိုသနည်း။ (၁၆)**
– မည်သို့သောအရာများသည် လူတို့အား ဘဝကို အပြည့်အဝ အသက်မရှင်နိုင်အောင် ချုပ်နှောင်နိုင်သနည်း။

**၄။ ဤအမျိုးသမီးသည် အနာရောဂါငြိမ်းခြင်းရရန်အတွက် တရားဇရပ်သို့လာခဲ့ခြင်း မဟုတ်ပါ။ မည်သည့်အရာအတွက် လာခဲ့သနည်း။**

**၅။ ဤအမျိုးသမီးသည် အဘယ်ကြောင့် သခင်ယေရှုအား အကူအညီ မတောင်းခံခဲ့သနည်း။ အကြောင်းပြချက် အမျိုးမျိုး ပြောကြည့်ပါ။**
– သခင်ယေရှုက လူများအားလုံး၏ရှေ့သို့ထွက်လာရန် သူမအားခေါ်တော်မူသောအခါ သူမသည် မည်ကဲ့သို့ ခံစားရမည်ဟု ထင်ပါသနည်း။
– မည်သည့်အရာက သူမအား သခင်ယေရှု စေခိုင်းသည့်အတိုင်း ပြုလုပ်စေသနည်း။

**၆။ ဤကျမ်းပိုဒ်အရ စာတန်၏ချည်နှောင်ခြင်းကို ခံစားရသောသူများကို မည်သည့်အရာက ကူညီနိုင်သနည်း။ (ကျမ်းစာသားအရ ပြောပါ)**

**၇။ သခင်ယေရှုသည် ဤအမျိုးသမီးအား "အာဗြဟံ၏သမီး"ဟု ခေါ်ခြင်းသည် မည်သည့်အရာကို ညွှန်ပြနေသနည်း။ ဖြစ်နိုင်ခြေအမျိုးမျိုးကို တွေးကြည့်ပါ။**

**၈။ ဤအမျိုးသမီးအပေါ်ထားသော သခင်ယေရှု၏စိတ်နေသဘောထားသည် တရားဇရပ်မှူးက ထိုအမျိုးသမီးအပေါ်ထားသော စိတ်နေသဘောထားနှင့် မည်ကဲ့သို့ ကွာခြားသနည်း။**

– တရားဇရပ်မှူးသည် သူ့ကိုယ်သူ ဘုရားသခင်အား ယုံကြည်သူဟု ထင်မှတ်ထားသည်။ သူ၏ယုံကြည်ခြင်းတွင် မည်သည့်အရာ လိုအပ်နေသေးသနည်း။

– တရားဇရပ်မှူးအား ချုပ်နှောင်ထားသောအရာမှာ အဘယ်နည်း။

**ဝမ်းမြောက်ဖွယ်သတင်းကောင်း။** စာတန်သည် နောက်ပိုင်းတွင် သခင်ယေရှုကိုယ်တိုင်ကိုပင် လက်ဝါးကပ်တိုင်ပေါ် ချုပ်နှောင်ခဲ့သည်။ ဤအကြောင်းကြောင့်ပင် သခင်ယေရှုသည် ယခု သူလွတ်မြောက်စေလိုသောသူအားလုံးကို စာတန်မာနတ်၏တန်ခိုးမှ လွတ်မြောက်စေနိုင်ပြီဖြစ်သည်။

## ၂၃။ ကျဉ်းသောတံခါး (လုကာ ၁၃:၂၂–၃၀)

**၁။ အဘယ်ကြောင့် လူတစ်ဦးသည် အပိုဒ်ငယ် ၂၃ရှိ မေးခွန်း၏အဖြေကို သိလိုရသည်ဟု သင်ထင်ပါသနည်း။**
– သခင်ယေရှုသည် အဘယ်ကြောင့် လူများသည်၊နည်းသည်ဟု ရိုးရိုးရှင်းရှင်း ပြန်မဖြေခဲ့သနည်း။

**၂။ ကောင်းကင်နိုင်ငံ တံခါးဝသည် ကျဉ်းသည်ဟုဆိုရာတွင် မည်သည့်အရာကို ဆိုလိုသနည်း။**
– မည်သို့သောသူများထံသို့ ဘုရားသခင်၏နိုင်ငံတော် တံခါးဝသည် အထူးသဖြင့် ကျဉ်းမြောင်းသနည်း။

**၃။ လူများသည် အခြားမည်သည့် နည်းလမ်းများဖြင့် ကျဉ်းသောတံခါးသို့ဝင်ရန် ကြိုးစားအားထုတ်ကြ သနည်း။** (၂၄)

**၄။ ဤအကြောင်းအရာနှင့် ဆက်စပ်ပြီး သခင်ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်၌ စားသောက်ပွဲအကြောင်း ပုံဥပမာကို ပြောပြခဲ့သည် (၂၅–၂၇)။ ဤပုံဥပမာအားဖြင့် သခင်ယေရှုသည် ကြားနာသောသူများထံသို့ မည်သည့်အရာကို ပြောပြလိုသနည်း။**

**၅။ ပုံဥပမာတွင်ပါသော လူများသည် အချိန်ရှိသေးလျက်ပင် ကျဉ်းသောတံခါးဝသို့ အဘယ်ကြောင့် မဝင်ကြသနည်း။**
– ဤပုံဥပမာသည် အပိုဒ်ငယ် ၂၃ ရှိ မေးခွန်းနှင့် မည်ကဲ့သို့ ဆက်နွယ်နေသနည်း။

**၆။ သခင်ယေရှုသည် သူနှင့်အတူ စားသောက်ပြီး၊ သူ၏တရားစကားကိုကြားကြသောသူများကို ငါမသိဟု ငြင်းဆိုခြင်းသည် မည်သည့်အရာကို ဖော်ပြနေသနည်း။**
– နောက်ဆုံးသောနေ့တွင် ကျွန်ုပ်တို့အား သခင်ယေရှု အသိအမှတ်ပြုလိမ့်မည်ဟု မည်ကဲ့သို့ စိတ်ချနိုင်မည်နည်း။

**၇။ အပိုဒ်ငယ် ၂၈တွင် ဖော်ပြထားသော ယုံကြည်ခြင်းဖခင်များသည်လည်း အားနည်းချက်နှင့်အပြစ်များ ကိုယ်စီရှိခဲ့ကြသည်။ မည်သည့်အရာက သူတို့အား ဘုရားသခင်နိုင်ငံတော်၏ ကျဉ်းမြောင်းသောတံခါးဝသို့ ဝင်ခွင့်ရစေသနည်း။ (ယုံကြည်ခြင်းဖခင်များအကြောင်း သင်သိထားသည့်အချက်များအပေါ်အခြေခံ၍ ဆွေးနွေးပါ။ ကျမ်းစာကို ပြန်လှန်၍ မကြည့်ပါနှင့်။)**
– ဘုရားသခင်၏နိုင်ငံတော်သို့လာကြမည့် အခြားသောသူများမှာ မည်သူများဖြစ်သနည်း။ (၂၉)

**၈။ (ခေါင်းဆောင်သည် ယောဟန်၁၀း၉ ကို ဖတ်ပေးပါ။) ဤကျမ်းပိုဒ် နှစ်ခုတွင်ပါသော ကောင်းကင်နိုင်ငံတံခါးဝအကြောင်း သခင်ယေရှု၏သွန်သင်ချက်များသည် မည်ကဲ့သို့ ကွဲပြားသနည်း။**
– အဘယ်ကြောင့် တံခါးဝတစ်ခုသည် ကျဉ်းမြောင်းပြီး၊ နောက်တံခါးဝတစ်ခုသည် လူတိုင်းအတွက် ဖွင့်ထားလျက်ရှိရသနည်း။

**ဝမ်းမြောက်ဖွယ်သတင်းကောင်း။** ကုလားအုတ်သည် အပ်နဖားသို့ ဝင်ရန်မဖြစ်နိုင်သကဲ့သို့ အပြစ်သားသည် ပညတ်တရား တံခါးဝအားဖြင့် ကယ်တင်ခြင်းရရန် မဖြစ်နိုင်ပေ (မဿဲ ၁၉း၂၄)။ သခင်ယေရှု တစ်ပါးတည်းသာလျှင် ပညတ်တရား၏တံခါးဝသို့ဝင်ရန် စွမ်းတော်မူသည်။ သို့သော်လည်း ဧဝံဂေလိတရား၏ တံခါးဝသည် လူသားတိုင်းအတွက် ဖွင့်ထားလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုတံခါးမှာ အပြစ်သားများ အပြစ်ခွင့်လွှတ်ခြင်းခံရသော တံခါးဖြစ်သောကြောင့်ပေ။

## ၂၄။ ကြီးမားသောစားသောက်ပွဲ (လုကာ ၁၄း၁၂–၂၄)

**နောက်ခံသမိုင်း။** စားသောက်ပွဲသို့ ဦးစွာဖိတ်ကြားခြင်းခံရသူများမှာ ယုဒလူမျိုးများ ဖြစ်ကြသည်။ ယခုတွင်မူ အပိုဒ်ငယ် ၁၆–၂၀သည် ဗတ္တိဇံနှင့် နှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်၏ခေါ်တော်မူခြင်းကို ခံရသောသူတိုင်းအတွက် ဖြစ်လာသည်။

**၁။ သင် နောက်ဆုံးအကြိမ် ပွဲကျင်းပခဲ့သောအချိန်ကို ပြန်တွေးကြည့်ပါ။ လူတစ်ယောက်က သင့်အား အပိုဒ်ငယ် ၁၂–၁၄ တွင် ဖော်ပြထားသည့်အတိုင်း ပြုမူရမည်ဟု သင့်ကို ပြောလာပါက သင်မည်ကဲ့သို့ ပြန်ဖြေမည်နည်း။**

– သခင်ယေရှုက ကျွန်ုပ်တို့ ပြုလုပ်သော ပါတီ သို့မဟုတ် စားပွဲများတွင် ဆင်းရဲသောသူနှင့် နာမကျန်းသောသူများကို ဖိတ်ကြားရန် ကျွန်ုပ်တို့အား အဘယ်ကြောင့် စေခိုင်းတော်မူရသနည်း။

**၂။ အပိုဒ်ငယ်၁၈–၂၉ကို ကြည့်ပါ။ ဤလူသုံးဦးသည် စားသောက်ပွဲသို့သွားရန် ငြင်းဆိုရသောအကြောင်းရင်း အမှန်မှာ အဘယ်နည်း။**

– အဘယ်ကြောင့် ကျွန်ုပ်တို့သည် ငွေကြေးပိုင်ဆိုင်မှု(း၁၈)၊ ကျွန်ုပ်တို့၏အလုပ် (း၁၉) နှင့် ကျွန်ုပ်တို့၏မေတ္တာအရေး(း၂၀)ကို ဘုရားသခင်၏နိုင်ငံတော်ထက် ပို၍ အရေးပေးကြသနည်း။

– ဤအကြောင်းပြချက် သုံးခုအနက် ဘယ်တစ်ခုသည် သင့်အသက်တာနှင့်ကိုက်ညီသနည်း။ (စိတ်နှလုံးသားအတွင်းမှ ဖြေဆိုနိုင်သည်)

**၃။ ဖိတ်ထားခြင်းခံရသူများသည် ပွဲအရှင်သခင်ကို မည်မျှ အလေးထားကြသနည်း။**

– ဖြစ်နိုင်ခြေအနက်ဖွင့်ချက်တစ်ခုမှာ ဖိတ်ခေါ်ခြင်းခံရသူများသည် ပွဲအရှင်သခင် ပြန်လည် ကျေးဇူးဆပ်နိုင်မည် မဟုတ်ကြောင်း (၁၂ခ) မိမိကိုယ်ကို သိကြသောကြောင့် ဖိတ်ကြားခြင်းကို ငြင်းခဲ့ကြခြင်းလည်း ဖြစ်နိုင်သည်။ အကယ်၍ ဤအကြောင်းပြချက် မှန်ကန်ပါက ဖိတ်ကြားခြင်းကို ငြင်းသောသူများနှင့် ပတ်သတ်၍ မည်သည့်အချက်ကို သိနိုင်သနည်း။

– ဖိတ်ကြားခြင်းကို ငြင်းခဲ့သောသူများ၏ အကြီးမားဆုံးအမှားမှာ အဘယ်နည်း။

**၄။ ဤပုံဥပမာတွင် စားသောက်ပွဲတော်မှာ ကောင်းကင်နိုင်ငံတော်ကို ပုံဆောင်သည်။ အဘယ်ကြောင့် လူများစွာတို့သည် ကောင်းကင်နိုင်ငံသို့ သွားရန် စိတ်ပါဝင်စားခြင်း မရှိကြသနည်း။**

**၅။ ပထမတွင် ဖိတ်ကြားခြင်းခံရသောသူများနှင့် နောက်ဆုံး ပွဲတော်သို့ဝင်စားရသောသူများ၏ အကြီးမားဆုံး ကွာခြားချက်မှာ အဘယ်နည်း။**

– နောက်မှ ဖိတ်ခြင်းခံရသောသူများသည် အဘယ်ကြောင့် ဖိတ်ကြားခြင်းကို လက်ခံခဲ့ကြသနည်း။

**၆။ ကျွန်ုပ်တို့ခေတ်အချိန်တွင် ကောင်းကင်နိုင်ငံသို့ဝင်ရန် ဖိတ်ကြားခြင်းကို လက်ခံသော "ဆင်းရဲသောသူ၊ အင်္ဂါချို့တဲ့သောသူ၊ ခြေမစွမ်းသောသူ၊ မျက်စိကန်းသောသူ"များမှာ အဘယ်သူများ ဖြစ်သနည်း။(၂၁)**

– အဘယ်ကြောင့် ထိုသူတို့သည် ဖိတ်ကြားခြင်းကို ပြန်လည်ကျေးဇူးဆပ်ရန် မတွေးကြသနည်း။

**၇။ အပိုဒ်ငယ် ၂၃သည် မည်သူများကို ရည်ညွှန်းသနည်း။**

– ဤကျမ်းပိုဒ်သည် ဧဝံဂေလိ(သတင်းကောင်းဟောပြောခြင်း) အကြောင်းကို မည်သို့သွန်သင်နေသနည်း။

**၈။ ဤလူအုပ်စုနှစ်မျိုးတွင် သင်သည် မည်သည့်တစ်ခုတွင် ပါဝင်သနည်း။ (စိတ်နှလုံးသားအတွင်းမှ ဖြေဆိုနိုင်သည်)**

– သင်သည် ဖိတ်ကြားခြင်းကို ငြင်းဆိုသောအဖွဲ့မှ ဖိတ်ကြားခြင်းကိုလက်ခံသောအဖွဲ့တွင် ပါဝင်လာစေရန် ဘုရားသခင်သည် သင်၏အသက်တာ၌ မည်သည့်အရာများကိုပြုခဲ့သနည်း။

**၉။ "လာကြပါ။ အလုံးစုံတို့အသင့်ရှိပြီ"(၁၇)။ ဤပွဲဖြစ်မြောက်ရေးအတွက် သခင်ယေရှုသည် အဘယ်အရာများ ပေးဆပ်ခဲ့ရသနည်း။**

– သခင်ယေရှုသည် သင့်အား "လာပါ။ အလုံးစုံတို့အသင့်ရှိပြီ" ဟုပြောနေသည်။ သင်မည်ကဲ့သို့ ပြန်ဖြေမည်နည်း။

**ဝမ်းမြောက်ဖွယ်သတင်းကောင်း။** သခင်ယေရှုသည် ကောင်းကင်နိုင်ငံတွင် စားသောက်ပွဲကျင်းပနိုင်ရန်အတွက် သူကိုယ်တိုင် "ဆင်းရဲသောသူ၊ အင်္ဂါချို့တဲ့သောသူ၊ ခြေမစွမ်းသောသူ၊ မျက်စိကန်းသောသူ" ဖြစ်ခဲ့ရသည်။ ထို့ကြောင့်သာ ယနေ့ ထိုစားသောက်ပွဲသို့ဝင်လိုသောသူတိုင်းအတွက် အခမဲ့ဝင်ခွင့်ရခြင်းဖြစ်သည်။

## ၂၅။ ပျောက်သောသိုး(လုကာ ၁၅း၁–၇)

**၁။ အခွန်ခံများနှင့် အခြားသောအပြစ်သားများသည် ဘုရားသခင်၏အသံတော်ကို မကြားရသည်အထိ လမ်းပျောက်ခဲ့ကြရသည့် အကြောင်းရင်း ဖြစ်နိုင်ခြေအမျိုးမျိုး ကို တွေးကြည့်ပါ။(၁)**
– ကျွန်ုပ်တို့သည် အဘယ်ကြောင့် တခါတရံ ဘုရားသခင်၏အသံတော်နှင့် အဝေးသို့ လမ်းပျောက်သွားကြသနည်း။

**၂။ ပျောက်သောသိုးသည် အခြားသူများက မိမိကို ရှာတွေ့စေရန် မည်သည့်အရာကို လုပ်ဆောင်နိုင်သနည်း။ မည်သည့်အရာကို မလုပ်ဆောင်နိုင်သနည်း။**
– အပြစ်သားသည် သခင်ယေရှုက သူ့အားရှာတွေ့စေရန် မည်သည့်အရာကို လုပ်ဆောင်နိုင်သနည်း။ မည်သည့်အရာကို မလုပ်ဆောင်နိုင်သနည်း။
– ဤပုံဥပမာတွင် သင်စိတ်ပူရသောသူများနှင့်ပတ်သတ်၍ မည်သည့်နှစ်သိမ့်မှု ပါဝင်သနည်း။

**၃။ သခင်ယေရှုသည် ပျောက်သောသိုးအားရှာတွေ့ခြင်းကို နောင်တတရားနှင့် နိုင်းနှိုင်းထားသည်(၇)။ သို့ဖြစ်လျှင် ဤပုံဥပမာအရ နောင်တတရားမှာ အဘယ် နည်း။**
(ကျမ်းပိုဒ်နှင့် လျော်ညီစွာပြောပါ)

**၄။ ဤ "နောင်တရစရာမရှိသော လေးစားဖွယ် ပုဂ္ဂိုလ်များကို" မည်သည့်နေရာတွင် တွေ့ရမည်ဟု ထင်ပါသနည်း။(၇)**
– ဟေရှာယကျမ်းမှ ဖာရိရှဲများဖတ်လေ့ရှိသော ကျမ်းပိုဒ်တစ်ပိုဒ်ရှိပါသည်။ "ငါတို့ရှိသမျှ ပျောက်သောသိုးကဲ့သို့ လမ်းလွဲလျက် လူအသီးသီးတို့သည် မိမိတို့လမ်းသို့ လိုက်သွားကြသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့အပြစ်ရှိသမျှကို ထိုသူအပေါ်သို့ တင်တော်မူ၏။" (ဟေ ၅၃း၆) ကျန်သောသိုး ၉၉ ကောင်မှာမည်သူများနည်း။

**၅။ ဖာရိရှဲများသည် မည်သည့်အပြစ်မှ နောင်တရသင့်သနည်း(၂)။**
– အဘယ်ကြောင့် ဖာရိရှဲတို့သည် မိမိတို့မှာ ပျောက်သောသူများဖြစ်ကြောင်းကို မသိကြသနည်း။
– ဤအဖွဲ့နှစ်ဖွဲ့တွင် သင်သည် မည်သည့်အဖွဲ့တွင်ပါဝင်သနည်း။ ပျောက်သောသိုးလား သို့မဟုတ် ပြန်လည်ရှာတွေ့ပြီးသားသိုးလား။

**၆။ သခင်ယေရှု၏ပုံဥပမာများတွင် ဝမ်းမြောက်ခြင်းပွဲသဘင်သည် များသောအားဖြင့် ကောင်းကင်နိုင်ငံရှိထာဝရအသက်ကို ရည်ညွှန်းလေ့ရှိသည်။ အဘယ်ကြောင့် ဝမ်းမြောက်**

**ခြင်းပွဲသဘင်သည် ပျောက်သောသိုးများအတွက်သာဖြစ်ပြီး၊ မပျောက်သောသိုး ၉၉ ကောင်အတွက် မဟုတ်ရသနည်း။ (၆)**

**၇။ အဘယ်သူမျှ မိမိ၏ခြေထောက်နှစ်ချောင်းအားဖြင့် ကောင်းကင်နိုင်ငံသို့မသွားနိုင် ဟူသောစကားသည် လက်တွေ့အားဖြင့် မည်သည်ကို ဆိုလိုသနည်း။ (၅)**

**၈။ ယနေ့ခေတ်အခါတွင် အပြစ်သားများအား ကြိုဆိုပြီး သူတို့နှင့်အတူ စားသောက်သော သခင်ယေရှုကို မည်သည့်နေရာတွင် တွေ့နိုင်သနည်း။ (၂)**

**ဝမ်းမြောက်ဖွယ်သတင်းကောင်း။** ဗတ္တိဇံဆရာယောဟန်က သခင်ယေရှုအား သိုးသူငယ်နှင့် ခိုင်းနှိုင်းထားသည်။ သူသည် လောက၏အပြစ်ကို ယူဆောင်သွားသော ဘုရားသခင်၏သိုးသူငယ်တော်ဖြစ်သည်(ယော၁း၂၉)။ သခင်ယေရှုသည် ပုံဥပမာမှ သိုးသူငယ်ကဲ့သို့ တောနက်ထဲမှ ကယ်တင်ခြင်းကိုမခံခဲ့ရပါ။ ထိုတောနက်ထဲတွင်ပင် အသေသတ်ခြင်းကို ခံခဲ့ရသည်။ ယေရှုမှာ အိမ်သို့ထမ်းပြီးယူဆောင်လာခြင်း မခံခဲ့ရပါ။ သူကိုယ်တိုင် ကျွန်ုပ်တို့အားလုံး၏အပြစ်ကို သူ့ပုခုံးပေါ်တွင် ယူတင်ထမ်းခဲ့ရသည်။

## ၂၆။ ပျောက်သောသား(လုကာ၁၅း၁၁–၂၄)

**နောက်ခံသမိုင်း–** သခင်ယေရှုပြောပြသောပုံပြင်များကို ပုံဥပမာများဟုခေါ်သည်။ အမွေဥစ္စာဆိုသည်မှာ ဖခင်ဖြစ်သူ သို့မဟုတ် အုပ်ထိန်းသူသေဆုံးမှသာ ဆက်ခံခွင့်ရှိသည်။ သခင်ယေရှုခေတ်ကာလတွင် အိမ်များကို ကုန်းမြင့်ပေါ်၌ တစ်လုံးတည်းဆောက်လေ့မရှိပါ။ ရွာ၏ကျဉ်းမြောင်းသော လမ်းဘေးတစ်ရောက် နီးကပ်စွာဆောက်ခဲ့ကြသည်။ ရွာအပြင်ကို လှမ်း၍တွေ့မြင်နိုင်သည့် တစ်ခုတည်းသောနေရာသည် အိမ်၏အမိုးသာဖြစ်သည်(၂၀)။ အခြားသင်ခန်းစာများတွင် ဖော်ပြပြီးသကဲ့သို့ပင် ဤဒေသရှိ အမျိုးသားများမှာ မပြေးကြပါ။

**၁။ အကယ်၍များ လူငယ်တစ်ယောက်၏လွတ်လပ်ခွင့်ကို သူ၏မိဘများက ကန့်သတ်ထားပါက ပျော်ရွှင်နိုင်မည်လား။**

– သားငယ်၌ ကောင်းသောဖခင်၊ ကောင်းသောအိမ်ရှိသော်လည်း အဘယ့်ကြောင့် မပျော်ရွှင်နိုင်ခဲ့သနည်း။

– အကယ်၍ သင်သည် ဖခင်၏နေရာတွင်ရှိခဲ့ပါက သား၏တောင်းဆိုချက်ကို မည်ကဲ့သို့ အဖြေပေးမည်နည်း(၁၂က)။

**၂။ ဖခင်သည် သားငယ်အား သွားခွင့်ပြုလိုက်လျှင် အဘယ်သို့ဖြစ်လာမည်ကို ကြိုသိသော်လည်း သူသည် အဘယ်ကြောင့် မိမိ၏စိတ်ပျက်မှုနှင့် စိုးရိမ်မှုများကို ဖုံးကွယ်ခဲ့သနည်း။(၁၂ခ)**

–ဤသင်ခန်းစာ၌ ဖခင်မှာ ဘုရားသခင်ကိုဆိုလိုသည်။ သားဆိုသည်မှာ ဘုရားသခင်ကို လက်ခံယုံကြည်ပြီးနောက် ဘုရားသခင်အား စွန့်ခွာသူများကိုဆိုလိုသည်။ အဘယ့်ကြောင့် ဘုရားသခင်သည် သူ့ထံမှ ထွက်ပြေးသူများကို ထွက်မပြေးအောင် မတားမြစ်သနည်း။

**၃။ အဘယ့်ကြောင့် ယနေ့ခေတ်လူငယ်များသည် သားငယ်ကဲ့သို့ မည်သည့်တာဝန်မျှ မယူလိုဘဲ ပိုက်ဆံမြောက်များစွာနှင့် နိုင်ငံရပ်ခြားသို့ တစ်ဦးတည်း ထွက်ခွာလိုကြသနည်း။**

– ထိုလူငယ်သည် သူ့ဖခင်၏ငွေများကို မည်ကဲ့သို့သုံးဖြုန်းခဲ့သနည်း။ အပိုဒ်ငယ် ၁၃ နှင့် ၃၀ ကိုကြည့်ပါ။

– ထိုလူငယ်သည် ဆင်းရဲသွားသောအခါ အဘယ်ကြောင့် သူ့ဘက်၌ရပ်တည်မည့် သူငယ်ချင်း တစ်ဦးတစ်ယောက်မျှမရှိခဲ့သနည်း။

**၄။ ဂျူးလူမျိုးများက ဝက်ကိုမသန့်ရှင်းသော တိရိစ္ဆာန်ဟု သတ်မှတ်ကြသည်။ ထိုလူငယ်သည် သူကိုယ်တိုင် ဝက်ခြံကို ကြည့်ရှုရသောအခါ သူ၏စိတ်ထဲ၌ မည်ကဲ့သို့ ခံစားရမည်နည်း။**

– သူ့အနေနှင့် အလွန်စာလောင်သော်လည်း အဘယ်ကြောင့် ဝက်စာကိုစားရန် ကိုယ့်ကိုကိုယ် ခွင့်မပြုသနည်း။(၁၆)

**၅။ သူ၏ စိတ်ပျက်ဖွယ်အခြေအနေမှ ကိုယ့်ကိုကိုယ် သတ်သေမည့်အစား မိမိကိုယ်ကို သိမြင်လာစေရန် မည်သည့်အရာက လုပ်ဆောင်ပေးသနည်း။(၁၇)**

– အပိုဒ်ငယ် ၁၈–၁၉တွင် လူငယ်လေးမှ သူ၏ဖခင်ထံ ဝန်ခံသောအရာများကို တွေ့မြင်နိုင်သည်။ သူ့ဖခင်ကို ဆန့်ကျင်သောသူ၏အပြစ်များမှာအဘယ်နည်း။

– ကောင်းကင်နိုင်ငံကို ဆန့်ကျင်သော ထိုလူငယ်၏အပြစ်မှာ အဘယ်နည်း။(၁၈)

– (က)ကောင်းကင်နိုင်ငံကိုဆန့်ကျင်၍ (ခ)မိဘကိုဆန့်ကျင်၍ သင်ကျူးလွန်ခဲ့သော အပြစ်များမှာ အဘယ်နည်း။(သင့်စိတ်နှလုံးတွင်းမှ ဖြေဆိုပါ။)

**၆။ ထိုလူငယ်သည် ဖခင်ထံသို့ မိမိအား သားတစ်ယောက်အဖြစ် ပြန်လည်လက်ခံရန် အဘယ်ကြောင့် မတောင်းဆိုသနည်း။ (၁၉)**

– အဘယ်ကြောင် လူတစ်ချို့သည် သူတို့ကိုယ်သူတို့ ဘုရားသခင်၏သားဟုခေါ်ရန် မထိုက်တန်ဟု ထင်ကြသနည်း။(၁၉)

**၇။ ဖခင်သည် သူ့သားရှာလမ်းထဲသို့ စုတ်ပြတ်နေသောခြေဗလာဖြင့် ပြန်လာသည်ကို တွေ့မြင်သောအခါ မည်ကဲ့သို့တွေးမည်နည်း။(၂၀)**

– မည်သည့်အရာက ဖခင်အား သားကိုအဝေးမှမြင်ရုံဖြင့် မှတ်မိစေသနည်း(၂၀)။ နောက်ခံသမိုင်းကို ပြန်ကြည့်ပါ။

– သူ၏သားသည် ရပ်ဝေးတွင်ရှိနေသည့်ကာလတစ်လျှောက်လုံး ဖခင်သည် မည်သည့်အရာကို လုပ်လျက်ရှိမည်ဟု သင်ထင်ပါသနည်း။

**၈။ သားသည် ဖခင်ကိုတွေ့သောအခါ ဖခင်အား ပြောရန်ရည်ရွယ်ထားသော အရာအားလုံးကိုအဘယ်ကြောင့် မပြောဖြစ်ခဲ့ သနည်း။(၄၈ခ–၁၉၊၂၁)**

– ဖခင်၏မည်သည့်စကား၊ မည်သို့သော အပြုအမူများက သူ၏သားအား နှစ်သိမ့်သနည်း။ (၂၂–၂၃)

– မည်သည့်အချိန်၌ ဖခင်သည် သူ့သားအပြစ်များကို ခွင့်လွှတ်ခဲ့သနည်း။ ကျမ်းပိုဒ်ကို ဖော်ပြပါ။

– မည်သည့်အချိန်၌ သားသည် သူ့ဖခင်၏ချစ်ခြင်းနှင့် ခွင့်လွှတ်ခြင်းကို စတင်ယုံကြည်ခံစားလာသနည်း။ ကျမ်းပိုဒ်ကို ဖေါ်ပြပါ။

– အပိုဒ်ငယ် ၂၄၌ ပြောသော ဖခင်၏စကားသည် မည်သည့်အရာကို ဆိုလိုသနည်း။

**၉။ ဘုရားသခင်၏ချစ်ခြင်းနှင့် လူ၏ချစ်ခြင်းသည် မည်ကဲ့သို့ကွာခြားသနည်း။**
– ဤပုံဥပမာတွင် အသက်တာပြောင်းလဲခြင်းအကြောင်းကို မည်သို့ သင်ကြားပေးသနည်း။

**၁၀။ မေးခွန်း – "ငါ၏သားသည် သေဆုံးခဲ့သော်လည်းပြန်ရှင်လာပြီ" ယေရှုသည်လည်း အဖ၏ဆန္ဒကို ဆန့်ကျင်ရန်မဟုတ်ဘဲ ပြည့်စုံစေရန် သူ၏အဖအိမ်တော်ကို စွန့်ခွာ၍ ဤကမ္ဘာကိုကြွလာခဲ့သည်။ သို့သော် သခင်ယေရှုသည် မိမိအိမ်သို့ပြန်သွားရန် ခမည်းတော်ကိုအော်ခေါ်သောအခါ ဝင်ခွင့်မရဘဲ မျက်နှာရှေ့တွင်ပင် တံခါးပိတ်ခံရသဖြင့် ငိုကြွေးလျှက် "အဖ၊ အဖ၊ အကျွန်ုပ်ကို အဘယ်ကြောင့်စွန့်ခွာသနည်း"ဟု ငိုကြွေးခဲ့ရသည်။ ယေရှုသည် အိမ်တော်ကိုဝင်ရောက်ရန် ကောင်းမွန်စွာ ကြိုဆိုခြင်းကိုမခံရဘဲ ဤပုံဥပမာမှသားမှာမူ ချီးမြှောက်ခြင်းကို အဘယ်ကြောင့် ခံရသနည်း။ ငြင်းပယ်ခြင်းကို ခံယူသင့်သောသားကဲ့သို့ အဘယ်ကြောင့် ယေရှုသည် ငြင်းပယ်ခြင်းကို ခံခဲ့ရသနည်း။**
– (လူတိုင်းဖြေကြားရန်) ဤသင်ခန်းစာမှ မည်သည့်အရေးကြီးဆုံးသောအရာကို သင်ယူရရှိပါသနည်း။

## ၂၇။ အခြားသောပျောက်သောသား (လုကာ ၁၅း၂၅–၃၂)

**နောက်ခံသမိုင်း–** အခန်းငယ်(၁၂)အရ သားငယ်သည် သူနှင့်သက်ဆိုင်သောအမွေများကိုယူသွားသောအခါ ဖခင်သည် ကျန်တစ်ဝက်ကို သူ့သားကြီးအတွက် ပေးထားခဲ့သည်။ သားကြီးမှ သူ့အဖေ၏စကားကိုမယုံကြည် ခြင်းမှာအဖေ၏ အမှားမဟုတ်ပါ။

**၁။ လူငယ်တစ်ယောက်သည် မိဘများမှ သူ့ကိုမချစ်ဟု ခံစားရလျှင် ပျော်ရွှင်နိုင်မည်လား။**

– သားကြီးအနေဖြင့် သူ၏အိမ်တွင်မပျော်မွေ့လျှင် အဘယ်ကြောင့် သူ့ညီနှင့်အတူ အမွေများကိုယူပြီး အိမ်မှမထွက်ခွာသနည်း။

– သားကြီး၏ဘဝတွင် အရာအားလုံးထက် အတော်င့်တဆုံးအရာမှာ မည်သည့်အရာဖြစ်မည်ဟု ထင်သနည်း။

**၂။ ဖခင်မှ အမွေတစ်ဝက်ကိုပေးထားသော်လည်း အဘယ်ကြောင့် သားကြီးသည် သူ့ကိုယ်သူ ကျွန်တစ်ဦးကဲ့သို့ထင် မြင်ခံစားနေသနည်း။(အခန်းငယ် ၁၂ ၊ ၂၉ ၊ ၃၁)**

– ဤပုံဥပမာ၌ ဖခင်သည်ဘုရားသခင်ဖြစ်ပြီး၊ သားငယ်သည် ခရစ်ယာန်အသက်တာမှယုံကြည်ခြင်းလွဲမှားသောသူကို ပုံဆောင်လျှင်၊ သားကြီးသည် မည်သူကို ပုံဆောင်မည်နည်း။

– သင့်အနေဖြင့် ဖခင်ကြီးသည် သူ၏သားများအပေါ် မျှမျှတတဆက်ဆံသည်ဟု ထင်ပါသလား။

– ဘုရားသခင်သည်လည်း လူသားများအပေါ် မျှတစွာဆက်ဆံသည်ဟု ထင်ပါသလား။

**၃။ နေ့စဉ်နေ့တိုင်း လယ်ထဲတွင် ပင်ပန်းကြီးစွာ ကြိုးစားလုပ်ကိုင်ရသောသားကြီးအနေဖြင့် မည်ကဲ့သို့ ခံစားရမည်ဟု ထင်သနည်း။**

– အခန်းငယ် ၂၉–၃၀တွင် ဖော်ပြထားသော သားကြီးကဲ့သို့ သင်ခံစားဖူးပါသလား။ ခံစားဖူးပါက မည်ကဲ့သို့သော အခြေအနေမျိုးတွင် ခံစားရပါသလဲ။

– အခန်းငယ် (၂၉)အရ သားကြီးသည် သူ၏အပေါင်းအသင်းများကို တစ်ခါမျှပင် ပွဲမလုပ်ပေးသည်မှာ အဘယ်ကြောင့် ဖြစ်မည်နည်း။

– အကယ်၍ သားကြီးသည် ဆိတ်၊ သိုး သို့မဟုတ် နွားသူငယ်ကိုယူ၍သတ်ပြီး သူငယ်ချင်းများအတွက် ပွဲလုပ်ပါက ဖခင်သည် မည်သို့ယူဆမည်ဟု သင်ထင်သနည်း။

**၄။ အခန်းငယ်၂၇–၂၈တွင် သားကြီးသည် သူ၏အမျက်ကို မထိန်းနိုင်ရခြင်းမှာ အဘယ်ကြောင့်နည်း။**

– သားငယ်သည် ရွာသူရွာသားများရှေ့တွင် သူ၏ဖခင်ကို အရှက်ရစေခဲ့သည်။ယခုတွင်လည်း သားကြီးသည် ထို့အတူပြုလုပ်လျက်ရှိသည်။ သို့သော် ဖခင်မှ အမျက်မထွက်ခြင်းမှာ အဘယ်ကြောင့်နည်း။

– အခန်းငယ် ၂၈(ခ)နှင့် ၃၁–၃၂ တွင် တွေ့ရသောဖခင်ကို ကြည့်ခြင်းဖြင့် သင်မည်ကဲ့သို့ ခံစားရသနည်း။
– အခန်းငယ် ၂၈(ခ)နှင့် ၃၁–၃၂ကိုဖတ်ခြင်းအားဖြင့် ဘုရားသခင်နှင့်ပတ်သတ်၍ မည်ကဲ့သို့ ခံစားရသနည်း။

**၅။ ဖခင်သည် သားကြီးအပေါ်ကောင်းမွန်စွာ ဆက်ဆံသော်လည်း သားကြီးသည် ဖခင်ကိုမချစ်ခင်ခြင်းမှာ အဘယ်ကြောင့်နည်း။**
– ဤပုံဥပမာကို အခြေခံ၍ဆွေးနွေးပါ – အကယ်၍များ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုမချစ်ပါက မည်သည့်အကြောင်းကြောင့် မချစ်ရသနည်း။

**၆။ အခန်းငယ်၂၉အရ၊ သားကြီးသည် ဖခင်၏လိုအင်များကို အမြဲဖြည့်စွမ်းပေးခဲ့သည်ဟု ထင်နေပါသည်။ ဖခင်အနေဖြင့် သားထံမှ အရာအားလုံးထက် မည်သည့်အရာများကို မျှော်လင့်ထားသနည်း။**
– အခန်းငယ် ၃၀ အရ၊ သားကြီးသည် သားငယ်ကိုမချစ်ကြောင်း မည်သည့်အချက်က ဖော်ပြသနည်း။
– သားကြီးသည် မည်သူ့ကို ချစ်ပါသနည်း။

**၇။ အခန်းငယ် ၂၈–၃၂ အရ၊ သခင်ယေရှုသည် ပုံဥပမာကို အဆုံးအထိ(သားကြီးသည် ပွဲသို့သွားသလား– မသွားသလား) ကိုမပြောဘဲ အဆုံးသတ်ထားသည်မှာ အဘယ်ကြောင့်နည်း။**

**၈။ သခင်ယေရှု၏ ပုံဥပမာများ၌ ပွဲတော်ဆိုသည်မှာ ကောင်းကင်ဘုံကို ရည်ညွှန်းလေ့ရှိသည်။ ဤပုံဥပမာအရ မည်သူသည် နောက်ဆုံးတွင် ကောင်းကင်ဘုံသို့ ဝင်ရောက်သနည်း။**
– ဤဥပမာအရ တစ်စုံတစ်ယောက်သည် ကောင်းကင်ဘုံသို့ မရောက်လျှင် မည်သူ၏အပြစ်ကြောင့်ဖြစ်သနည်း။

**၉။ နောက်တစ်နေ့တွင် ညီအစ်ကိုနှစ်ယောက် လယ်တောထဲ၌ အလုပ်လုပ်ရန်သွားသည်ဟု စိတ်ထဲတွင် ပုံဖော်ကြည့်ပါ။ သားကြီး၏ခံစားချက်မှာ မည်ကဲ့သို့ဖြစ်မည်နည်း။ သားငယ်၏ ခံစားချက်မှာလည်း မည်ကဲ့သို့ဖြစ်မည်နည်း။**
– ကမ္ဘာပေါ်၌ရှိသောလူများသည် ထိုညီအစ်ကိုနှစ်ယောက်ထဲမှ တစ်ယောက် သို့မဟုတ် တစ်ယောက်နှင့်တူပါသည်။ သင်သည် မည်သူနှင့်တူသနည်း။

**၁၀။ သခင်ယေရှုသည် သင့်အား ပြောနေပါသည်။ ‘ငါပိုင်ဆိုင်သမျှအားလုံးကို သင်ပိုင်ဆိုင်သည်။ သူ လက်ဝါးကပ်တိုင်အပေါ် အသေခံခဲ့ခြင်းသည် သင်ကောင်းကင်ဘုံ**

ဝင်စားရန်အတွက်ဖြစ်သည်။ သူ့ကို သင်လက်ခံယုံကြည်သောနေ့၌ပင် ထိုအမွေကို သင့်အားပေးပါသည်။ သားကြီးသည် ထိုကတိစကားကိုမယုံဘဲ ကျွန်တစ်ဦးကဲ့သို့ ပင်ပန်းကြီးလုပ်ဆောင်ခဲ့သည်။ သင်သည် ကောင်းကင်နိုင်ငံသို့ ဝင်ခွင့်အမွေကို ရရှိပြီဟု ယုံကြည်ပါသလား။ သို့မဟုတ် ကောင်းမှုကုသိုလ်များဖြင့် ထိုအမွေကိုရရှိရန် ကြိုးစားနေပါသလား။ သင်သည် ဤကျမ်းချက်မှ မည်သည့်အရာကို သင်ယူရရှိသနည်း။

## ၂၈။ သူဌေးကြီးနှင့် လာဇရု(လုကာ၁၆း၁၉–၃၁)

**နောက်ခံသမိုင်း။** အာဗြဟံသည် ဂျူးလူမျိုးများအတွက် ဘိုးဘေးဖြစ်သကဲ့သို့ ခရစ်ယာန်များအတွက် ယုံကြည်ခြင်း၏ဖခင်ဖြစ်သည်။ သူသည် အလွန်ကြွယ်ဝချမ်းသာသောသူဖြစ်သည်။ လာဇရုဟူသောနာမည်မှာ "ဘုရားသခင် ကူညီမစတော်မူသောသူ" သို့မဟုတ် ရိုးရှင်းစွာဖြင့် "ဘုရားသခင်ကူညီမစတော်မူသည်"ဟု အဓိပ္ပါယ်ရသည်။ သခင်ယေရှုသည် သူ၏ပုံဥပ မာများအနက် ဤတစ်ခုတည်း၌သာ ဇာတ်ကောင်နာမည်ကို ဖော်ပြဖူးခြင်းဖြစ်သည်။ "မောရှေနှင့် ပရောဖက်များ"ဆိုသည်မှာ ထိုခေတ်တွင်သုံးသောသမ္မာကျမ်းစာဖြစ်သည့် "ဓမ္မဟောင်းကျမ်း"၏ အတိုကောက် အသုံးအနှုန်းဖြစ်သည်။

**၁။ သူဌေးကြီးသည် သူ့ဘဝတစ်ရောက် မည်သည့်ကောင်းသောအရာများကို မွေ့လျော်ခံစားနိုင်မည်နည်း။ ဖြစ်နိုင်သမျှများစွာတွေးကြည့်ပါ။**

– လာဇရုအတွက် လောကတွင် အသက်ရှင်စဉ် ခံစားနိုင်သည့် ကောင်းသောအရာများရှိပါသလား။ ဖော်ပြပါ။

**၂။ သူဌေးကြီးသည် အပြင်သို့သွားသည့်အခါတိုင်း ဆင်းရဲသားလာဇရုကို တွေ့ရသော်လည်း အဘယ်ကြောင့် သူ့ကို မကူညီရသနည်း။**

– အကယ်၍ သူဌေးကြီးက လာဇရုအား ဆက်ဆံသကဲ့သို့ သင်၏သားသမီးကို သူတပါးက ဆက်ဆံပါက မည်သို့သော အပြစ်ဒဏ်ပေးသင့်သည်ဟု သင်ထင်ပါသနည်း။

– ယနေ့ သင်ကူညီရမည့် လာဇရုမှာ မည်သူနည်း။ (စားစရာထက် အခြားသောအရာများကို ဆာငတ်နေသည့်သူများကို သတိရပါ။)

**၃။ လူတစ်ဦးသည် အဘယ်ကြောင့် သူ၏သားအား "ဘုရားသခင် ကူမတော်မူသည်"ဟု အမည်ပေးရသနည်း။ ဖြစ်နိုင်ခြေ အကြောင်းရင်းအမျိုးမျိုးတွေးကြည့်ပါ။**

– သခင်ယေရှုသည် သူ၏ပုံဥပမာတွင် ဆင်းရဲသားအား ဤနာမည်ကို ပေးလိုသည့်အကြောင်းရင်းမှာ အဘယ်ကြောင့်နည်း။

– ဘုရားသခင်သည် လာဇရုအား ကူညီပါသလား။

**၄။ လာဇရုသည် ဘုရားသခင်ထံ ကျန်းမာခြင်းနှင့် နေ့စဉ်အစားအသောက် တောင်းခံပေလိမ့်မည်။ သူတောင်းသည့်အတိုင်း အဖြေမပေးသော ဘုရားသခင်အား မည်ကဲ့သို့ ဆက်လက်ယုံကြည်နိုင်မည်နည်း။**

– လာဇရုသည် ဘုရားသခင်အား မယုံကြည်ခဲ့ပါက သူ့ဘဝသည် မည်ကဲ့သို့ ပြောင်းလဲသွားမည်နည်း။

**၅။ လာဇရုသည် သေဆုံးသွားသောအခါ သူအားသင်္ဂြိုဟ်ခြင်းမပြုဘဲ ဆင်းရဲသားများ၏သင်္ချိုင်းသို့ ပစ်ကြပေလိမ့်မည်။ "ချမ်းသာသောသူအား သင်္ဂြိုဟ်ကြသည်"ဟု ကျမ်းစာက ပြောထားသည် (၂၂)။ သူဌေး၏သင်္ဂြိုဟ်ပွဲတွင် လူများသည် မည်သို့သော မိန့်ခွန်းများ ပြောကြလိမ့်မည်ဟု သင်ထင်ပါသနည်း။**

**၆။ အဘယ်ကြောင့် သူဌေးကြီးအား ငရဲသို့ ပစ်ချရသနည်း။**

**၇။ အပိုဒ်ငယ် ၂၇-၃၁တွင် သူဌေးကြီးနှင့်အာဗြဟံသည် လူသားများ မည်ကဲ့သို့ ဘုရားသခင်အား သိလာကြပြီး ကယ်တင်ခြင်းရလာကြောင်းကို ဆွေးနွေးထားသည်။ သူဌေးကြီးသည် ဤအချက်နှင့်ပတ်သတ်၍ မည်ကဲ့သို့ တွေးထင်ခဲ့သနည်း။**

- အာဗြဟံ၏ပြောစကားအရ အံ့သြဖွယ်နိမိတ်လက္ခဏာသည် အဘယ်ကြောင့် ယုံကြည်ခြင်းကို မဖြစ်ပွားစေသနည်း။

**၈။ အဘယ်ကြောင့် သမ္မာကျမ်းစာမပါဘဲ အဘယ်သူမျှ ကယ်တင်ခြင်းမရနိုင်သနည်း။ (၂၉-၃၁)**

**၉။ လာဇရု၏အသက်ရှင်ခြင်း၊ သေခြင်းသည် သခင်ယေရှု၏အသက်ရှင်ခြင်း၊ သေခြင်းနှင့် မည်သည့် ရှုထောင့်များတွင် တူညီသနည်း။ (သူတို့၏ ဆင်းရဲဒုက္ခ၊ ယုံကြည်ခြင်း စသည့်အရာများကို ထည့်သွင်းစဉ်းစားပါ)**

- သခင်ယေရှုသည် မိမိ၏ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို မည်သို့ ကြိုတင်ဟောပြောထားသနည်း။ (၃၁)

**၁၀။ ဤပုံဥပမာအားဖြင့် သခင်ယေရှုသည် "ကြွယ်ဝခြင်း ဧဝံဂေလိတရား Prosperity Gospel" အကြောင်းနှင့်ပတ်သတ်၍ မည်သို့ သွန်သင်ထားသနည်း။ (အကယ်၍ ဤဝေါဟာရကို မသိပါက မေးခွန်းကို ကျော်သွားနိုင်သည်။)**

## ၂၉။ နူနာရောဂါသည် ဆယ်ဦး(လုကာ ၁၇း၁၁-၁၉)

**နောက်ခံသမိုင်း။** သခင်ယေရှုခေတ်တွင် နူနာရောဂါသည်များသည် အခြားသူများနှင့် ဝေးသည့်နေရာတွင် အထီးကျန်စွာ နေရသည်။ အကယ်၍ တစ်စုံတစ်ယောက်သည် နူနာသက်သာပြီဟု ထင်မှတ်ပါက ယဇ်ပုရောဟိတ်ထံသို့ သွားရောက်ပြ သရသည် (ဝတ်ပြုရာ ၁၃နှင့် ၁၄)။ ဓမ္မဟောင်းကျမ်း တစ်ခုလုံးတွင် နူနာရောဂါ ပျောက်ကင်းသော အံ့ဩဖွယ်နိမိတ်လ က္ခဏာကို နှစ်ကြိမ်၊ သုံးကြိမ်ခန့်သာ ဖော်ပြထားသည်။ ခေါင်းဆောင်သည် နူနာရောဂါနှင့် ပတ်သတ်၍ စွယ်စုံကျမ်းကို ကိုးကားပြောပြနိုင်သည်။ ရှာမာရိလူမျိုးများမှာ တိုင်းတပါးအမျိုးသားများ ဖြစ်သောကြောင့်၊ ရုပ်တုနှင့်ဘုရားကို ရောနှောကိုးကွယ်သောသူများဖြစ်သည့်အတွက် ယုဒလူမျိုးများ၏ အထင်မြင်သေးခြင်းကို ခံရကြသည်။

**၁။ ဤလူဆယ်ယောက်သည် မိမိတို့ နူနာရောဂါစွဲကြောင်းကို စတင်သိရှိသည့်နေ့ အကြောင်းကို တွေးဆကြည့်ပါ။ မိမိတို့၏အနာဂါတ်နှင့် မိမိတို့၏မိသားစု အနာဂါတ်အတွက် မည်သို့သောအတွေးများ ဝင်ခဲ့မည်ဟု သင်ထင်ပါသနည်း။**
-(သခင်ယေရှုခေတ်မှ နူနာရောဂါနှင့် ယခုခေတ်ရှိ အေအိုင်ဒီအက်စ်ရောဂါစွဲခြင်း နှစ်ခုကြား မည်သည့် တူညီမှုများ တွေ့ရသနည်း။)

**၂။ အနာရောဂါစွဲပြီး အထီးကျန်ဆန်သော ဤလူများ၏ဘဝတွင် ထင်ရှားသိသာသော မည်သည့် ဘဝအချိုးအကွေ့များရှိ မည်ဟု သင် ထင်သနည်း။**

**၃။ ဤနူနာသည်များသည် သခင်ယေရှုက မိမိတို့အား မည်ကဲ့သို့ပြုလုပ်ပေးရန် မျှော်လင့်ခဲ့ကြသနည်း။ အပိုဒ်ငယ် ၁၃မှ သူတို့၏ဆုတောင်းချက်ကို ကြည့်ပါ။**

**၄။ ရှမာရိပြည်နှင့် ဂါလိလဲပြည်ကြား နယ်နိမိတ်သည် ယဇ်ပုရောဟိတ်များ နေထိုင်သော မြို့များမှ ကီလိုမီတာ ၅၀ မှ ၆၀ ခန့်ကွာဝေးသည်။ သခင်ယေရှုသည် အဘယ်ကြောင့် ဤလူများအား ချက်ချင်း အနာရောဂါမငြိမ်းစေဘဲ အလွန်ဝေးသောနေရာသို့ စေလွှတ်လိုက်သနည်း။**
- အနာရောဂါ မငြိမ်းသေးလျက်နှင့်ပင် မည်သည့်အရာက ဤလူများအား ကြမ်းတမ်းသော ခရီးကို စတင်စေသနည်း။
- သခင်ယေရှုစေခိုင်းသောခရီးကို စတင်ထွက်ခွာကြသည့်အခိုက်တွင် ဤနူနာသည်များ အား ယုံကြည်သူများဟု ခေါ်နိုင်မည်လား။ မယုံကြည်သူများဟု ခေါ်မည်လား။

**၅။ ဂျူးလူမျိုးများသည် ရှမာရိလူမျိုးများနှင့် မည်သို့မျှမပတ်သက်လိုကြပေ။ အဘယ်ကြောင့် ရှမာရိလူတစ်ဦးသည် ဂျူးလူ မျိုးများနှင့်အတူ ခရီးနှင်ခဲ့ရသနည်း။**

**၆။ ဂျူးလူမျိုးကိုးယောက်သည် သခင်ယေရှုထံ ကျေးဇူးတင်စကားပြောရန် ပြန်မလာရခြင်း၏ ဖြစ်နိုင်ခြေ အကြောင်းရင်းအမျိုးမျိုးကို တွေးကြည့်ပါ။**
– ရှမာရိလူသည် အဘယ်ကြောင့် သခင်ယေရှုအား ကျေးဇူးတင်ရန် ပြန်လာရသနည်း။

**၇။ သခင်ယေရှုသည် လူကိုးယောက်တို့က သူ့ထံပြန်မလာခြင်းအပေါ် အဘယ်ကြောင့် စိတ်ပျက်ရသနည်း။**
– ဤလူကိုးယောက်၏အပြုအမူနှင့်တူသော အပြုအမူအားဖြင့် သင်သည် ခရစ်တော်ကို စိတ်ပျက်စေဖူးပါသလား။

**၈။ "သင်၏ယုံကြည်ခြင်းသည် သင့်ကိုကျန်းမာစေပြီ"ဟူသော စကားကို "သင်၏ယုံကြည်ခြင်းသည် သင့်ကိုကယ်တင်ပြီ" ဟု ဘာသာပြန်နိုင်သည်။ အဘယ်ကြောင့် သခင်ယေရှုသည် ဤစကားကို ရှမာရိလူအား ပြောချင်ရသနည်း။**

**၉။ အနာငြိမ်းခြင်းကို ရှေးရှုရာဖွေသောယုံကြည်ခြင်းနှင့် သခင်ယေရှုကိုယ်တိုင်အား ရှေးရှုရာဖွေသောယုံကြည်ခြင်း ဤနှစ်ခု၏ ကွာခြားချက်မှာ အဘယ်နည်း။**
– "အနာငြိမ်းခြင်းအတွက်ယုံကြည်ခြင်း" ရှိသောသူတို့ကို ထိုယုံကြည်ခြင်းက အမြဲကယ်တင်မပေးသည်မှာ အဘယ်ကြောင့်နည်း။

**၁၀။ ဂျူးလူမျိုးကိုးယောက်တို့သည် နောက်မှ မိမိတို့ အထီးကျန်၊ ရှက်ကြောက်ခဲ့ရသောနေ့ရက်များကို ပြန်လည်ဆင်ခြင်မိကြသောအခါ ထိုနေ့ရက်များသည် သူတို့အတွက် မည်သည့် အဓိပ္ပါယ်ရှိမည်နည်း။**
– ရှမာရိလူအတွက် သူဖျားနာခဲ့သောနေ့ရက်များသည် မည်သည့် အဓိပ္ပါယ်ရှိမည်နည်း။

**ဝမ်းမြောက်ဖွယ်သတင်းကောင်း။** သခင်ယေရှုသည် နူနာစွဲသောသူများကဲ့သို့ ရှက်ကြောက်ခြင်းနှင့် အထီးကျန်မှုကို လက်ဝါးကပ်တိုင်တွင် ခံတော်မူခဲ့သည်။ "မထီမဲ့မြင်ပြုခြင်းကိုခံ၍၊ လူတို့တွင်အယုတ်ဆုံးသောသူဖြစ်၏။ ငြိုငြင်သောသူ၊ နာကြည်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏။ သူတပါး မျက်နှာလွှဲခြင်းကိုခံရသောသူကဲ့သို့ ဖြစ်၏... ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏" (ဟေရှာယ ၅၃း၃–၄)။ ဤအရာများမှာ ထိုနိမိတ်လက္ခဏာအတွက် သခင်ယေရှုက လက်ဝါးကပ်တိုင်ပေါ် ပေးဆပ်ခဲ့သောအဖိုးအခဖြစ်သည်။

## ၃၀။ လက်မလျှော့သော မုဆိုးမ(လုကာ၁၈း၁–၈)

**နောက်ခံသမိုင်း။** သခင်ယေရှုခေတ်က အမျိုးသမီးများသည် မည်သူ့ကိုမျှ တရားရုံးတွင် တရားစွဲခွင့်မရှိပေ။ တရားရုံးတွင် သက်သေခံအဖြစ် ရပ်ခွင့်လည်းမရှိပေ။ ထိုသို့သော တရားရုံးဆိုင်ရာကိစ္စများကို သူတို့၏ဆွေမျိုးသားချင်း အမျိုးသားများက ဆောင်ရွက်ပေးရသည်။ ဤမုဆိုးမသည် ထိုသို့သောအကူအညီကို အခြားသူထံမှမရခဲ့ကြောင်း ထင်ရှားလှသည်။ သူ၏ဆွေမျိုးသားချင်း အမျိုးသားများကပင်လျှင် သူ့သားသမီးများထံမှ အမွေကိုလုယူရန် ကြိုးစားကြဟန်ရှိသည်။

**၁။ သင်သည် နေ့ရောညပါ ဘုရားသခင်ထံ အော်ဟစ်အကူအညီတောင်းခဲ့သောအချိန်ကို ပြန်တွေးကြည့်ပါ။ အဘယ်ကြောင့် ထိုသို့သောအချိန်တွင် ဆုတောင်းခြင်းကို လက်လျှော့ရန် လွယ်ကူရသနည်း။(၁၊ ၇)**

**၂။ ဤမုဆိုးမ၏ဘဝကိုတွေးကြည့်ပါ။ သူ၏သားသမီးများကို တစ်ယောက်တည်း ကျွေးမွေးပြုစုရာတွင် မည်သို့သော အခက်အခဲများကို ကြုံခဲ့ရမည်နည်း။**

**၃။ လူအချို့တို့သည် အဘယ်ကြောင့် ဤတရားသူကြီး (ဘုရားသခင်ကို မကြောက်ရွံ့၊ လူကိုအားမနာတတ်သောသူ)နှင့် တူကြရနည်း။(၂)**

– သခင်ယေရှုသည် အဘယ်ကြောင့် ဘုရားသခင်အား မတရားသောတရားသူကြီးနှင့် ခိုင်းနှိုင်းရသနည်း။

– ဘုရားသခင်သည် မတရားသောတရားသူကြီးဖြစ်သည်ဟု သင်ခံစားဖူးပါသလား။ ခံစားဖူးပါက မည်သည့်အချိန်တွင် ခံစားခဲ့ဖူးသနည်း။

**၄။ မုဆိုးမသည် တရားသူကြီးက နောက်ဆုံး သူ့အားကူညီလိမ့်မည်ဟု သေချာခဲ့သည်။ အဘယ်ကြောင့် ထိုသို့သေချာခဲ့သနည်း။**

– ဘုရားသခင်သည် မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ချစ်သောသူများနှင့် ကျွန်ုပ်တို့ကို ကူညီလိမ့်မည်ဟု ကျွန်ုပ်တို့ မည်သို့သေချာနိုင်သနည်း။

**၅။ မုဆိုးမသည် တစ်နေ့ပြီးတစ်နေ့ အကူအညီတောင်းခံသောအခါ သူ၏စိတ်နှလုံးထဲတွင် မည်သည့်အရာ ဖြစ်ပျက်ခဲ့မည်နည်း။**

– ဘုရားသခင်ဘက်မှ တိတ်ဆိတ်နေသော်လည်း ကျွန်ုပ်တို့သည် လက်မလျှော့ဘဲ ဆုတောင်းမြဲတောင်းကြသောအခါ ကျွန်ုပ်တို့နှလုံးသားထဲတွင် မည်သည့်အရာ ဖြစ်ပျက်လာသနည်း။

**၆။ အပိုဒ်ငယ် ၇ နှင့် ၈တွင် သခင်ယေရှုမိန့်တော်မူသော စကားများက မည်သည့်အဓိပ္ပါယ်နည်း။**

**၇။ သခင်ယေရှုသည် တရားသူကြီးရှေ့တွင် တစ်ကြိမ်ရပ်ခဲ့သည်။ သခင်ယေရှုရပ်ခဲ့ရသောအခြေအနေနှင့် မုဆိုးမ၏အခြေအနေ ဤနှစ်ခု၏ တူညီသောအချက်နှင့် မတူညီသောအချက်ကို ဆွေးနွေးပါ။ (ကျမ်းစာတွင် မကြည့်တော့ဘဲ မှတ်မိသည်အတိုင်း ဆွေးနွေးပါ။)**

– သခင်ယေရှု၏ဆုတောင်းချက်သည် ဤမုဆိုးမ၏ဆုတောင်းချက်နှင့် မည်ကဲ့သို့ကွာခြားသနည်း။ (၃)

– သခင်ယေရှုအတွက် စီရင်ချက်သည် မုဆိုးမအတွက်စီရင်ချက်နှင့် မည်ကဲ့သို့ကွာခြားသနည်း။

– သခင်ယေရှုအပေါ် ဘုရားသခင်၏စီရင်ချက်သည် တရားပါသလား။ မတရားပါသလား။

**၈။ အပိုဒ်ငယ် ၈(ခ)သည် ဤပုံဥပမာနှင့် မည်ကဲ့သို့ဆက်စပ်သနည်း။**

**၉။ ဤပုံဥပမာသည် ဆုတောင်းခြင်းနှင့်ပတ်သတ်ပြီး သင့်အတွက် မည်သည့်အရာကို သင်ပေးနေသနည်း။ (၁၊၅၊ ၇၊၈)**

**ဝမ်းမြောက်ဖွယ်သတင်းစကား။** ပိလတ်မင်းသည် သခင်ယေရှုအား သေမိန့်ပေးသောအခါ သူသည် မတရားသောတရားသူကြီးဖြစ်ခဲ့သည်။ သို့သော် ဘုရားသခင်သည် သခင်ယေရှုအား အသေခံရန်စီရင်သောအခါ သူသည်တရားမျှတသည်။ အဘယ်ကြောင့်ဆိုသော် သင်နှင့်ကျွန်ုပ်တို့၏အပြစ်များသည် သူ့အပေါ်ကျရောက်သောကြောင့် ဖြစ်သည်။

## ၃၁။ အဘယ်သူသည် ဖြောင့်မတ်သောသူနည်း (လုကာ ၁၈း၉–၁၄)

**နောက်ခံသမိုင်း။** ဖာရိရှဲနှင့်အခွန်ခံ ပုံဥပမာသည် အပြစ်ပြေခြင်းအယူဝါဒနှင့်ပတ်သတ်၍ သခင်ယေရှု၏ အခြေခံကျသော သွန်သင်ချက်ဖြစ်သည်။ ဤအယူဝါဒက မည်သို့ပြုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်သင့်မြတ်ပြီး ကောင်းကင်နိုင်ငံသို့ ဝင်နိုင်မည်နည်း ဟူသောမေးခွန်း၏အဖြေကို ပေးနေသည်။ သခင်ယေရှု၏ခေတ်တွင် ဖာရိရှဲများအား ကိုယ်ကျင့်သိက္ခာကိုအမှီပြုသောဟန်ဆောင်သူများအဖြစ် မမြင်ကြဘဲ ဘုရားသခင်အား အမှန်တကယ် ယုံကြည်ပြီးကြောက်ရွံ့သောသူများဟု မြင်ခဲ့ကြသည်။ ဖာရိရှဲများသည် ဆင်းရဲသားများဘက်တွင် ရပ်တည်ပေးခဲ့ကြသောကြောင့်လည်း လူအများကြားတွင် နာမည်ရခဲ့ကြသည်။ အခြားတစ်ဖက်တွင် အခွန်ခံများမှာ အမိမြေကို သစ္စာဖောက်သောသူများ၊ ဆင်းရဲသားများကို ခေါင်းပုံဖြတ်သောသူများဖြစ်သည်။

### ၁။ အဘယ်အချက်က ဤသူနှစ်ဦးလုံးသည် ဘုရားသခင်အား ယုံကြည်ကြကြောင်း ညွှန်ပြနေသနည်း။

– ယုဒလူမျိုးများအတွက် ဗိမ္မာန်တော်မှာ အပြစ်ဆေးကြောရာအရပ်၊ ဘုရားသခင်နှင့် တွေ့ဆုံရာအရပ်ဖြစ်ခဲ့သည်။ ဖာရိရှဲသည် မည်သည့်အကြောင်းရင်းကြောင့် ဗိမ္မာန်တော်သို့ သွားခဲ့သနည်း။ ဤအခွန်ခံသည်လည်း အဘယ်ကြောင့် ဗိမ္မာန်တော်သို့ သွားခဲ့သနည်း။ ဆွေးနွေးပါ။

### ၂။ ဖာရိရှဲ၏ဆုတောင်းချက်ကိုကြည့်ပါ။ သူသည် မည်သည့်အရာအတွက် ဘုရားသခင်အား ကျေးဇူးတင်သနည်း။

– ဖာရိရှဲသည် အဘယ်ကြောင့် သူ၏ဆုတောင်းချက်တွင် ဘုရားသခင်က သူ့အတွက် ပြုတော်မူသောအရာများကို မဖော်ပြခဲ့သနည်း။
– ဖာရိရှဲ၏အပြစ်ပြေခြင်း အယူဝါဒ(ယုံကြည်ချက်)မှာ အဘယ်နည်း။ (နောက်ခံသမိုင်းမှ အချက်အလက်ကိုကြည့်ပါ။)

### ၃။ ဤအခွန်ခံကဲ့သို့ သင်ဆုတောင်းဖူးပါက မည်သည့်အချိန်တွင် ဆုတောင်းခဲ့ဖူးသနည်း။ (စိတ်နှလုံးထဲမှ ဖြေဆိုနိုင်သည်။)

– အခွန်ခံ၏ဆုတောင်းချက်ထဲမှ ဂရိဘာသာဝေါဟာရသည် "ဘုရားသခင် ဤဗိမ္မာန်တော်တွင် ပူဇော်သောယဇ်ကြောင့် ကျွန်ုပ်အား သနားခြင်းကရုဏာထားတော်မူပါ" ဟု အဓိပ္ပာယ်ရသည်။ အခွန်ခံ၏ အပြစ်ပြေခြင်း အယူဝါဒ(ယုံကြည်ချက်)မှာ အဘယ်နည်း။

### ၄။ ကျွန်ုပ်တို့သည် ဤပုံဥပမာမှ ဖာရိရှဲနှင့် မည်သည့်အချက်တွင် တူကောင်းတူနေနိုင်သနည်း။

– ဖာရိရှဲက ဘုရားသခင်အပေါ် ပြစ်မှားသောအပြစ်နှင့် မိမိအိမ်နည်းချင်းများအပေါ် ပြစ်မှားသောအပြစ်မှာ အဘယ်နည်း။
– ဖာရိရှဲသည် အဘယ်ကြောင့် မိမိအပြစ်များကို တစ်ခုမျှ သတိမထားမိသနည်း။

**၅။ ဖာရိရှဲသည် အခွန်ခံထက် ယုံကြည်ခြင်း များစွာ ထက်သန်သည်။ အဘယ်ကြောင့် မှားယွင်းသောယုံကြည်ခြင်းသည် စစ်မှန်သောယုံကြည်ခြင်းထက် သာ၍ ခိုင်ခံတတ်သနည်း။**

**၆။ ဤသူနှစ်ယောက်တို့သည် ကိုယ့်အိမ်သို့အသီးသီးပြန်သွားကြသောအခါ အဘယ် တစ်ယောက်သည် အပြစ်ပြေသွားကြောင်းကို မည်သူသိသနည်း။ (ကျမ်းစာသားအရဖြေပါ)**
– သခင်ယေရှုက "ထို့နောက် အခွန်ခံသည် မိမိငွေလိမ်ယူခဲ့သောသူများထံသို့ လျော်ကြေးငွေပြန်ပေးခဲ့ပြီး လေးစားကြည်ညိုထိုက်သူအဖြစ် အသက်ရှင်သွားသည်"ဟု ပုံဥပမာကို အဘယ်ကြောင့် အဆုံးမသတ်ခဲ့သနည်း။

**၇။ အခွန်ခံသည် လူများစွာ၏ဘဝကို ပျက်စီးစေခဲ့ပေမည်။ မိမိအပြစ်များကြောင့် ဘုရားသခင်ထံမှ ခံထိုက်သော အခွန်ခံ၏အပြစ်ဒဏ်မှာ မည်ကဲ့သို့ ဖြစ်သွားသနည်း။**

**၈။ အပြစ်ပြေခြင်းတရားတွင် အပြစ်ပြေသူလုပ်ဆောင်ရသည့် အခန်းကဏ္ဍမှာ အဘယ် နည်း။**
– အပြစ်ပြေခြင်းတရားတွင် ဘုရားသခင်၏ကဏ္ဍမှာ အဘယ်နည်း။
– အပြစ်ပြေခြင်းတရားတွင် ယဇ်ပူဇော်ခြင်း၏ကဏ္ဍမှာ အဘယ်နည်း။

**ဝမ်းမြောက်ဖွယ်သတင်းကောင်း။** ဗိမ္မာန်တော်တွင် ပူဇော်သောယဇ်မှာ သခင်ယေရှု အသေခံတော်မူခြင်းကို ပုံဆောင်သည်။ အမှန်စင်စစ် အခွန်ခံသည် သခင်ယေရှု၏ယဇ်ကို အမှီပြု၍ ခွင့်လွှတ်ခြင်းကိုတောင်းခံခဲ့သည်။ သူ၏အပြစ်များမှာ သခင်ယေရှုအပေါ်သို့ ကျရောက်သွားပြီး၊ သခင်ယေရှု၏ဖြောင့်မတ်ခြင်းမှာ သူ့အပေါ်သို့ သက်ရောက်သွားခဲ့ သည်။

## ၃၂။ သခင်ယေရှုသည် အခွန်ခေါင်းတစ်ဦးနှင့်တွေ့ဆုံခြင်း(လုကာ၁၉း၁–၁၀)

**နောက်ခံသမိုင်း။** သခင်ယေရှု၏ ခေတ်ကာလတွင် အခွန်ခံများသည် သူတို့၏မရိုးသား သော အပြုအမူများကြောင့် လူသိများကြသည်။ ပထမအချက်မှာ သူတို့သည် နယ်ချဲ့အာဏာရှင်များ(ရောမများ)ကို အစေခံကြပြီး၊ ဒုတိယအချက်မှာ ရရှိသောအခွန် များကို မိမိတို့အိတ်ထဲထည့်၍ မိမိလူမျိုးများအား ခေါင်းပုံဖြတ်ကာ ကြွယ်ဝချမ်းသာ လာကြသည်။ အပိုဒ်ငယ်၇တွင်၊ ဇက္ခဲသည် မိမိမြို့တွင် အထင်ကြီးမခံရသောသူ ဖြစ်ကြောင်းကိုတွေ့မြင်နိုင်သည်။ ကျွန်ုပ်တို့သိနိုင်သမျှပြောရလျှင် ဤသည်မှာ ယေရိခေါမြို့သို့ သခင်ယေရှု တစ်ကြိမ်တည်းလာရောက်လည်ပတ်ခြင်းဖြစ်ပြီး၊ ထိုအချိန်မှာ ခရစ်တော်အသေခံတော်မမူမီ တစ်ပတ်အလိုတွင်ဖြစ်သည်။ ခရစ်တော် သည် မိမိ၏အမှုလုပ်ငန်းကို သုံးနှစ်ကြာမျှလုပ်ဆောင်ခဲ့ပြီးဖြစ်ပြီး၊ အခွန်ခံများကိုလည်း သူ၏ တပည့်တော်များအဖြစ် ရွေးကောက်တော်မူကြောင်းကို လူတိုင်းသိခဲ့ကြသည်။

**၁။ လူတစ်ဦးအား အခြားသူများက သူခိုးတစ်ယောက်ဟု ထင်မှတ်ကြလျှင် သို့မဟုတ် သူခိုးတစ်ယောက်အဖြစ် စွပ်စွဲကြကြောင်းကိုသိလျှင် ပျော်ရွှင်နိုင်မည်လား။**

– ဇက္ခဲသည် ငယ်စဉ်ကတည်းကပင် အခြားသူများထက် အရပ်ပိုနိမ့်သည်ဟူသော အချက်သည် သူ့အပေါ် မည်သို့သောသက်ရောက်မှုများရှိနိုင်မည်နည်း။

– လူတစ်ဦးသည် ငယ်ရွယ်စဉ်၌ လူများ၏ဝိုင်းဝန်းကဲ့ရဲ့ခြင်းကိုခံရပါက ထိုအရာကို မည်ကဲ့သို့ ကျော်လွှားနိုင်မည်နည်း။

**၂။ ဇက္ခဲသည် အခွန်ခံတစ်ယောက်ဖြစ်ရန် ဆုံးဖြတ်ခဲ့ရသည့် အကြောင်းရင်းအမျိုးမျိုးကို ဆင်ခြင်ကြည့်ပါ။**

– အခွန်ခံများသည် ဆင်းရဲသားမိသားစုများ နောက်ဆုံးပိုင်ဆိုင်သည့် သိုး သို့မဟုတ် အသပြာကို သိမ်းယူရသောအခါ မိမိတို့၏အပြုအမူအတွက် မည်သို့ဆင်ခြေပေး (ကာကွယ်ပြောဆို)နိုင်မည်နည်း။

– ထိုခေတ်အခြေအနေများတွင် မြို့ကြီးပြကြီးတစ်ခု၌ အခွန်ခေါင်းဆောင်ဖြစ်လာရန် မည်သည့်အရာများ (အရည်အချင်းများ) လိုအပ်မည်နည်း။ (စိတ်သဘောထား ကောင်းမြတ်သောသူတစ်ယောက်သည် ယေရိခေါမြို့၏အခွန်ခေါင်းဆောင်ဖြစ်လာနိုင် သည်ဟုသင်ထင်ပါသလား။ သင်၏ခံယူချက်ကို ဖော်ပြပါ။)

**၃။ ယေရိခေါမြို့၌ရှိသော သူအပေါင်းတို့က မိမိအား အထင်မြင်သေးကြောင်း တွေ့မြင်သောအခါ ဇက္ခဲသည် မည်ကဲ့သို့ခံယူမည်ဟုသင်ထင်ပါသနည်း။(၇)**

– ချမ်းသာကြွယ်ဝသောသူတစ်ယောက်ဖြစ်လာဖို့ အချိန်ယူရန်လိုအပ်ပေသည်။ အကယ်၍ ဇက္ခဲသည် အသက်(၅၀)ဝန်းကျင်ရှိသောသူဖြစ်လျှင် သူ၌ အရွယ်ရောက်ပြီး

သောသားသမီးများ ရှိကောင်းရှိနိုင်သည်။ သူတို့သည် ဖခင်၏လုပ်ငန်းကို မည်သို့ ထင်မြင်ကြမည်နည်း။
– လူတို့သည် အသက်(၅၀)အရွယ်တွင် သူတို့၏ပန်းတိုင်နှင့် တန်ဖိုးများကို ပြန်လည်ဆင်ခြင်လေ့ရှိကြသည်။ ဇက္ခဲသည် ဤအချိန်တွင် ကျန်ရှိနေသေးသောအသက်တာ၌ မည်သည့်အရာကို အလိုရှိမည်ဟု သင်ထင်မြင်မိသနည်း။

**၄။ အခွန်ခံများသည် ဘာသာတရားကိုင်းရှိုင်းသောသူများနှင့် မည်သို့မျှ ပတ်သတ်မှုမရှိခဲ့ပါ။ ဇက္ခဲသည် ယေရှုအားအဘယ့်ကြောင့်မှချတွေ့လိုခဲ့သနည်း။(၄)**
– အရှေ့အလယ်ပိုင်းဒေသ၏ ထုံးတမ်းအရ ဂုဏ်အသရေရှိသော လူတစ်ယောက်သည် ပြေးလေ့ပြေးထမရှိပါ။ ဇက္ခဲသည် ယေရှုကို သာမန်မျှသာတွေ့မြင်လိုခြင်းမဟုတ်ဘဲ ပြေးခြင်း၊ သဖန်းပင်ပေါ်တက်ခြင်းတည်းဟူသော လုပ်လေ့လုပ်ထမရှိသောနည်းလမ်းဖြင့် တွေ့မြင်ရန် ကြိုးစားခြင်းသည့် အဘယ်အရာကို ပြသနည်း။(၄)
– သဖန်းပင်တစ်ပင်သည် ဝက်သစ်ချပင်တစ်ပင်အမျှ ကြီးထွားနိုင်သည်။ (မြန်မာပြည်တွင် ကုက္ကိုပင်ခန့်ရှိသည်) ယေရိခေါမြို့၏အခွန်ခေါင်း သူဌေးသူကြွယ်သည် သစ်ပင်တစ်ပင်ပေါ်ထိုင်ခြင်းကို မထူးခြားသောအရာဟု တွေးမှတ်သောကြောင့်လား၊ သို့မဟုတ် သူသည်သစ်ရွက်များကြား၌ ပုန်းအောင်းလိုသောကြောင့်လား။ သင်၏ထင်မြင်ချက်ကို ဖော်ပြပါ။

**၅။ ယေရှုသည် ယေရိခေါမြို့သို့ လာရောက်လည်ပတ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ဇက္ခဲသည် ယေရှု၏နှုတ်မှ သူ၏နာမည်ခေါ်သည်ကို ကြားလိုက်ရသောအချိန်တွင် မည်သည့်အရာကို စဉ်းစားမည်နည်း။(၅)**
– ထိုခေတ်ကာလထုံးတမ်းဓလေ့အရ၊ အတူတကွစားသောက်ခြင်းသည် မိတ်ဆွေဖြစ်ခြင်း၏ အမှတ်လက္ခဏာတစ်ခုပင်ဖြစ်သည်။ ယေရှုသည် ဇက္ခဲ၏အိမ်သို့ အလည်သွားရန် မည်သည့်အချိန်၌ ဆုံးဖြတ်ခဲ့သနည်း။ ဖြစ်နိုင်ခြေအကြောင်းရင်း များစွာကို တွေးကြည့်ပါ။(၅)

**၆။ အကယ်၍ သခင်ယေရှုက ဇက္ခဲအား "သင်သည် ဦးစွာလူကောင်းတစ်ယောက်ဖြစ်ပါ၊ သို့ပြုလျှင် ကျွန်ုပ်သည် သင်၏မိတ်ဆွေဖြစ်ချင်သည်"ဟု သစ်ပင်ခြေရင်းမှ မိန့်တော်မူခဲ့လျှင် ဇက္ခဲသည် မည်သို့တုံ့ပြန်ခဲ့မည်နည်း။**
– တစ်စုံတစ်ဦးက သင့်အား "သင်၏မကောင်းသောအပြုအမူများကို ဦးစွာပြုပြင်လျှင် ကျွန်ုပ်သည် သင့်မိတ်ဆွေဖြစ်ချင်သည်"ဟုဆိုလျှင် သင်မည်သို့ တုံ့ပြန်မည်နည်း။
– လူတို့သည် ပြောင်းလဲပါဟု စကားနှင့်ပြောရုံခြင်းဖြင့် အဘယ်ကြောင့် မပြောင်းလဲလိုကြသနည်း။

**၇။ ယေရှုသည် အဘယ်ကြောင့် ထိုကဲ့သို့အလျှင်စလို ပြုမူခဲ့သနည်း။ (၅)**
– အခွန်ခေါင်းဆောင်သူဌေးသည် ယေရိခေါမြို့သူမြို့သားများရှေ့၌ သစ်ပင်ထက်မှ မည်သို့ မရှက်မကြောက် ဆင်းလာနိုင်သနည်း။ (၆)

**၈။ ဇက္ခဲသည် ငွေကိုအမြဲတပ်မက်လိုချင်သူဖြစ်သည်။ သူ၏စိတ်နှလုံးကို ရုတ်တရက် ပြောင်းလဲစေသည့် အရာမှာ အဘယ်နည်း။ (၈)**
– ဇက္ခဲသည် သူကောက်ခံရရှိသောအရာထဲမှ မိမိအတွက် အဘယ်မျှလောက် စုဆောင်းမိမည်ကို ခန့်မှန်းတွက်ကြည့်ပါ။ (၈)
– ယေရိခေါမြို့သားအပေါင်းတို့သည် မြို့၏အဆိုးဆုံးသောသူ၏နေအိမ်တွင် တည်းခိုသည့်အတွက် ယေရှုအား ဝေဖန်အပြစ်တင်ကြသည်။ အကယ်၍ ဇက္ခဲသည် သူပိုင်ဆိုင်သော ငွေကြေးထက်ဝက်ဖြင့် ကျောင်းဆောင်တစ်ခုဖြစ်ဖြစ် တည်ဆောက်ပေးပြီး မတရားအခွန်ကောက်ခံခဲ့ခြင်းအတွက် အိမ်တိုင်းအား လေးဆပြန်လည်ပေးအပ်ခဲ့မည်ဆိုလျှင် သူတို့သည် မည်သို့ တုံ့ပြန်ကြမည်နည်း။

**၉။ အာဗြဟံသည် ဂျူးလူမျိုးတို့၏ ဘိုးဘေးဖြစ်ပြီး ခရစ်ယာန်များအတွက် "ယုံကြည်ခြင်း၏ဖခင်"လည်းဖြစ်သည်။ ယေရှုက ဇက္ခဲသည် "အာဗြဟံ၏သားတစ်ယောက်ဖြစ်သည်"ဟု ဆိုသောအခါ အဘယ်အရာကို ဆိုလိုသနည်း။ (၉)**
– ယေရှုသည် အပိုဒ်ငယ်၁၀တွင် မိန့်တော်မူသောစကားအားဖြင့် အဘယ်အရာကို ဆိုလိုသနည်း။

**၁၀။ ဇက္ခဲသည် မည်သည့်အချိန်တွင် ခရစ်တော်ကို ယုံကြည်သောသူဖြစ်လာသည်ဟု သင်ထင်သနည်း။ ကျမ်းပိုဒ်ကို ဖော်ပြပါ။**
– ဇက္ခဲပြုလုပ်ခဲ့သော အဓမ္မများအတွက် ခံသင့်သောပြစ်ဒဏ်များကား မည်သို့ဖြစ်သွားခဲ့သနည်း။
– ဇက္ခဲသည် တစ်ပတ်ကျော်လွန်ပြီးနောက် လက်ဝါးကပ်တိုင်၌ ခရစ်တော်အသေခံတော်မူကြောင်းကို ကြားသိသောအခါ မည်သို့ထင်မြင်မည်နည်း။

**ဝမ်းမြောက်ဖွယ်ရာ သတင်းမေးခွန်း ။** သခင်ယေရှုသည် မြို့၏အဆိုးဆုံးသောသူကို တွေ့ဆုံရန်အတွက် ယေရုရှလင်မြို့သို့ အသွားလမ်းတွင် ယေရိခေါမြို့သို့ဝင်ခဲ့သည်။ ယေရှုသည် ဇက္ခဲ၏ မိတ်ဆွေဖြစ်လာသောအခါ ဇက္ခဲကိုယ်စား မိမိအပြစ်ဒဏ်ခံရမည်ကို သိခဲ့သည်။ အပြစ်ခွင့်လွှတ်ခြင်းတရားသည် ဇက္ခဲအတွက်ရော ကျွန်ုပ်တို့အတွက်ပါ အခမဲ့ဖြစ်သော်လည်း ယေရှုခရစ်မှာ အသက်ကိုအရင်းပြုစတေးခဲ့ရသည်။ ယေရှုသည် အပိုဒ်ငယ်၁၀တွင်ရှိသော စကားလုံးများဖြင့် ယနေ့ သင့်အား စကားပြောတော်မူသည်။ သင်သည် မည်သို့ အဖြေပေးမည်နည်း။

## ၃၃။ နောက်ဆုံးသော ပုံဥပမာ (လုကာ ၂၀း၉–၁၉)

**နောက်ခံသမိုင်း။** စပျစ်ဥယျာဉ်သည် ဦးစွာ ယုဒလူမျိုးများ အထူးသဖြင့် သူတို့၏ခေါင်းဆောင်များကို ရည်ညွှန်းသည်။ သို့သော် ယခုတွင်မူ နောက်ဆုံးကာလရှိ ကိုယ်တော်၏အသင်းတော်ကိုလည်း ရည်ညွှန်းနေသည်။

**၁။ ဥယျာဉ်စောင့်များသည် စပျစ်ဥယျာဉ်ပိုင်ရှင်ကို မည်ကဲ့သောသူဖြစ်မည်ဟု တွေးထင်ခဲ့ကြသနည်း။**
– စပျစ်ဥယျာဉ်ရှင်နှင့်ပတ်သတ်ပြီး ဥယျာဉ်စောင့်များ ပြုမိသောအမှားမှာ အဘယ်နည်း။
– ဤပုံဥပမာအားဖြင့် သခင်ယေရှုသည် လူနှင့်ဘုရားကြားရှိ မည်သို့သော ဆက်ဆံရေးမျိုးကို ပုံဖော်လိုသနည်း။

**၂။ ဥယျာဉ်ရှင်သည် လက်ဗလာဖြင့် အိမ်ပြန်လာသော ငယ်သားအား အဘယ်ကြောင့် ဆုပူခြင်းမပြုခဲ့သနည်း။ (၁၀)**
– အဘယ်ကြောင့် အစေခံများသည် တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ပို၍ ဆိုးရွားစွာ နှိပ်စက်ခံရသည်ဟု သင်ထင်ပါသနည်း။ (၁၀–၁၂)
– ဘုရားသခင်သည် သူ၏ငယ်သားများ ညှင်းပန်းနှိပ်စက်ခြင်း မခံရအောင် အဘယ်ကြောင့် ကာကွယ်တော်မမူသနည်း။

**၃။ မည်ကဲ့သို့သောအသီးအပွင့်ကို ကျွန်ုပ်တို့ထံမှ ဘုရားသခင်အလိုရှိတော်မူသနည်း။**
– ကျွန်ုပ်တို့အသင်းတော်မှ ဘုရားသခင်သည် မည်ကဲ့သို့သောအသီးအပွင့်ကို အလိုရှိတော်မူသနည်း။
– အဘယ်ကြောင့် ကျွန်ုပ်တို့လုပ်ဆောင်မှု၏အသီးအပွင့်များကို ဘုရားသခင်အား ပေးရန် တခါတရံတွင် ခက်ခဲရသနည်း။

**၄။ မိမိ၏ချစ်သားကို စပျစ်ဥယျာဉ်သို့ စေလွှတ်သောအခါ ဥယျာဉ်ပိုင်ရှင်သည် မည်သည့် စိတ်ကူးဖြင့် စေလွှတ်ခဲ့သနည်း။**
– သင်သည်လည်း မည်သည့် စိတ်ကူးရည်ရွယ်ချက်ဖြင့် သင်၏သားသမီးများကို ထိုကဲ့သို့ အန္တရာယ်များသော နေရာတွင် စေလွှတ်နိုင်မည်ဟု ထင်ပါသနည်း။
– ဘုရားသခင်သည် မိမိ၏သားတော်ကိုပင် စေလွှတ်ရလောက်အောင် လောကကြီးသည် သူ့အတွက် အဘယ်ကြောင့် အရေးကြီးရသနည်း။

**၅။ မည်သည့်အရာက ဥယျာဉ်စောင့်များအား သူတို့သခင်၏သားကိုပင် သတ်ရလောက်အောင် ရဲရင့်စေသနည်း။**

– ဘုရားသခင်၏သားတော်ကို သတ်ရဲလောက်အောင် မည်သည့်အရာက လူများအား ရဲရင့်စေသနည်း။
– သခင်ယေရှုကို သတ်ခြင်းအမှုနှင့်ပတ်သတ်၍ ကျွန်ုပ်တို့၌ မည်သည့်နည်းဖြင့် တာဝန်/အပြစ် ရှိနေသနည်း။

**၆။ သခင်ယေရှုကို သတ်ခြင်းအမှုတွင် တာဝန်ရှိသောသူများသည် မည်ကဲ့သို့ ဖြစ်မည်နည်း။ (၁၆)**
– အပိုဒ်ငယ် ၁၆ကို နောက်ဆုံးသောကာလ အသင်းတော်များအတွက် မည်ကဲ့သို့ အဓိပ္ပာယ်ယူနိုင်မည်နည်း။

**၇။ ဥယျာဉ်စောင့်များပုံဥပမာကို ပြောပြပြီးနောက် သခင်ယေရှုသည် သူ၏အသေခံခြင်းကို ညွှန်ပြသည့် ထင်ရှားသောဥပမာခိုင်းနှိုင်းချက်ကို ထပ်မံပြောပြသည်။ အပိုဒ်ငယ် ၁၇–၁၈သည် မည်သည့်အရာကို ဆိုလိုသနည်း။**
– မည်သည့်အရာက အသင်းတော် သို့မဟုတ် လူတစ်ဦးအား မိမိယုံကြည်ခြင်း၏အုတ်မြစ်ကျောက်ကို စွန့်ပစ်စေသနည်း။

**၈။ သခင်ယေရှုသည် သူ၏နောက်ဆုံးပုံဥပမာအားဖြင့် ယုဒလူမျိုးခေါင်းဆောင်များအား မည်သည့်အရာကို ပြောပြလိုသနည်း။**
– သခင်ယေရှုသည် ဤပုံဥပမာအားဖြင့် ခရစ်ယာန်အသင်းတော်ခေါင်းဆောင်များအား မည်သည့်အရာကို ပြောပြလိုသနည်း။
– သခင်ယေရှုသည် ဤပုံဥပမာအားဖြင့် သင့်အား မည်သည့်အရာကို ပြောပြလိုသနည်း။

## ၃၄။ မုဆိုးမ၏အလှူ (လုကာ ၂၁း၁–၄)

**နောက်ခံသမိုင်း။** ဓမ္မဟောင်းကျမ်းတွင် မုဆိုးမများ၊ မိဘမဲ့များနှင့် ပတ်သတ်သော ကတိတော် များစွာတွေ့ရသည်။ ဥပမာအားဖြင့် ဆာလံ ၁၀း၁၄၊၁၇၊၁၈ နှင့် ဆာလံ ၆၈း၅။ ယခုကျမ်းပိုဒ်ပါ မုဆိုးမသည် ထိုကတိတော်များကိုကြားဖူးသည်ဟု မှတ်ထင်ဖွယ်ရှိသည်။ ဤဗိမ္ဘာန်တော်ရှိ အလှူငွေများကို ဗိမ္ဘာန်တော် ဆောက်လုပ်ရေး အတွက် အသုံးပြုခဲ့ကြပြီး၊ အေဒီ၆၃တွင် ဆောက်လုပ်ပြီးစီးကာ အေဒီ ၇၀ခန့်တွင် ဖျတ်ဆီးပျက်သုန်းခြင်းသို့ ရောက်ခဲ့သည်။

**၁။ ဘာသာတရားတိုင်းတွင် လူတို့သည် အဘယ်ကြောင့် အလှူငွေထည့်ဝင်ကြသနည်း။**
– မာကုခရစ်ဝင်ကျမ်းတွင်ပါသော ဤဇာတ်လမ်းအရ အလှူငွေပုံးသည် ထင်ရှားမြင်သာ သောနေရာတွင်ရှိနေကြောင်း သိရသည်(မာကု ၁၂း၄၁)။ မိမိအလှူငွေ မည်မျှ ထည့်ဝင်ကြောင်းကို အခြားသူများကသိနိုင်ခြင်းသည် အလှူငွေထည့်သောသူအပေါ် မည်သို့သော လွှမ်းမိုးမှုမျိုးရှိသနည်း။
– ဤမုဆိုးမသည် သခင်ယေရှုက သူ့အားကြည့်နေသည်ကိုသိပါက သူမ မည်ကဲ့သို့ တွေးထင်မည်နည်း။

**၂။ ထိုခေတ်မှ ယုဒလူမှုအသိုင်းအဝိုင်းတွင် လူမှုထောက်ပံ့ရေးအစီအစဉ်များ မရှိခဲ့သည့်အပြင် အမျိုးသမီးများအား အပြင်ထွက်၍ စီးပွားရေးလုပ်ရန် ခွင့်မပြုခဲ့ကြပေ။ သင်၏အမျိုးသားသည် ဆုံးပါးသွားပြီး သင်သည် သားသမီးများကို ပြုစုစောင့်ရှောက်ရန် ကြိုးစားနေသည်ဟု တွေးကြည့်ပါ။ သင့်အတွက် မည်သည့်အရာသည် အခက်ခဲဆုံး ဖြစ်လိမ့်မည်နည်း။**
– အကယ်၍ သင်သည် အထက်တွင် ဖော်ပြခဲ့သောအခြေအနေတွင် ရောက်ရှိနေပါက သင်၌နောက်ဆုံးကျန်ရစ်သော ကြေးနီပြားကို မည်သူအတွက် မည်သည့်အရာအတွက် သင်ပေးလှူမည်နည်း။

**၃။ မည်သည့်အရာက လူတစ်ဦးအား ‘မိမိအသက်ရှင်ရန်လိုအပ်သောအရာကို’ ဘုရားသခင်ထံ ပေးကမ်းစေသနည်း (၄ခ)။ ဖြစ်နိုင်ခြေအမျိုးမျိုးကို တွေးကြည့်ပါ။**

**၄။ အကယ်၍ ဘုရားသခင်သည် မုဆိုးမတွင် နောက်ဆုံးကျန်ရှိသောငွေကို ပေးကမ်းစေပါက ထိုကဲ့သို့သော ဘုရားကို သူမ မည်ကဲ့သို့ တွေးထင်မည်နည်း။**
– မိမိတွင်ရှိသောအရာအတွက် ကျေးဇူးတင်သောစိတ်ဖြင့် ဘုရားသခင်အား ပေးလှူသောသူနှင့် ဘုရားသခင်ထံမှ တစ်စုံတစ်ခု ပြန်ရရန်မျှော်လင့်ချက်ဖြင့် ပေးလှူသောသူ နှစ်ဦးတို့၏ ယုံကြည်ခြင်းသည် မည်ကဲ့သော ကွာခြားသနည်း။

**၅။ ဤမုဆိုးမ၏ ယုံကြည်ခြင်းသည် မည်ကဲ့သို့သော ယုံကြည်ခြင်းမျိုးနည်း။**
– ဤမုဆိုးမသည် သူ၏သားသမီးများအား ဘုရားသခင်က စောင့်ရှောက်လိမ့်မည်ဟု မည်သို့ ယုံကြည်ခဲ့သနည်း။
– ဘုရားသခင်က သင်နှင့် သင့်သားသမီးများကို ငွေရေးကြေးရေးအရ ထောက်ပံ့လိမ့်မည်ဟု ယုံကြည်ရန် သင့်အတွက် ခက်ခဲပါသလား။

**၆။ ဤမုဆိုးမသည် ဘုရားသခင်ထံမှ မည်သည့်အရာကို ရရှိခဲ့သနည်း။**
– သင် ဘုရားသခင်ထံမှ မည်သည့်အရာများကို ရရှိထားသနည်း။ (ဤမုဆိုးမနှင့် ယှဉ်၍ ပြောကြည့်ပါ)

**၇။ ဤမုဆိုးမ၏သားသမီးများသည် ထိုညတွင် ဆာလောင်မွတ်သိပ်ခြင်းဖြင့် အိပ်ယာဝင်ခဲ့ရမည်ဟု သင်ထင်ပါသလား။** သင့်ထင်မြင်ချက်အတွက် အကြောင်းပြချက် ပေးကြည့်ပါ။
– သင်၏သားသမီး/ မြေးမြစ်များအတွက် မည်သည့်အရာက ပို၍အန္တရာယ်ဖြစ်စေမည်ဟုထင်ပါသနည်း။ မလောက်မငနေရခြင်းလား။ သို့မဟုတ် သူတို့ လိုချင်သမျှအားလုံး ရရှိခြင်းလား။

**၈။ ဘုရားသခင်က သူ့ထံသို့ ပေးကမ်းခြင်းနှင့် ဆင်းရဲဒုက္ခရောက်သော အိမ်နီးချင်းများအားပေးကမ်းခြင်း နှစ်ခုအနက် မည်သည့်တစ်ခုကို သင့်အား လုပ်စေချင်မည်ဟု ထင်သနည်း။ အကယ်၍ စိတ်နှလုံးထဲမှ ဖြေလိုပါက ထိုသို့ပြုလုပ်နိုင်သည်။**

**၉။ ဤမုဆိုးမသည် သူ၏သားသမီးများအတွက် မည်သည့်အရာကို အမွေအဖြစ် ထားခဲ့မည်နည်း။**
– ဤပုံပြင်တွင်ပါသော ချမ်းသာသည့်သူများက သူတို့သားသမီးများအတွက် အမွေပေးခဲ့သောအရာနှင့် မုဆိုးမက အမွေပေးခဲ့သောအရာကို ခိုင်းနှိုင်းကြည့်ပါ။
– သင်သေသောအခါ သင်၏သားသမီးများအတွက် မည်သည့်အရာကို အမွေပေးခဲ့ချင်သနည်း။

**ဝမ်းမြောက်ဖွယ်သတင်းစကား။** သမ္မာကျမ်းစာတွင် ကျွန်ုပ်တို့၏အပြစ်များကို ငွေကြေးဖြင့်–ငွေခွက်တစ်သောင်းဖြင့် ခိုင်းနှိုင်းထားသည်။ ထိုအကြွေးကို မဆပ်နိုင်သောသူတိုင်းသည် အကျဉ်းထောင်ထဲသို့(ငရဲသို့) ချပစ်ခြင်းခံရသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ ဤများလှစွာသောအကြွေးများကို ပေးဆပ်ရန်အတွက် မိမိအသက်ရှင်သန်ရန် နောက်ဆုံးကျန်ရစ်သော အရာ– မိမိ၏အသွေးတော်ကိုပါ ပေးဆပ်ခဲ့ရသည်။

## ၃၅။ ပေတရုက သူ့သခင်အား ငြင်းပယ်ခြင်း
## (လုကာ ၂၂း၃၁-၃၃ နှင့် ၅၄-၆၂)

**နောက်ခံသမိုင်း။** ခေါင်းဆောင်သည် မဿဲ ၁၀း၃၂-၃၃ကို ဖတ်ပေးပါ။ လူများ၏ရှေ့တွင် သခင်ယေရှုအားမသိဟုငြင်းပယ်ခြင်းသည် မည်မျှအပြစ်ကြီးကြောင်း ပို၍ နားလည် သဘောပေါက်စေလိမ့်မည်။

**၁။ အကယ်၍ သင်အလွန်ချစ်ရသော တစ်စုံတစ်ယောက်က သင်သည် ထိုနေ့တွင်ပင် သူနှင့် အဆက်အသွယ်ဖြတ်လိမ့်မည်ဟု ကြိုတင်ဟောကိန်းထုတ်လာပါက သင် မည်ကဲ့သို့ တုန့်ပြန်မည်နည်း။**

- အပိုဒ်ငယ် ၄၂တွင် သခင်ယေရှု ကြိုတင်ဟောထားသည့်အရာကို ပေတရုသည် အဘယ်ကြောင့် မယုံကြည်နိုင်ခဲ့သနည်း။

**၂။ ပေတရုသည် အဘယ်ကြောင့် အခြားတပည့်တော်များကဲ့သို့ မထွက်ပြေးဘဲ ယဇ်ပုရော ဟိတ်မင်း၏ ခြံဝန်းအထိ သခင်ယေရှုနောက် လိုက်လာခဲ့သနည်း။**

**၃။ ပေတရုသည် သခင်ယေရှုအား ငြင်းပယ်သောအခါ မည်သည့်အရာကို ကြောက်ရွံ့ခဲ့ သနည်း။**

- သင်သာ ပေတရု၏နေရာတွင် ရှိနေပါက မည်ကဲ့သို့ ပြုလုပ်မည်နည်း။
- မည်သည့်အခြေအနေမျိုးတွင် သင်၏ ခရစ်ယာန်ယုံကြည်ခြင်းကို ငြင်းပယ်ဖို့ရန် စိန်ခေါ်မှုမျိုး သင် ကြုံတွေ့ခဲ့သနည်း။

**၄။ အပိုဒ်ငယ် ၆၁တွင် သခင်ယေရှုက ပေတရုအား နောက်ဆုံးနှုတ်ဆက်ခြင်းကို ဖော်ပြထားသည်။ သူ၏နောက်ဆုံး အကြည့်အားဖြင့် သခင်ယေရှုသည် လဲကျသွားသော သူ၏တပည့်တော်ထံသို့ မည်သည့် စကားကို ပြောလိုသနည်း။**

- အရွယ်ရောက်သောလူကြီးတစ်ဦးအား မည်သည့်အရာက ပြင်းထန်စွာ ငိုကြွေးစေသ နည်း။ (၆၂)

**၅။ ဤအခြေအနေတွင် ပေတရုသည် ထိုနေ့အစောပိုင်းက သခင်ယေရှုနှင့် ပြောခဲ့သောစကားများနှင့် ပတ်သတ်၍ မည်ကဲ့သို့ ထင်မှတ်လိမ့်မည်နည်း။ (၃၁-၃၄)**

- သခင်ယေရှုက မိမိအတွက် ဆုတောင်းနေသည်ကို သိခြင်းသည် ပေတရုအတွက် မည်ကဲ့သို့သော အဓိပ္ပာယ် ရှိမည်ဟု သင် ထင်ပါသနည်း။

**၆။ ထိုနေ့အစောပိုင်းက ပေတရုသည် သခင်ယေရှုအသတ်ခံရမည့်ကိစ္စကို အပြင်းအထန် ကန့်ကွက်ခဲ့သည်။ ဤအဖြစ်အပျက်အားဖြင့် ပေတရုသည် သခင်ယေရှု အသေခံရန် လိုအပ်သည့်အကြောင်းရင်းနှင့် ပတ်သတ်၍ မည်သည့်အရာကို သိလာမည်နည်း။**

**၇။ ဤအဖြစ်အပျက်က ပေတရုအား သူ၏ညီအစ်ကိုများကို မည်သည့်နည်းဖြင့် တည်ကြည်စေနိုင်မည်နည်း။(၃၂)**
– ကျွန်ုပ်တို့ အပြစ်တွင်လဲခြင်းသည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ညီအစ်ကို မောင်နှမများကို တည်ကြည်စေရန် မည်ကဲ့သို့ စွမ်းဆောင်မှုပေးနိုင်သနည်း။

**၈။ သခင်ယေရှုသည် လဲကျသွားသောပေတရုကို ကြည့်သည့်အကြည့်ဖြင့် ယခု သင့်အား ကြည့်နေသည်။ သူ၏မျက်ဝန်းများသည် သင့်အား ဘာကိုပြောနေသနည်း။**

**ဝမ်းမြောက်ဖွယ်သတင်းစကား။** ပေတရုသည် သူ၏အရှင်သခင်ကို ငြင်းပယ်ခဲ့သော်လည်း ခွင့်လွှတ်ခြင်း ခံခဲ့ရသည်။ သူ၏အပြစ်ကိုယ်စား သခင်ယေရှုသည် ခမည်းတော်၏ငြင်းပယ်ခြင်းကိုခံရပြီး ကျွန်ုပ်တို့၏သူရဲဘောကြောင်ခြင်းအတွက် အဖိုးအခကို လက်ဝါးကပ်တိုင်တွင် ထမ်းတော်မူခဲ့သည်။

## ၃၆။ ပရုတိသုဘုံ ပွင့်လစ်ခြင်း (လုကာ ၂၃း၃၂–၄၃)

**နောက်ခံသမိုင်း။** သခင်ယေရှုခေတ်တွင် အပြစ်ဒဏ်အကြီးဆုံးသော သူကိုသာ လက်ဝါးကပ်တိုင်တွင် ကားတင်သတ်ခဲ့ကြသည်။ ထို့ကြောင့် ဤဓားပြနှစ်ယောက်တို့သည် ပိုက်ဆံအတွက်လူသတ်ခဲ့ခြင်း သို့မဟုတ် အခြားကြီးမားသောအပြစ်တစ်ခုခုကို ကျူးလွန်ခဲ့ကြကြောင်း ခန့်မှန်းနိုင်သည်။

**၁။ မည်သည့်အရာက ဤဓားပြနှစ်ယောက်အား ခိုးဝှက်၊ လုယက်ခြင်းအလုပ်ကို စတင်စေခဲ့သည်ဟု သင်ထင်ပါသနည်း။ အကြောင်းရင်း အမျိုးမျိုး တွေးကြည့်ပါ။**

– ဤသူနှစ်ယောက်တွင် မိခင်နှင့်ဇနီးမယား ရှိပေလိမ့်မည်။ ထိုအမျိုးသမီးများ၏နေ့စဉ်ဘဝကို တွေးကြည့်ပါ။

– ဤသူနှစ်ယောက်တို့သည် လက်ဝါးကပ်တိုင်ပေါ် မရောက်မီ အဘယ်ကြောင့် ခိုးဝှက်၊သတ်ဖြတ်ခြင်းကို မရပ်တန့်ခဲ့ကြသနည်း။

– ကျွန်ုပ်တို့၏အပြုအမူသည် မိမိအတွက်နှင့် အခြားသောသူများအတွက် ဘေးဖြစ်စေကြောင်း သိလျက်နှင့် အဘယ်ကြောင့် မရပ်တန့်ကြသနည်း။

**၂။ ဓားပြနှစ်ယောက်တို့သည် သခင်ယေရှု၏အသေခံခြင်းကို လူအားလုံးထက် အနီးကပ်မြင်ခဲ့ကြသည်။ သခင်ယေရှု၏ မည်သည့်စကားနှင့် အပြုအမူများက သူတို့အနက် တစ်ယောက်၏စိတ်ကို တို့ထိခဲ့သနည်း။ (၃၄–၃၈)**

– သူတို့နှစ်ယောက်သည် အမုန်းတရားနှင့် ကလဲ့စားချေလိုခြင်းဖြင့် ပြည့်နှက်သောနေရာတွင် နေထိုင်ခဲ့ရသည်။ အပိုဒ်ငယ် ၃၄ ရှိ သခင်ယေရှု၏ဆုတောင်းချက်ကို သူတို့ မည်သို့ ထင်မှတ်ခဲ့ကြမည်နည်း။

**၃။ မည်သည့်အရာက ဓားပြတစ်ဦးအား မိမိသည်အပြစ်သားဖြစ်ကြောင်းကို သိမြင်စေသနည်း။**

– မည်သည့်အရာက ကျွန်ုပ်တို့အား မိမိ၏အပြစ်ကို ခုခံပြောဆိုခြင်းမပြုဘဲဝန်ခံစေသနည်း။

**၄။ မည်သည့်အရာက ဓားပြတစ်ဦးအား သခင်ယေရှုသည် ရှင်ဘုရင်ဖြစ်ကြောင်းကို ယုံကြည်စေသနည်း။ (၃၇၊၃၈၊၄၂)**

– ထိုအခိုက်အတန့်တွင် အခြားရှင်ဘုရင်များနှင့် ခိုင်းနှိုင်းလျှင် သခင်ယေရှုသည် မည်သို့သော ရှင်ဘုရင်ဖြစ်သနည်း။

**၅။ အခြားသောဓားပြသည် သခင်ယေရှုအား ရှင်ဘုရင်ရော ခရစ်တော်ပါမဟုတ်ဟု ထင်မှတ်ရသော အကြောင်းရင်းမှာ အဘယ်နည်း။**

– အဘယ်ကြောင့် မိမိကိုယ်ကို အပြစ်ရှိကြောင်းသိခြင်းသည် စစ်မှန်သောယုံကြည်ခြင်းကို ယူဆောင်လာပေးသနည်း။

**၆။ အပိုဒ်ငယ် ၄၂တွင် တိုတောင်းသည့်ဆုတောင်းချက်တစ်ခု တွေ့ရသည်။ "သခင်၊ ကိုယ်တော်သည် နိုင်ငံတော်တည်လျက် ကြွလာတော်မူသောအခါ အကျွန်ုပ်ကို အောက်မေ့တော်မူပါ။" ဤဓားပြသည် အဘယ်ကြောင့် သခင်ယေရှုအား နိုင်ငံတော်သို့ ဝင်ရန်ခွင့်မတောင်းခဲ့သနည်း။**

– ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခကို ခံရသောအခါ ကျွန်ုပ်တို့ချစ်ရသောသူတစ်ဦးဦးက မိမိအား အမှတ်ရနေကြောင်း သိရခြင်းသည် စိတ်ကိုသက်သာစေသည်မှာ အဘယ်ကြောင့်နည်း။

– ထိုဓားပြသည် သူ့ကဲ့သို့သော လူသတ်သမားတစ်ဦးက ငရဲတွင် အပြစ်ဒဏ်ခံနေရသည်ကို သခင်ယေရှုအား သတိရအောက်မေ့စေလိုရခြင်းမှာ အဘယ်ကြောင့်နည်း။

– သင်ကိုယ်တိုင်လည်း မည်သည့်အခြေအနေမျိုးတွင် ထိုကဲ့သို့သော ဆုတောင်းချက်ဖြင့် ဆုတောင်းလိမ့်မည်ဟု သင်ထင်ပါသနည်း။

**၇။ ထိုဓားပြသည် မည်သည့်အချိန်တွင် ကယ်တင်ခြင်းခံရသနည်း။**

– ဤလူ၏အပြစ်များမှာ မည်သို့ ဖြစ်သွားသနည်း။

**၈။ ဤဓားပြ၏ ခရစ်ယာန်အသက်တာမှာ အလွန်တိုတောင်းလှသည်။ ဖြောင့်မှန်သောအဖို့မှု ရှိပေမည်။ သူသည် သူ၏နောက်ဆုံးအချိန်များတွင် ပျော်ရွှင်မည်ဟု ထင်ပါသလား။ သို့မဟုတ် ဝမ်းနည်းမည်ဟု ထင်ပါသလား။**

– ဤသူသည် သေခါနီးအချိန်တွင် တစ်စုံတစ်ဦးကိုမုန်းတီးခဲ့မည်ဟု သင်ထင်ပါသလား။

– လူအနေနှင့်ကြည့်လျှင် ထိုဓားပြသည် သူ့ဘဝကိုသူ ပျက်ဆီးစေခဲ့သည်။ သို့သော်လည်း သူ၏ဘဝသည် မည်သို့ ထူးခြားသနည်း။

**ဝမ်းမြောက်ဖွယ်သတင်းစကား။** အာဒံနှင့် ဧဝအချိန်ကတည်းကပင် ပရဒိသုဘုံ၏တံခါးဝသည် အပြစ်သားများအတွက် ပိတ်ထားပြီးဖြစ်သည်။ ယခုတွင် ထိုတံခါးသည် လူသတ်သမားတစ်ဦးအတွက် ဖွင့်လစ်ခဲ့သည်။ တစ်ချိန်တည်းမှာ သခင်ယေရှုအတွက်မူ ပိတ်ထားခြင်းခံရသည်။ ကိုယ်တော်သည် ငရဲတံခါးဝသို့ ဝင်ခဲ့ရသည်။

## ၃၇။ ဧမောက်သို့သွားရာလမ်း၌ (လုကာ ၂၄း၁၃–၃၅)

**နောက်ခံသမိုင်း။** ဧမောက်သည် ယေရုရှလင်မြို့မှ ၁၁ကီလိုမီတာခန့်အကွာအဝေးတွင် ရှိသော ရွာတစ်ရွာဖြစ်သည်။ အနည်းဆုံး နှစ်နာရီခန့် လမ်းလျှောက်သွားရသည်။ ကလောဖ၏မယား မာရိသည် သခင်ယေရှု လက်ဝါးကပ်တိုင်တွင် အသေခံတော်မူစဉ် အနီးအနားတွင် ရှိနေသည်ဟု ကျမ်းစာကဖော်ပြထားသည် (ယောဟန် ၁၉း၂၅)။ သူမသည် ဤကျမ်းပိုဒ်တွင်ပါဝင်သော ကလောဖ၏မယားဖြစ်နိုင်သည်။

**၁။ အကယ်၍ သင်သည် မိမိချစ်ရသူတစ်ဦးဦးကို ဆုံးရှုံးဖူးပါက သင်္ဂြိုဟ်ခြင်းအခမ်းအနား ပြီးဆုံးသည့်နောက် မည်သို့သောအတွေး၊ နောင်တတရားနှင့် ခံစားချက်များ ခံစားရကြောင်းကို သင် သိပါလိမ့်မည်။ ပြောပြကြည့်ပါ။**
– သခင်ယေရှုသည် လွန်ခဲ့သောနှစ်ရက်က ရက်စက်ကြမ်းတမ်းသောသေခြင်းမျိုးနှင့် သေခဲ့ရသည်။ ထိုရက်ပိုင်းတွင် ကလောဖနှင့် သူ၏မိတ်ဆွေအတွက် ဘယ်အရာသည် အခက်ခဲဆုံးဖြစ်လိမ့်မည်ဟု သင်ထင်ပါသနည်း။

**၂။ သခင်ယေရှုသည် အဘယ်ကြောင့် ဤလူနှစ်ဦးအား သူတို့၏ဝမ်းနည်းခြင်းများကို ဦးစွာ ပြောစေခဲ့သနည်း။ (၁၅–၁၇)**
– သခင်ယေရှုသည် ကျမ်းစာအကြောင်းဆွေးနွေးခြင်းကို တိုက်ရိုက်ပြုလုပ်ခဲ့ပါက မည်သို့ဖြစ်သွားမည်ဟု သင်ထင်ပါသနည်း။
– သခင်ယေရှုသည် ကျွန်ုပ်တို့၏ဝမ်းနည်းခြင်းအားလုံးကို သိထားပြီးဖြစ်သော်လည်း အဘယ်ကြောင့် ကျွန်ုပ်တို့၏နှုတ်မှ တိုက်ရိုက်ကြားတော်မူလိုသနည်း။

**၃။ အဘယ်ကြောင့် ဤလူနှစ်ဦး၏ယုံကြည်ခြင်းသည် သခင်ယေရှု သေဆုံးပြီးနောက် ပြောင်းလဲသွားရသနည်း။ (၁၉–၂၀)**
– အဘယ်ကြောင့် ဤသူနှစ်ဦးသည် အမျိုးသမီးများနှင့် အခြားသူများက သခင်ယေရှုရှင်ပြန်ထမြောက်တော်မူကြောင်း ပြောသောအခါ မယုံကြည်ကြသနည်း။ (၂၂–၂၄)

**၄။ သခင်ယေရှု၏သေခြင်းအကြောင်းကို သူကိုယ်တိုင် ရှင်းပြသည်နှင့် ကလောဖတို့ ရှင်းပြချက်မှာ မည်ကဲ့သို့ ကွာခြားသနည်း။ (၁၉–၂၁နှင့် ၂၅–၂၇)**

**၅။ အဘယ်ကြောင့် ကလောဖသည် မောရှေ၏ကျမ်းစာနှင့် ပရောဖက်တို့၏ကျမ်းစာများအားဖြင့် ခရစ်တော်သည် ဆင်းရဲဒုက္ခနှင့် အသေသတ်ခြင်းကို ခံရန်လိုအပ်ကြောင်းကို နားမလည်ခဲ့သနည်း။**

**၆။ သခင်ယေရှုသည် အဘယ်ကြောင့် ရွာကိုလွန်၍သွားရမည့်ဟန်ပြုခဲ့သနည်း။ (၂၈)**

**၇။ ထိုလူနှစ်ဦးတို့သည် သခင်ယေရှု မုန့်ကိုမဖဲ့မီအချိန်အထိ သူ့အား အဘယ်ကြောင့် မမှတ်မိကြသနည်း။**

**၈။ ထိုလူနှစ်ဦးအား ညနေမှောင်ပြီးအချိန်တွင် ၁၁ကီလိုမီတာ ကွာဝေးသော ယေရုရှလင်မြို့အထိ ပြန်လှည့်စေသောအရာမှာ အဘယ်နည်း။**

**၉။ ကျွန်ုပ်တို့ခေတ်တွင် မိမိကိုယ်ကို ခရစ်ယာန်ဟုခေါ်ကြသောလူအများကြီးသည် သခင်ယေရှု၏ခန္ဓာကိုယ် ရှင်ပြန်ထမြောက်ခြင်းကို မယုံကြည်ကြပါ။ ထိုသို့သောသူများ ယုံကြည်သောဘုရားမှာ မည်သို့သော ဘုရားနည်း။**
– အဘယ်ကြောင့် သခင်ယေရှု၏ခန္ဓာကိုယ် ရှင်ပြန်ထမြောက်ခြင်းကို မယုံကြည်သောသူများအား ခရစ်ယာန်ဟု ခေါ်၍မရသနည်း။

**ဝမ်းမြောက်ဖွယ်သတင်းကောင်း။** သခင်ယေရှုသည် ကလောဖ၏နေအိမ်တွင် ဒဏ်ရာအမာရွက် ထင်ကျန်နေသောလက်များဖြင့် မုန့်ကိုဖဲ့တော်မူခဲ့သည်။ ထိုလူနှစ်ဦးတို့သည် သခင်ယေရှု၏အမာရွက်များကို ကြည့်ခြင်းအားဖြင့် သူ့အား မှတ်မိသွားခြင်းဖြစ်နိုင်သည်။ ထိုကဲ့သို့ပင် ကျွန်ုပ်တို့သည် ကိုယ်တော်၏ပွဲတော်ကို ခံသောအခါတိုင်း ရှင်ပြန်ထမြောက်တော်မူသောခရစ်တော်နှင့် ဆုံတွေ့နိုင်သည်။

## ၃၈။ တိုင်းနိုင်ငံအားလုံးသို့ (လုကာ ၂၄:၄၄-၅၃)

**၁။ သခင်ယေရှု၏မိန့်တော်မူချက်အရ သူ၏တပည့်တော်များဟောပြောရမည့် သတင်းစကားမှာ မည်သည့်အရာဖြစ်ပြီး ထိုသတင်းစကားကို မည်သည့်နေရာတွင် ဟောပြောရမည်နည်း။**
- အဘယ်ကြောင့် သခင်ယေရှုသည် ပညာမတတ်သည့် လူဆယ့်တစ်ဦးအား ထိုကဲ့သို့သော တာဝန်ကို ပေးတော်မူရသနည်း။

**၂။ ဓမ္မဟောင်းကျမ်းကိုနားလည်စေရန် မည့်သည့်အရာက တပည့်တော်များ၏ စိတ်နှလုံးကို ဖွင့်ပေးသနည်း။**
- ဓမ္မဟောင်းကျမ်းကိုနားလည်ရန်အတွက် မည်သည့်အရာ ဖြစ်ပျက်ရမည်နည်း။

**၃။ သခင်ယေရှုသည် သူ၏တပည့်တော်များအား သက်သေခံများဟုခေါ်တော်မူသည် (၄၈)။ သူတို့သည် အဘယ်အရာကို သက်သေခံရမည်နည်း။**
- ကျွန်ုပ်တို့သည် အဘယ်အရာကို မည်သူများထံသို့ သက်သေခံရမည်နည်း။

**၄။ "သက်သေ"ဟူသောစကားလုံးကို "မာတုရ"ဟူ၍လည်း အနက်ပြန်နိုင်သည်။ မည်သည့်အရာက တပည့်တော်များအား ဧဝံဂေလိတရားကြောင်း အသက်ပင်သေရန် အဆင်သင့် ဖြစ်စေသနည်း။**

**၅။ သခင်ယေရှုသည် သူ၏နောက်လိုက်များအား အထက်အရပ်မှလာသောတန်ခိုးတော်ကို ကတိထားခဲ့သည်။ အဘယ်ကြောင့် ဤတန်ခိုးတော်သည် သခင်ယေရှုအကြောင်း သက်သေခံရာတွင် မရှိမဖြစ် လိုအပ်ရသနည်း။**
- အထက်အရပ်မှလာသော တန်ခိုးတော်ကို သင်ရရှိပြီးပြီဟု ထင်ပါသလား။ ရရှိပြီးပါက မည်ကဲ့သို့ ရရှိခဲ့သနည်း။

**၆။ အကြီးမြတ်ဆုံးသောသာသနာပြုဆရာဖြစ်သည့် ရှင်ပေါလုက အထက်အရပ်မှ လာသောထိုတန်ခိုးတော်ကို ဤကဲ့သို့ ရှင်းပြထားသည်။ (ခေါင်းဆောင်သူသည် ရောမ ၁း၁၆နှင့် ၂ကော၁၂း၉-၁၀ကို ဖတ်ပြပါ။) ထို့နောက် ဆွေးနွေးပါ။ ဘုရားသခင်၏တန်ခိုး တော်သည် ဤလောကသားများသတ်မှတ်သော "တန်ခိုးအာဏာ"နှင့် မည်ကဲ့သို့ ကွာခြားသနည်း။**

**၇။ ဤကျမ်းပိုဒ်အရ သာသနာပြုဖြစ်လာရန်အတွက် သတ်မှတ်ချက်အရည်အချင်းများမှာ အဘယ်နည်း။**

**၈။ သခင်ယေရှုသည် အဘယ်ကြောင့် ဤလောကတွင် သက်ရှိခန္ဓာဖြင့် နေတော်မမူသနည်း။**
– ကောင်းကင်ဘုံသို့တက်ကြွခြင်းသည် မည်ကဲ့သို့ ဖြစ်ပျက်ခဲ့သနည်း။
– မိမိတို့၏သခင်သည်အဝေးသို့ခေါ်ဆောင်ခြင်းခံရသော်လည်း မည်သည့်အရာက တပည့်တော်များအား ပျော်ရွှင်စေခဲ့သနည်း။

**၉။ ဆွေးနွေးပါ။ သခင်ယေရှု ကောင်းကင်ဘုံသို့တက်ကြွတော်မူပြီးနောက် တပည့်တော်များအတွက် သူတို့သခင်နှင့်ဆက်သွယ်ရန် အရင်ကဲ့သို့ လွယ်ကူပါမည်လား။**
– သခင်ယေရှုအား သင့်အနားတွင် မြင်နေရသောမိတ်ဆွေသူငယ်ချင်းကဲ့သို့ ခံစားရပါသလား။

**ဝမ်းမြောက်ဖွယ်သတင်းကောင်း။** သခင်ယေရှုသည် ယခုကောင်းကင်ဘုံတွင် မည်သည့်အရာကို ပြုလုပ်နေကြောင်း <u>ဟေဗြဲ ၇း၂၅</u> တွင် ကြည့်ပါ။

## ဗစ်ဂေလိကိုရည်ရွယ်သည့်သမ္မာကျမ်းစာလေ့လာခြင်း

ဗစ်ဂေလိကိုရည်ရွယ်သည့်သမ္မာကျမ်းစာလေ့လာခြင်းဆိုသည်မှာ အဘယ်နည်း။

အသင်းတော်များတွင် ဗစ်ဂေလိလှုပ်ရှားမှုအမျိုးမျိုးရှိသည့်အနက် သမ္မာကျမ်းစာလေ့လာခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ သမ္မာကျမ်းစာလေ့လာဆွေးနွေးခြင်းသည် ဗစ်ဂေလိသတင်းကောင်းဝေငှရန် အလွန်ကောင်းသောနည်းလမ်းတစ်ခုဖြစ်ပြီး သတင်းကောင်းဝေငှရန် လူတိုင်းအသုံးပြုနိုင်သောနည်းလမ်းလည်းဖြစ်သည်။ ဤသမ္မာကျမ်းစာလေ့လာနည်းကိုအသုံးပြု၍ မိသားစု၊ သူငယ်ချင်းများနှင့်အတူတကွ သမ္မာကျမ်းစာကိုဖွင့်ပြီး သခင်ယေရှုအကြောင်း ဝေငှပြောပြနိုင်သည်။

ခရစ်ယာန်များသည် သမ္မာကျမ်းစာလေ့လာဖို့ရန် စုဝေးကြသောအခါ သင်းအုပ်ဆရာအား ထိုကျမ်းပိုဒ်အားဖြင့် တရားဟောရန်ဖိတ်ခေါ်တတ်ကြသည်။ သို့မဟုတ် နာမည်ကြီးတရားဟောဆရာကြီးများ ရေးသားသောစာအုပ် သို့မဟုတ် အနက်ဖွင့်ကျမ်းများကို အသုံးပြုတတ်ကြသည်။ သို့သော်လည်း ဤသမ္မာကျမ်းစာလေ့လာနည်းမှာမူ အဖွဲ့လိုက်ဆွေးနွေးခြင်းအားဖြင့် လူများအား သခင်ယေရှုကိုသိစေရန် လမ်းပြကူညီပေးသည်။ “အကြင်အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမကိုထောက်၍စည်းဝေးကြ၏၊ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်ဟုမိန့်တော်မူ၏။” (မဿဲ ၁၈း၂၀) သည် ဗစ်ဂေလိသမ္မာကျမ်းစာလေ့လာခြင်းကို ကောင်းစွာရှင်းပြပေးနေသည်။

သမ္မာကျမ်းစာလေ့လာနည်းကို မည်ကဲ့သို့အသုံးပြုမည်နည်း။

လူ ၄–၈ဦးပါဝင်သောအဖွဲ့အတွင်း ကျမ်းစာကိုအတူတကွဖတ်ပြီး လေ့လာကြရန်ဖြစ်သည်။ ၄င်းအဖွဲ့တွင် ယုံကြည်သူရော မယုံကြည်သူပါ ရောနှောပါဝင်နိုင်သည်။

သမ္မာကျမ်းစာလေ့လာခြင်းကို ဦးဆောင်သူသည် မေးခွန်းများကိုဖတ်ပေးပြီး ထိုမေးခွန်းကို အဖွဲ့ဝင်များအားလုံး ဆွေးနွေးပြောဆိုကြရန်ဖြစ်သည်။ သမ္မာကျမ်းစာစာပိုဒ်ကို သေသေချာချာဖတ်ပြီး ကျမ်းစာပြောသည့်အတိုင်း နားထောင်ရမည်။ သမ္မာကျမ်းစာကိုမေးခွန်းထုတ်ပြီး၊ အဖြေကိုသမ္မာကျမ်းစာထဲမှ ရှာရန်ဖြစ်သည်။ ဤကျမ်းစာလေ့လာနည်းသည် ကျမ်းစာဗဟုသုတ ကြိုတင်ရှိထားနှင့်ရန် မလိုအပ်သည့်အတွက် သမ္မာကျမ်းစာ မဖတ်ဖူးသည့်သူများလည်း ပါဝင်ဆွေးနွေးနိုင်ပါသည်။ ဤသမ္မာကျမ်းစာလေ့လာခြင်းသည် လူတိုင်း၏ပါဝင်ဆွေးနွေးမှုနှင့် ဝေငှခြင်းအားဖြင့် ယုံကြည်ခြင်းတွင် ကြီးထွားလာစေပါသည်။

ဤသမ္မာကျမ်းစာလေ့လာခြင်း၏အကောင်းဆုံးအချက်တစ်ခုမှာ သင်ကိုယ်တိုင်ဝေငှသောအရာများကို သင်ကောင်းစွာမှတ်မိနေခြင်းဖြစ်သည်။ ကျမ်းစာစာပိုဒ်ကိုနားလည်ရန်၊ အရေးကြီးသောအချက်များကို လက်မလွှတ်မိစေရန် စကားလုံးတစ်လုံးချင်းစီကို သေသေချာချာ ဖတ်ရသည်။ သင်တစ်ယောက်တည်း ကျမ်းစာဖတ်ရှုလေ့လာသောအခါတွင်လည်း ဤလေ့လာနည်းသည် အလွန်အသုံးဝင်သည်။ ထို့ပြင် သမ္မာကျမ်းစာမှ ဇာတ်ကောင်များ၏နေရာမှဝင်၍ တွေးပေးရခြင်းကြောင့် ထိုဇာတ်ကောင်၏ခံစားချက်ကို ကောင်းမွန်စွာ နားလည်နိုင်သည်။ ထိုသို့အားဖြင့် သမ္မာကျမ်းစာမှ သင့်ဘဝအတွက် အကျိုးတစ်ခုခုကို သင်ရရှိသွားမည်ဖြစ်သည်။ သင်ယူမှုနည်းလမ်းကို တစ်မျိုးတည်း သတ်မှတ်ထားခြင်းမရှိသောကြောင့် မယုံကြည်သောသူများသည် မိမိတို့သိလိုသော မေးခွန်းများနှင့် အထင်မြင်မှားနေသောအချက်များကို လွယ်ကူစွာဝေငှမေးမြန်းနိုင်သည်။ ထို့ပြင် ယုံကြည်သူများအားလည်း ပို၍လေးနက်သော မိတ်သဟာယကိုရရှိစေပြီး တစ်ဦးကိုတစ်ဦး ဂရုစိုက်စေသည်။ အကောင်းဆုံးအချက်တစ်ခုမှာ ပါဝင်သောသူများသည် ယနေ့အသက်ရှင်တော်မူသောယေရှုခရစ်နှင့် ဆုံတွေ့ခွင့်ရပြီး၊ ယေရှုခရစ်တော်ကိုယ်တိုင်က သမ္မာကျမ်းစာကို ဖတ်ရှုသောသူ တစ်ဦးချင်းစီအား စကားပြောတော်မူသည်။

သမ္မာကျမ်းစာလေ့လာခြင်းကို မည်ကဲ့သို့ စတင်နိုင်သနည်း။

သမ္မာကျမ်းစာလေ့လာခြင်းသို့ လူများအားပါဝင်လာရန် ဖိတ်ခေါ်ခြင်းမှာ မလွယ်ကူပါ။ သို့သော်လည်း ကျမ်းစာလေ့လာရခြင်း၏အနှစ်သာရကိုခံစားရပြီး အသစ်သောအရာများကို ခံစားရရှိသွားပါက လူများသည် ဆက်လက်ပါဝင်ကြပြီး လူဦးရေများလာပါသည်။

လူနှစ်ဦး သုံးဦးနှင့်လည်း သင်အစပြုနိုင်သည်။ နေရာမှာ အိမ် သို့မဟုတ် ကော်ဖီဆိုင်လည်းဖြစ်နိုင်သည်။ နေရာနှင့် ဦးဆောင်မှုကို အလှည့်ကျပြောင်း၍ တာဝန်ယူနိုင်သည်။ ထိုသို့ပြုခြင်းအားဖြင့် အဖွဲ့ဝင်များသည် အမျိုးမျိုးသောအရာများကို တွေ့ကြုံခံစားနိုင်သည်။ သင်၏အိမ်တွင် သမ္မာကျမ်းစာလေ့လာခြင်းကို သင်ကိုဦးဆောင်ရပါက သင့်အိမ်ပေါ်တွင် ကောင်းကြီးမင်္ဂလာအမှန် သက်ရောက်ပေလိမ့်မည်။

အဖွဲ့ဝင်များသည် တစ်ဦးမျက်နှာတစ်ဦးမြင်နိုင်ရန် စက်ဝိုင်းပုံစံထိုင်၍ ဆွေးနွေးနိုင်ပါသည်။ သင်မသိသေးသောသူများပါဝင်လာပါက အချိန်ယူပြီး မိတ်ဆက်ခြင်းကို ပြုလုပ်နိုင်သည်။ လက်ဖက်ရည်နှင့်မုန့်ကိုမူ ကျမ်းစာလေ့လာခြင်းအပြီးတွင် သုံးဆောင်နိုင်သည်။

သမ္မာကျမ်းစာလေ့လာခြင်းကို ဦးဆောင်သောသူအတွက်

ဤသမ္မာကျမ်းစာလေ့လာခြင်းတွင် အကျိုးခံစားရဆုံးသူမှာ ဦးဆောင်သူပင်ဖြစ်သည်။ ခေါင်းဆောင်သည် အဖွဲ့ဝင်များနှင့်အတူတကွ လေ့လာသင်ယူလိုသောစိတ်ထားရှိရန်လိုအပ်သည်။ အကယ်၍ ထိုနေ့တွင်လေ့လာမည့် သမ္မာကျမ်းစာသည် ဦးဆောင်သူ၏အသက်တာတွင် သက်ဝင်လှုပ်ရှားနေပါက ထိုစိတ်အားထက်သန်မှုသည် အခြားအဖွဲ့ဝင်များထံသို့ ကူးစက်သွားမည်ဖြစ်သည်။ ယုံကြည်သောသူတိုင်းသည် ဦးဆောင်သူဖြစ်ရန် အရည်အချင်းပြည့်မီပါသည်။ သီအိုလိုဂျီနောက်ခံမရှိလည်းရပါသည်။

အကယ်၍ ဤသမ္မာကျမ်းစာလေ့လာခြင်းနှင့်ပတ်သတ်ပြီး သင် ပိုမိုသိလိုပါက Glad Tidings Bible Studies Myanmar (Ph- 09979630572, email- gladtidingsbs.myanmar@gmail.com ) သို့ ဆက်သွယ်နိုင်ပါသည်။

သမ္မာကျမ်းစာလေ့လာခြင်းအဖွဲ့ကို မည်ကဲ့သို့စတင်မည်နည်း

၁။ ကြိုတင်ပြင်ဆင်ခြင်း

- ရှေးဦးစွာ သမ္မာကျမ်းစာလေ့လာခြင်းသို့ သင်ဖိတ်လိုသည့်သူများအတွက် ဆုတောင်းပါ။
- အကယ်၍ဖြစ်နိုင်ပါက သမ္မာကျမ်းစာကိုပိုမိုနားလည်နိုင်ရန်အတွက် တစ်စုံတစ်ဦးနှင့်အတူ ကြိုတင်လေ့လာမှု တိုတောင်းစွာပြုလုပ်ပါ။
- သမ္မာကျမ်းစာလေ့လာရန်ကြာချိန်ကို တစ်နာရီမှ တစ်နာရီခွဲအထိ ကြိုတင်သတ်မှတ်ထားပါ။ အကယ်၍ အလွန်ကြာသွားပါက အဖွဲ့ဝင်များသည် ငြီးငွေ့သွားပြီး နောက်တစ်ကြိမ် ထပ်မပါဝင်ချင်ကြတော့ပါ။ ထို့ကြောင့် အချိန်ကိုတိကျအောင် စောင့်ထိန်းပါ။ သို့သော်လည်း သမ္မာကျမ်းစာလေ့လာခြင်းကို အဆုံးအထိပြီးအောင် ပြုလုပ်ပါ။ အရေးကြီးဆုံးသောမေးခွန်းများသည် အဆုံးသတ်ပိုင်းတွင်ရှိတတ်သည်။ အကယ်၍ အချိန်ကြာမြင့်လွန်းမည်ဟု သင်ထင်ပါက သင်အသုံးပြုမည့်မေးခွန်းများကို ကြိုတင်ရွေးချယ်ထားပါ။

၂။ ပြုလုပ်ပုံအဆင့်ဆင့်

၁) ကြိုဆိုခြင်းနှင့် သူငယ်ချင်းအသစ်များရှိပါက မိတ်ဆက်ပေးခြင်း။

၂) တိုးတောင်းစွာဆုတောင်းခြင်းနှင့် ကျမ်းပိုဒ်အတူတကွ ဖတ်ကြားခြင်း။

၃) မေးခွန်းများကိုဖတ်ပြီး အတူတကွ ဆွေးနွေးခြင်း။

ဦးဆောင်သူသည် အဖွဲ့ဝင်များအားလုံးကို နားထောင်ပေးတတ်သော စိတ်နေသဘောထားရှိရန်လိုအပ်သည်။ တစ်ယောက်ယောက်က ဝေမျှနေစဉ် ထိုသူကိုကြည့်ပြီး သေချာနားထောင်ရန် လိုအပ်သည်။ သမ္မာကျမ်းစာလေ့လာခြင်း၏အခြေအနေအရိပ်အကဲသည် ဦးဆောင်သူအပေါ်၌သာ မူတည်သည်။ အကယ်၍ ဦးဆောင်သူသည် မိမိ၏အပြစ်နှင့်အားနည်းချက်များကို ဝန်ခံဖွင့်ဟပါက အခြားသူများလည်း စိုးရိမ်ပူပန်မှုမရှိဘဲ မိမိတို့၏အခက်အခဲများကို လွယ်ကူစွာဝေမျှနိုင်ကြမည်ဖြစ်သည်။ သင်သည် ဦးဆောင်သူဖြစ်ပါက သင်၏ထင်မြင်ချက်ကို ဝေမျှခြင်းအားရှောင်ပါ။ လူများသည် အဖြေ(အဖြေမှန်)ကိုမသိသေးသောအခါ သူတို့၏ထင်မြင်ချက်ကို မရှက်မကြောက်ဘဲပြောတတ်ကြသည်။ သို့သော်လည်း အဆုံးသတ်တွင် သင်၏ရှာဖွေတွေ့ရှိချက်များကိုဝေမျှနိုင်သည်။

အခြားသူများအား များများနားထောင်ပေးခြင်းသည် အမြဲပင် အကျိုးရှိသည်။ ထို့ကြောင့် အခြားသူများအား သူတို့၏တွေ့ရှိချက်များကိုဝေမျှရန် အားပေးပါ။

၄) နောက်ဆုံးမေးခွန်းမေးပြီးပါက အဖွဲ့သားများအား "ယနေ့ကျမ်းပိုဒ်မှ မည်သည့်အရာကို သင်ယူမိသလဲ"ဟု မေးပြီး လူတိုင်းအားဝေမျှရန် အခွင့်ပေးပါ။ ထိုအချိန်တွင် ကျမ်းစာလေ့လာချိန်တစ်လျှောက်လုံး တိတ်ဆိတ်နေသောသူများလည်း ဝေမျှရန်အခွင့်ရလိမ့်မည်။ ထိုအချိန်တွင် သမ္မာကျမ်းစာလေ့လာခြင်းသည် ထိရောက်မှုရှိမရှိ သင်သိနိုင်လိမ့်မည်။ အကယ်၍ တစ်စုံတစ်ယောက်က သခင်ယေရှု၏ချစ်ခြင်းမေတ္တာအားဖြင့် အသက်တာတို့ထိကြောင်း ဝေမျှပါက ထိုကျမ်းစာလေ့လာခြင်းသည် အလွန်ထိရောက်မှုရှိသည်ဟု သင်ဆိုနိုင်သည်။ အကယ်၍ အဖွဲ့ဝင်များက နားလည်ရန်အလွန်ကြိုးစားနေရသည်ဟုပြောလာပါက ထိရောက်မှုသိပ်မရှိကြောင်း သင်သိနိုင်သည်။

၅) အဆုံးသတ်တွင် အားလုံးအတွက်ဆုတောင်းပေးပါ။ အထူးသဖြင့် အခက်အခဲဒုက္ခကြုံတွေ့နေရသောသူများအတွက် ဆုတောင်းပေးပါ။

★ အကယ်၍ ခေါင်းဆောင်သည် အဖွဲ့ဝင်များ၏မေးခွန်းအဖြေကိုမသိပါက–

– အခြားအဖွဲ့ဝင်များအား ထိုမေးခွန်းကို မေးမြန်းပါ။

– ထိုအကြောင်းအရာကိုပြန်လည်လေ့လာပြီး နောက်တစ်ခေါက် ပြန်လည်ဆုံတွေ့သောအခါ ပြောပြမည်ဟု ကတိပြုပါ။

– အဖြေကိုမသိကြောင်း ရိုးသားစွာပြန်ပြောပြီး နောက်မေးခွန်းတစ်ခုကို ဆက်သွားပါ။

★ ပါဝင်သူများမှ လုံးဝမှားယွင်းနေသောအဖြေကိုဖြေလာသောအခါ–

– သင်၏အဖြေမှားနေသည်ဟု မပြောပါနှင့်။

– အခြားသောသူများ၏ထင်မြင်ချက်ကို မေးကြည့်ပါ။

– “၎င်းအဖြေကို ကျမ်းစာထဲမှ မည်သည့်ကျမ်းပိုဒ်တွင်တွေ့ရသနည်း”ဟု သူ့အား မေးပါက သူသည် အဖြေမှန်ကိုရှာတွေ့နိုင်လိမ့်မည်။

★ ပါဝင်သူများသည် ကျမ်းပိုဒ်နှင့်မဆိုင်သောအရာများဘက်သို့ ဦးလှည့်သွားပါက–

– ကျမ်းစာလေ့လာခြင်းကိုမစတင်မီ ကျမ်းပိုဒ်နှင့်မဆိုင်သောအရာများကိုမပြောရန် ကြိုတင်သတိပေးထားပါ။ ထိုသို့ပြုလုပ်မိပါက ကျမ်းပိုဒ်သို့ပြန်လာရန် အဖွဲ့ဝင်များအား အချက်ပေးပါ။

★ အကယ်၍ တစ်စုံတစ်ယောက်သည် မိမိတစ်ယောက်တည်းအချိန်အကြာကြီးပြောနေပြီး အခြားသူများအား တရားဟောသကဲ့သို့ပြောလာပါက–

– ကျမ်းစာလေ့လာခြင်းကိုမစတင်မီ ဤကျမ်းစာလေ့လာခြင်းတွင် လူတိုင်းအား ဝေမျှပြောစေလိုကြောင်း ကြိုတင်ပြောပြထားပါ။

★ အကယ်၍ တစ်စုံတစ်ယောက်သည် မေးခွန်းတိုင်းအား အရင်ဦးစွာဖြေကြားနေပါက– (ဤအခြေအနေမျိုးမှာ မကြာခဏဖြစ်တတ်သည် သို့သော်လည်း လူတစ်ယောက်တည်းက အမြဲတမ်းဖြေနေပါက အခြားသူများသည် မစဉ်းစားမတွေးခေါ်ချင်ကြတော့ပါ။ ထို့ကြောင့် ၎င်းအခြေအနေကို ရှောင်ရှားရန်လိုအပ်သည်)

– ထိုသူအား ‘မဖြေမီ စိတ်ထဲမှာဦးစွာစဉ်းစားပါ’ဟု ပြောပါ။

– အခြားသူများ စတင်ဝေမျှလာမည့်အချိန်ကို စောင့်ပါ။

– ထိုသူအား မကြည့်ပါနှင့်။

★ အကယ်၍ အားလုံးတိတ်ဆိတ်နေပါက– (အချိန်အကြာကြီး တိတ်ဆိတ်နေကြမည်ကို ကျွန်ုပ်တို့ထိတ်လန့်တတ်ကြသည်။ သို့သော်လည်း စိတ်မပူပါနှင့်။ ပါဝင်သူများသည် စိတ်ထဲမှစဉ်းစားတွေးတောနေကြခြင်းဖြစ်နိုင်သည်)

– မေးခွန်းကို နောက်ထပ်တစ်ကြိမ်ပြန်မေးပေးပါ။

– မေးခွန်းကို အခြားစကားလုံးများဖြင့် ပြောင်း၍မေးကြည့်ပါ။

– အဖြေမဖြေကြပါက အဖြေမပြောဘဲ အခြားမေးခွန်းကိုကျော်သွားပါ။

ဇဝံဂေလိကိုရည်ရွယ်သည့် သမ္မာကျမ်းစာလေ့လာခြင်းတွင် အရေးကြီးသော အချက်မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အရှိတိုင်း ယုံကြည်အားကိုးရန်ဖြစ်သည်။ ရှင်ယောဟန်က "နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏" ဟူ၍ သမ္မာကျမ်းစာသည် သခင်ယေရှုနှင့်တန်းတူဖြစ်ကြောင်းကို ပြောပြထားသည်။ ကျွန်ုပ်တို့သည် မိတ်ဆွေသူငယ်ချင်းများကို သမ္မာကျမ်းစာနှင့်မိတ်ဆက်ပေးပါက ထိုသူတို့အား သခင်ယေရှုနှင့် ပေးတွေ့သကဲ့သို့ပင်ဖြစ်သည်။ လူတစ်ဦးတစ်ယောက် စိတ်နှလုံးသားတို့ထိပြီး ယုံကြည်လာသည်မှာ သမ္မာကျမ်းစာ၏တန်ခိုးကြောင့်ဖြစ်သည်။ ဦးဆောင်သူ၏စွမ်းဆောင်မှု ကြောင့်မဟုတ်ပါ။ ထိုအချက်မှာ သမ္မာကျမ်းစာလေ့လာခြင်း၏ အံ့သြဖွယ်ကောင်းသော အချက်ပင်ဖြစ်သည်။

"မိုးရေနှင့်မိုးပွင့်တို့သည် မိုးကောင်းကင်မှဆင်းသက်၍ နောက်တဖန်မပြန်၊
    မြေသည်မျိုးစေ့ကြဲသောသူအား မျိုးစေ့ကိုလည်းကောင်း၊
အစာစားသောသူအား အစာကိုလည်းကောင်းပေးမည်အကြောင်း၊
    မြေကိုစိုစေသဖြင့်၊ အပင်ပေါက်စေ၍ အသီးကိုသီးစေသကဲ့သို့
ထိုအတူ ငါ၏နှုတ်ကပတ်စကားသည်ဖြစ်လိမ့်မည်။
    အကျိုးမရှိဘဲ ငါ့ထံသို့မပြန်ရ။ ငါ့အလိုကို ပြည့်စုံစေမည်။
ငါစေခိုင်းသောအမှု၌ အောင်လိမ့်မည်။"

ဟေရှာယ ၅၅း၁၀၊၁၁